# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**နိဗ္ဗာန်ကမ်းတစ်ဖက်သို့**

ကောင်းစွာဟောအပ်သော တရားတို့ကို တရားအားလျော်စွာ ကျင့်ကြံကုန်သော သူတို့သည် ကူးမြောက်နိုင်ခဲသော သေမင်းနေရာသံသရာကို (ကူးမြောက်၍) နိဗ္ဗာန်တည်းဟူသော ကမ်းတစ်ဖက်သို့ ရောက်ကုန်လတ္တံ့။ **ပဏ္ဍိတဝဂ်(ဓမ္မပဒ-၈၆)**


၁၃၈၆ ခုနှစ်၊ နယုန်လဆန်း ၅ ရက် | ၂၀၂၄ ခုနှစ်၊ ဇွန် ၁၁ ရက်၊ အင်္ဂါနေ့ | အတွဲ (၆၃)၊ အမှတ်(၂၅၀)


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပ၍ ထွက်ပေါ်လာသည့် အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် အဖွဲ့ဝင်များ တပ်မတော်ချည်မျှင်နှင့်အထည်စက်ရုံ(သမိုင်း)အတွင်း ချည်မျှင်နှင့်အထည်များ အဆင့်ဆင့်ထုတ်လုပ်နေမှုအခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးစဉ်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တပ်မတော်ချည်မျှင်နှင့် အထည်စက်ရုံ(သမိုင်း)သို့ သွားရောက်ကြည့်ရှုစစ်ဆေး

## မိမိတို့နိုင်ငံအနေဖြင့် ပြည်ပမှ ချည်မျှင်နှင့် အထည်အလိပ်များကို တင်သွင်းရလျက်ရှိပြီး ပြည်ပသွင်းကုန်များ လျှော့ချနိုင်ရန်အတွက် ပြည်တွင်းရှိ ချည်မျှင်နှင့်အထည်စက်ရုံများမှ လုံလောက်စွာ ထုတ်လုပ်နိုင်ရန်လို

နေပြည်တော် ဇွန် ၁၀

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ခရီးစဉ်တွင် လိုက်ပါလာသည့် အဖွဲ့ဝင်များ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူးနှင့်အဖွဲ့ဝင်များ လိုက်ပါ၍ ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး လှိုင်မြို့နယ် အမှတ်(၁၂) ရပ်ကွက်ရှိ တပ်မတော်ချည်မျှင်နှင့်အထည်စက်ရုံ(သမိုင်း)သို့ သွားရောက်ကြည့်ရှုစစ်ဆေးသည်။ *စာမျက်နှာ ၃ ကော်လံ ၁* ❖


ယနေ့ *ဖတ် စ ရာ*

**ဝိဇ္ဇာတို့၏ တန်ဖိုး** — ဆောင်းပါး | စာ ၁၀

**မြန်မာ-ထိုင်း ချစ်ကြည်ရေးတံတားအမှတ်(၂)ဖွင့်လှစ်ပြီးနောက် မြဝတီမြို့သို့ ထိုင်းဘက်မှ ကုန်ပစ္စည်းများ တင်သွင်းနေ** — ပြည်တွင်းသတင်း | စာ ၁၂

**ပဲခူးတိုင်းဒေသကြီးအတွင်း လုံခြုံရေးတာဝန်များ ထမ်းဆောင်လျက်ရှိသော လုံခြုံရေးတပ်ဖွဲ့ဝင်များအား ဂုဏ်ပြုချီးမြှင့်** — ပြည်တွင်းသတင်း | စာ ၁၄






နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်အား တပ်မတော်ချည်မျှင်နှင့်အထည်စက်ရုံ(သမိုင်း) စက်ရုံအစည်းအဝေးခန်းမ၌ စစ်ထောက်ချုပ် ဒုတိယဗိုလ်ချုပ်ကြီး ကျော်စွာလင်းက ရှင်းလင်းတင်ပြစဉ်။

❖ *ရွှေဖုံးမှ*

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်အား တပ်မတော်ချည်မျှင်နှင့် အထည်စက်ရုံ(သမိုင်း) စက်ရုံအစည်းအဝေးခန်းမ၌ စစ်ထောက်ချုပ် ဒုတိယဗိုလ်ချုပ်ကြီး ကျော်စွာလင်းက တပ်မတော်ဝါစိုက်ပျိုးရေးတပ်များက ဝါစိုက်ပျိုးရေးလုပ်ငန်း အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် အခြေအနေများ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် တပ်မတော်ဝါစိုက်ပျိုးရေးတပ်များသို့ ရောက်ရှိစစ်ဆေးစဉ် လမ်းညွှန်မှာကြားချက်များအား လိုက်နာဆောင်ရွက်ပြီးစီးမှု အခြေအနေများ၊ စိုက်ပျိုးရာသီအလိုက် လုပ်ငန်းများအဆင့်ဆင့် ဆောင်ရွက်ခဲ့မှုနှင့် ဆက်လက်စိုက်ပျိုးသွားရန် လျာထားဆောင်ရွက်လျက်ရှိသည့် အခြေအနေများကိုလည်းကောင်း၊ စက်ရုံမှူး ဦးခိုင်ရွှေက တပ်မတော်ချည်မျှင်နှင့်အထည်စက်ရုံ(သမိုင်း)အနေဖြင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ လမ်းညွှန်မှာကြားချက်များအပေါ် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့်အခြေအနေများ၊ စက်ရုံသမိုင်းအကျဉ်းနှင့် လုပ်ငန်းလည်ပတ်ဆောင်ရွက်နေမှုအခြေအနေများ၊ ဝန်ထမ်းများ ခန့်အပ်ထားရှိမှုနှင့် ဝန်ထမ်းများ၏ သက်သာချောင်ချိရေးအတွက် ဆောင်ရွက်ပေးလျက်ရှိသည့် အခြေအနေများနှင့်ပတ်သက်၍ လည်းကောင်း ရှင်းလင်းတင်ပြကြသည်။

**စံနမူနာပြဖြစ်အောင်ဆောင်ရွက်**

ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ဝါစိုက်ပျိုးရေးလုပ်ငန်းများ အောင်မြင်ဖြစ်ထွန်းပြီး အထွက်နှုန်းကောင်းမွန်စေရေးအတွက် မြေအရည်အသွေး စစ်ဆေးခြင်း သုတေသနလုပ်ငန်းများကို ဦးစွာဆောင်ရွက်ပြီး မြေဆီလွှာအမျိုးအစားအလိုက် စနစ်တကျပြုပြင်ဆောင်ရွက်သွားရန် လိုကြောင်း၊ လိုအပ်သည့် သွင်းအားစုများအပြည့်အဝ ထည့်သွင်းရန်နှင့် စိုက်ပျိုးရေရရှိအောင် ဆောင်ရွက်ပေးရန်လည်းလိုကြောင်း၊ စိုက်ပျိုးသည့် မြေအမျိုးအစားအလိုက်



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ခင်းကျင်းပြသထားသည့် စက်ရုံထုတ်ပစ္စည်းများကို ကြည့်ရှုစဉ်။

ထွက်ရှိသင့်သည့် အထွက်နှုန်းများကို လေ့လာဆန်းစစ်ရန်နှင့် အထွက်နှုန်း ပြည့်မီစေရေး ဆောင်ရွက်သွားရန်လိုကြောင်း၊ ဝါစိုက်ပျိုးမှုနှင့်ပတ်သက်၍ တပ်မတော်အနေဖြင့် စံနမူနာပြဖြစ်အောင် ဆောင်ရွက်ကြရန်လိုပြီး A Grade အမျိုးအစား ဝါများ ထွက်ရှိအောင် ကြိုးစားဆောင်ရွက်ကြရန် လိုကြောင်း၊ ဝါအမျိုးအစားအများအပြား စိုက်ပျိုးခြင်းထက် တစ်မျိုးတည်းကိုသာ စိုက်ပျိုး၍ အရည်အသွေးကောင်းမွန်သည့် ဝါများ ထွက်ရှိလာအောင်ဆောင်ရွက်ရန် လိုကြောင်း၊ ပိတ်စအထည်အလိပ်များ ကောင်းမွန်ရန်အတွက် အခြေခံဖြစ်သည့် ဝါသည် ကောင်းမွန်ရမည်ဖြစ်သဖြင့် ဝါစိုက်ပျိုးမှုမှ အရည်အသွေးမြင့် ဝါများ ထွက်ရှိလာရန်လည်း လိုအပ်ကြောင်း၊ တပ်မတော်ချည်မျှင်နှင့် အထည်စက်ရုံ (သမိုင်း) အနေဖြင့် တပ်မတော်မှ လိုအပ်သည့် အဝတ်အထည်နှင့် ချည်အသုံးအဆောင်ပစ္စည်းများကို ထုတ်လုပ်ခြင်းဖြစ်ကြောင်း၊ မိမိတို့ နိုင်ငံအနေဖြင့် ပြည်ပမှ ချည်မျှင်နှင့်အထည်အလိပ်များကို တင်သွင်းရလျက်ရှိပြီး ပြည်ပသွင်းကုန်များ လျှော့ချနိုင်ရန်အတွက် ပြည်တွင်းရှိ ချည်မျှင်နှင့် အထည်စက်ရုံများမှ လုံလောက်စွာ ထုတ်လုပ်နိုင်ရန် လိုကြောင်း၊ နေ့စဉ်ဝတ်စားဆင်ယင်မှုတွင် အသုံးများသည့် တီရှပ်၊ စွပ်ကျယ် ကဲ့သို့သော အခြေခံအဝတ်အထည် ပစ္စည်းများနှင့် အသုံးအဆောင်ပစ္စည်းများအား ပြည်တွင်း၌လုံလောက်စွာ ထုတ်လုပ်၍ ဈေးနှုန်းသက်သာစွာဖြင့် ရောင်းချပေးနိုင်ရေး ဆောင်ရွက်ပေးရန်လိုကြောင်း။

အဝတ်အထည် များအား အရောင်အသွေး စုံလင်စွာဖြင့် ဈေးကွက်အတွင်း လူကြိုက်များသည့် ပုံစံအမျိုးအစားအလိုက် ထုတ်လုပ်ရောင်းချသွားရန် လိုကြောင်း၊ အခြားဈေးကွက် လိုအပ်ချက်ရှိသည့် ဟိုတယ်သုံးပစ္စည်းများနှင့် ပုဂ္ဂလိကသုံးပစ္စည်းများကိုလည်း အရည်အသွေးပြည့်မီစွာ ထုတ်လုပ်၍ ဈေးကွက်ရရှိရေး

*စာမျက်နှာ ၄ သို့*



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ခင်းကျင်းပြသထားသည့် စက်ရုံထုတ်ပစ္စည်းများကို ကြည့်ရှုစဉ်။

❑ **ဝါစိုက်ပျိုးမှုနှင့်ပတ်သက်၍ တပ်မတော်အနေဖြင့် စံနမူနာပြဖြစ်အောင် ဆောင်ရွက်ကြရန်လိုပြီး A Grade အမျိုးအစား ဝါများ ထွက်ရှိအောင် ကြိုးစားဆောင်ရွက်ကြရန်လို၊ ဝါအမျိုးအစား အများအပြား စိုက်ပျိုးခြင်းထက် တစ်မျိုးတည်းကိုသာ စိုက်ပျိုး၍ အရည်အသွေးကောင်းမွန်သည့် ဝါများထွက်ရှိလာအောင် ဆောင်ရွက်ရန်လို၊ ပိတ်စအထည်အလိပ်များ ကောင်းမွန်ရန်အတွက် အခြေခံဖြစ်သည့် ဝါသည် ကောင်းမွန်ရမည်ဖြစ်သဖြင့် ဝါစိုက်ပျိုးမှုမှ အရည်အသွေးမြင့်ဝါများ ထွက်ရှိလာရန်လည်းလို**

*စာမျက်နှာ ၃ မှ*

စဉ်းစားဆောင်ရွက်ကြရန် လိုအပ်သကဲ့သို့ လုပ်ငန်းအောင်မြင်တိုးတက်စေရေးအတွက် သုတေသနပြုလုပ်ငန်းများအား ဆောင်ရွက်ရန် လိုအပ်မည်ဖြစ်ကြောင်း၊ ချည်မျှင်နှင့် အထည်စက်ရုံများသည် နိုင်ငံအတွက်လွန်စွာအကျိုးရှိသည့် စက်ရုံများဖြစ်သဖြင့် နိုင်ငံ့လိုအပ်ချက်များအား ပြည့်မီစွာထုတ်လုပ်၍ ပြည်သူများ စျေးနှုန်းသက်သာစွာဖြင့် အဝတ်အထည်များအား အသုံးပြုနိုင်ရေး စနစ်တကျ စဉ်းစားသုံးသပ်ဆောင်ရွက်ကြရန်လိုကြောင်း မှာကြားပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးကာ ခင်းကျင်းပြသထားသည့် စက်ရုံထုတ်အထည်အလိပ် ပစ္စည်းများကို ကြည့်ရှုသည်။

**ချီးမြှင့်ငွေများပေးအပ်**

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်နှင့်အဖွဲ့ဝင်များသည် စက်ရုံအတွင်း ချည်မျှင်နှင့်အထည်များ အဆင့်ဆင့်ထုတ်လုပ်နေမှု အခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး စက်ရုံမှူးနှင့် တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ညှိနှိုင်းဖြည့်ဆည်း ဆောင်ရွက်ပေးကာ စက်ရုံဝန်ထမ်းများအတွက် ချီးမြှင့်ငွေများ ပေးအပ်သည်။

**ဖြည့်ဆည်းဆောင်ရွက်ပေး**

အဆိုပါ တပ်မတော်ချည်မျှင်နှင့် အထည်စက်ရုံ(သမိုင်း)မှ ချည်မျှင်ညို၊ တက်ထရက် ပိတ်ညို၊ စွပ်ကျယ်ပိတ်ညို၊ ပဝါပိတ်ညို၊ သက်န်းများ၊ တက်ထရက် ပိတ်ရောင်စုံ၊ စွပ်ကျယ်ပိတ်ရောင်စုံ၊ ပဝါရောင်စုံ၊ တီရှပ်မျိုးစုံ၊ စပို့ရှပ်မျိုးစုံ၊ နိုင်လွန် တာဖက်တာများ၊ ဆေးဂွမ်းလိပ်များ၊ အိပ်ရာခင်းရောင်စုံတို့အပြင် အဝတ်အထည်နှင့် အသုံးအဆောင်ပစ္စည်းအမျိုးမျိုးတို့ကို အရည်အသွေးပြည့်မီစွာထုတ်လုပ်၍ တပ်မတော်၏ လိုအပ်ချက်နှင့် ပြည်တွင်းဈေးကွက် လိုအပ်ချက်အား ဈေးနှုန်းသက်သာစွာဖြင့် တစ်ဖက်တစ်လမ်းမှ ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တပ်မတော်ချည်မျှင်နှင့် အထည်စက်ရုံ(သမိုင်း) ဝန်ထမ်းများအတွက် ချီးမြှင့်ငွေများ ပေးအပ်စဉ်။



# ကရင်ပြည်နယ်အစိုးရအဖွဲ့မှ ရဲတပ်ဖွဲ့ဝင်များအား ဝတ်စုံများထောက်ပံ့

**ဘားအံ ဇွန် ၁၀**

ကရင်ပြည်နယ် အစိုးရအဖွဲ့မှ လုံခြုံရေးတာဝန်များ ထမ်းဆောင်လျက်ရှိသော ရဲတပ်ဖွဲ့ဝင်များအား ဝတ်စုံများ ထောက်ပံ့ပေးအပ်သည့် အခမ်းအနားကို ဇွန် ၁၀ ရက်နံနက် ၁၀ နာရီက ပြည်နယ်အစိုးရအဖွဲ့ရုံး၌ ကျင်းပသည်။

ဦးစွာ ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦးက မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များသည် လုံခြုံရေး၊ တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး လုပ်ငန်းတာဝန်များကို ထမ်းဆောင်နေကြသည့် တပ်ဖွဲ့ဝင်များဖြစ်ပြီး လူအများနှင့် အမြဲထိတွေ့ ဆက်ဆံနေကြရသည့်အတွက် အများပြည်သူ၏ ယုံကြည်လေးစားမှုရှိရန် လိုကြောင်း ပြောကြားသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်က အမှတ်(၂၂)လုံခြုံရေးတပ်ဖွဲ့ခွဲမှ တပ်ဖွဲ့ဝင်များကိုယ်စား တပ်ဖွဲ့ခွဲမှူးထံသို့ လည်းကောင်း၊ ဘားအံခရိုင် ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များကိုယ်စား ဘားအံခရိုင်ရဲတပ်ဖွဲ့မှူးထံသို့လည်းကောင်း၊ ပြည်နယ်ရဲအကူတပ်ဖွဲ့ခွဲမှ တပ်ဖွဲ့ဝင်များကိုယ်စား ရဲအကူတပ်ဖွဲ့ခွဲမှူးထံသို့ လည်းကောင်း စုစုပေါင်းငွေကျပ် ၅၅၃၀၀၀၀ တန်ဖိုးရှိ ဝတ်စုံ ၁၅၈ စုံကို ထောက်ပံ့ပေးအပ်သည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ဘားအံမြို့နယ် စက်မှုဇုန်အနီးရှိ ဇွဲကပင်ဘိုးဘွားရိပ်သာသို့ သွားရောက်ပြီး သက်ကြီးအဘိုးအဘွားများအားအားပေးစကားပြောကြား၍ အာဟာရဖြည့် အစားအစာများ ထောက်ပံ့ပေးအပ်ခဲ့သည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် သီရိဟေမာသီလရှင်စာသင်တိုက်တွင် ပြည်နယ်လမ်းဦးစီးဌာန၊ ပြည်နယ်စည်ပင်သာယာရေးအဖွဲ့၊ ကျေးလက်လမ်းဖွံ့ဖြိုးရေး ဦးစီးဌာန၊ နယ်စပ်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနနှင့် အကောက်ခွန်ဦးစီးဌာနတို့ ပူးပေါင်း၍ သီလရှင်စာသင်ဆောင်နှင့် အိပ်ဆောင်ခေါင်မိုး၊ မျက်နှာကြက် ပြုပြင်ပြီးစီးမှု အခြေအနေများအား လိုက်လံကြည့်ရှု စစ်ဆေးခဲ့ကြောင်း သိရသည်။

**စောမျိုးမင်းသိန်း(ပြန်/ဆက်)**

# အုတ်တွင်းမြို့နယ်၌ မိုးရာသီအကြိုသစ်ပင်စိုက်ပျိုး

**အုတ်တွင်း ဇွန် ၁၀**

အုတ်တွင်းမြို့နယ်၌ မိုးရာသီအကြို သစ်ပင်စိုက်ပျိုးပွဲကို ယနေ့နံနက်က ညောင်ပင်ကြီးကျေးရွာရှိ ဇောတိရတနာကျောင်းတိုက်ဝင်း၌ ကျင်းပသည်။

အဆိုပါ သစ်ပင်စိုက်ပျိုးပွဲသို့မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးသီဟထွန်းနှင့်အဖွဲ့ဝင်များ၊ မြို့နယ်အဆင့်ဌာနဆိုင်ရာဝန်ထမ်းများ၊ မြို့နယ်သစ်တောဦးစီးဌာနမှ ဦးစီးအရာရှိ ဦးသိန်းသန်းထိုက်နှင့်ဝန်ထမ်းများ၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့၊ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအဖွဲ့၊ ကျောင်းသား ကျောင်းသူများနှင့်ဒေသခံများက စုစုပေါင်း ပျိုးပင် ၅၂၅ ပင်ကို စိုက်ပျိုးခဲ့သည်။ **ခင်ခင်မာ(ပြန်/ဆက်)**

# ပဲခူးမြို့၌ မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း၏ (၃၃)ကြိမ်မြောက် နှစ်ပတ်လည်နေ့ လမ်းညွှန်ချက်များအား ထပ်ဆင့်ရှင်းလင်း

**ပဲခူး ဇွန် ၁၀**

ပဲခူးတိုင်းဒေသကြီး မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့မှ ဦးဆောင်၍ ပဲခူးမြို့ မြို့တော်ခန်းမ၌ ဇွန် ၁၀ ရက် နံနက်ပိုင်းက မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၏ (၃၃) ကြိမ်မြောက် နှစ်ပတ်လည်နေ့ လမ်းညွှန်ချက်များအား ထပ်ဆင့်ရှင်းလင်းပွဲ အခမ်းအနားကျင်းပသည်။

ရှေးဦးစွာ တိုင်းဒေသကြီး မိခင်နှင့်ကလေးစောင့်ရှောက်ရေးအဖွဲ့နာယက ဒေါ်စိုးစိုးသက်က အမှာစကားပြောကြားပြီး ဥက္ကဋ္ဌဒေါ်နန်းမြင့်သီတာက မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၏ (၃၃) ကြိမ်မြောက် နှစ်ပတ်လည်နေ့ လမ်းညွှန်မှာကြားချက်များအား ရှင်းလင်းပြောကြားသည်။

ထို့နောက် ပဲခူးတိုင်းဒေသကြီး မိခင်နှင့်ကလေးစောင့်ရှောက်ရေးအဖွဲ့နာယက ဒေါ်စိုးစိုးသက်က မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၏ (၃၃) ကြိမ်မြောက် နှစ်ပတ်လည်အစည်းအဝေးတွင် သုတေသနစာတမ်း ထူးချွန်ပထမရရှိအောင် စွမ်းဆောင်နိုင်ခဲ့သည့် တိုင်းဒေသကြီးမိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ အကြံပေးပုဂ္ဂိုလ် တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးနှင့်ကုသရေး ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာသီဟနှင့် ပညာရေးကဏ္ဍထူးချွန်ပထမဆု ရရှိအောင် စွမ်းဆောင်နိုင်ခဲ့သည့် တိုင်းဒေသကြီး မိခင်နှင့် ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါ်နန်းမြင့်သီတာတို့အား မှတ်တမ်းတင်ဂုဏ်ပြုလွှာပေးအပ်ပြီး သားဖွားခန်းရှိသော မြို့နယ်များအား ကျန်းမာရေးသုံးပစ္စည်းများ ထောက်ပံ့ပေးအပ်သည်။

ယင်းနောက် ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာ သီဟက သုတေသနစာတမ်း ထူးချွန်ပထမဆုငွေကျပ်သိန်း ၂၀ အား တိုင်းဒေသကြီး မိခင်နှင့် ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့သို့ ပေးအပ်လှူဒါန်းသည်။**(အောက်ပုံ)**

ထို့နောက် အခမ်းအနားတက်ရောက်လာကြသူများက ပဲခူးတိုင်းဒေသကြီး မိခင်နှင့်ကလေး စောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့၏ ၂၀၂၃ ခုနှစ် လှုပ်ရှားဆောင်ရွက်မှု ဗီဒီယိုကလစ်ကိုကြည့်ရှုသည်။

ဆက်လက်၍ ပဲခူး၊ ညောင်လေးပင်၊ တောင်ငူ၊ သာယာဝတီ၊ နတ်တလင်း၊ ပြည်ခရိုင်မိခင်နှင့် ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌများက ၂၀၂၃ ခုနှစ် ရှေ့လုပ်ငန်းစဉ်(၁၆)ရပ်နှင့် ပတ်သက်၍လည်းကောင်း၊ တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်အသီးသီးမှ မြို့နယ်မိခင်နှင့်ကလေး စောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌများက ၂၀၂၄ခုနှစ် ပထမလေးလပတ်အတွင်း ဆောင်ရွက်မှုများကိုလည်းကောင်း ဆွေးနွေးတင်ပြပြီး ပဲခူးတိုင်းဒေသကြီး မိခင်နှင့်ကလေးစောင့်ရှောက်မှု ကြီးကြပ်ရေးအဖွဲ့၊ အဖွဲ့ဝင် ဒေါ်အေးအေးငြိမ်းက အစီရင်ခံစာလုပ်ငန်းဆောင်ရွက်မှု ဇယား ၁၉ မျိုး ဖြည့်စွက်နည်းအား ရှင်းလင်းတင်ပြခဲ့သည်။ **တိုင်းဒေသကြီး(ပြန်/ဆက်)**








နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တပ်မတော်သူနာပြုနှင့်ဆေးဘက်ပညာတက္ကသိုလ်မှ ကျောင်းအုပ်ကြီး၊ နည်းပြအရာရှိကြီးများ၊ ကထိကအရာရှိကြီးများ၊ ဆရာ၊ ဆရာမကြီးများ၊ သင်္ချေအရာရှိများနှင့် မဟာဘွဲ့လွန်သင်တန်းသားများ၊ ဗိုလ်လောင်းများ၊ သင်တန်းသား၊ သင်တန်းသူများအား တွေ့ဆုံအမှာစကားပြောကြားစဉ်။

# နိုင်ငံတော်နှင့် တပ်မတော်မှ အားထားရသည့်၊ ပြည်သူက အားကိုးရသည့် လက်ရုံးရည်၊ နှလုံးရည် ပြည့်ဝသော ဆေးဘက်ဆိုင်ရာအရာရှိကောင်းများ၊ သူနာပြုများ၊ ဆေးဝါးကျွမ်းကျင်သူများ၊ ဆေးဘက်ဆိုင်ရာပညာသည်များ မွေးထုတ်ပေးနိုင်ရေး ကြိုးပမ်းဆောင်ရွက်

**နေပြည်တော် ဇွန် ၁၀**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ယနေ့မွန်းလွဲပိုင်းတွင် တပ်မတော်ဆေးတက္ကသိုလ်နှင့် တပ်မတော်သူနာပြုနှင့်ဆေးဘက်ပညာတက္ကသိုလ်တို့မှ ကျောင်းအုပ်ကြီးများ၊ နည်းပြအရာရှိကြီးများ၊ ကထိကအရာရှိကြီးများ၊ ဆရာ၊ ဆရာမကြီးများ၊ သင်္ချေအရာရှိများနှင့် မဟာဘွဲ့လွန်သင်တန်းသားများ၊ ဗိုလ်လောင်းများ၊ သင်တန်းသား၊ သင်တန်းသူများအား တက္ကသိုလ်အလိုက် ဘွဲ့နှင်းသဘင်ခန်းမများ၌ သီးခြားစီတွေ့ဆုံ၍ အမှာစကား ပြောကြားသည်။

အဆိုပါတွေ့ဆုံပွဲများသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အတူ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီး ဇွဲဝင်းမြင့်၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီး ထွန်းအောင်၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ ကျောင်းအုပ်ကြီးများ၊ နည်းပြအရာရှိကြီးများ၊ ကထိကအရာရှိကြီးများ၊ ဆရာ၊ ဆရာမကြီးများ၊ သင်္ချေအရာရှိများနှင့် မဟာဘွဲ့လွန်သင်တန်းသားများ၊ ဗိုလ်လောင်းများ၊ သင်တန်းသား၊ သင်တန်းသူများ တက်ရောက်ကြသည်။

## ကျွမ်းကျင်သည့်ဆေးဘက်ဆိုင်ရာအရာရှိကောင်းများ၊ သူနာပြုများ၊ ဆေးဝါးကျွမ်းကျင်သူများ၊ ဆေးဘက်ပညာသည်များ မွေးထုတ်ပေးနိုင်ရေး

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က အမှာစကားပြောကြားရာတွင် တပ်မတော်ဆေးတက္ကသိုလ်ကို **“တပ်မတော် (ကြည်း၊ ရေ၊ လေ)အတွက် လိုအပ်သော လက်ရုံးရည်၊ နှလုံးရည်ပြည့်ဝသည့် ဆေးသိပ္ပံပညာရှင်အရာရှိများ မွေးထုတ်ပေးရန်”** ဟူသည့် ရည်ရွယ်ချက်ဖြင့် တည်ထောင်ခဲ့ခြင်းဖြစ်ပြီး သင်တန်းသားဗိုလ်လောင်းများမှ ဆေးဘက်ပညာဆိုင်ရာအရာရှိငယ်များကို မွေးထုတ်ပေးခြင်းရှိသကဲ့သို့ ၎င်းအရာရှိများမှတစ်ဆင့် တပ်မတော်ဆေးဘက်ဆိုင်ရာ အရာရှိကြီးများကို အဆင့်ဆင့်မွေးထုတ်ပေးလျက်ရှိကြောင်း၊ အခြေခံအားဖြင့် သင်တန်းသား ဗိုလ်လောင်းဘဝကတည်းက လက်ရုံးရည်၊ နှလုံးရည်ပြည့်ဝသည့် ဗိုလ်လောင်းများဖြစ်အောင် လေ့ကျင့်ဆောင်ရွက်ပေးရန်လိုကြောင်း၊ ဗိုလ်လောင်းများအနေဖြင့် ရှိသင့်ရှိထိုက်သည့် ကိုယ်ခန္ဓာအချိုးအစား၊ ကိုယ်ကာယကြံ့ခိုင်မှုနှင့် ကြံ့ခိုင်သန်စွမ်းမှုများရှိရမည် ဖြစ်ကြောင်း၊ ဗိုလ်လောင်းများအနေဖြင့် နေ့စဉ်လေ့ကျင့်ရေးပိုင်းဆိုင်ရာများ၊ စာပေပညာရပ်ဆိုင်ရာများကို စဉ်ဆက်မပြတ်ဆောင်ရွက်ရသည်ဖြစ်သဖြင့် အာဟာရပြည့်ပြည့်ဝဝ စားသုံးမှသာ ကိုယ်ခံစွမ်းအားကောင်းမွန်စွာဖြင့် လိုက်ပါလုပ်ဆောင်နိုင်မည်ဖြစ်ကြောင်း၊ ထို့ကြောင့် သင်တန်းသားများအတွက် စနစ်တကျတွက်ချက်ပြီး ကျွေးမွေးလျက်ရှိသည့် ရိက္ခာများကို ပြည့်ဝစွာစားသောက်ကြရန် လိုကြောင်း။

> ❍ **ဆေးပညာရပ်နယ်ပယ်တွင် မြင့်မားသည့်ဆေးပညာရပ်များ များစွာရှိနေသည့်အတွက် နည်းပြအရာရှိများ၊ ဘွဲ့လွန်သင်တန်းသားများနှင့် သင်တန်းသား ဗိုလ်လောင်းများ၊ ဆေးဘက်ဆိုင်ရာ သင်တန်းသား၊ သင်တန်းသူများအနေဖြင့် ခေတ်အလိုက် ပေါ်ထွက်နေသည့် အသစ်အသစ်သော ဆေးပညာရပ်များကို မျက်ခြည်မပြတ်စေရေး စဉ်ဆက်မပြတ် ကြိုးပမ်းဆောင်ရွက်သွားကြရမည်**

နိုင်ငံတော်နှင့် တပ်မတော်အတွက် လိုအပ်ချက်ရှိသည့်အတွက် တပ်မတော်ဆေးတက္ကသိုလ်ကို ဖွင့်လှစ်သင်ကြားပေးနေခြင်း ဖြစ်သည့်အတွက် သက်ဆိုင်ရာဘာသာရပ်အလိုက် ကျွမ်းကျင်သည့် ဆေးဘက်ဆိုင်ရာအရာရှိကောင်းများ ဖြစ်စေရေး ကြိုးပမ်းဆောင်ရွက်ကြရမည် ဖြစ်ကြောင်း၊ ဆေးဘက်ဆိုင်ရာ ပညာရပ်များသာမက စစ်ပညာကိုလည်း သင်ကြားပေးလျက်ရှိသဖြင့် ခန္ဓာကိုယ်ကြံ့ခိုင်သန်စွမ်းမှုမှစ၍ စစ်အတတ်ပညာကိုလည်း ကျွမ်းကျင်တတ်မြောက်စေရေး သင်ကြားပေးသည်မှန်သမျှကို စနစ်တကျ လေ့ကျင့်ဆောင်ရွက်နေရမည်ဖြစ်ကြောင်း၊ လေ့ကျင့်သင်ကြားပေးသည့် စာပေပညာ၊ စစ်ပညာတို့ကို မှန်မှန်ကန်ကန်လိုက်နာဆောင်ရွက်မှသာလျှင် သင်တန်းဆင်းပြီးနောက်ပိုင်း လက်တွေ့တာဝန်ထမ်းဆောင်ရာ၌ မိမိတာဝန်ယူထားသည့် တာဝန်များကို အောင်မြင်စွာ ထမ်းဆောင်နိုင်မည်ဖြစ်ကြောင်း၊ ထို့ပြင် စစ်စည်းကမ်းသည် တပ်မတော်၏ ကျောရိုးဖြစ်သဖြင့် စည်းကမ်းစနစ်တကျဖြင့် နေထိုင်သွားလာတတ်သည့် လူနေမှုပုံစံဖြစ်ရန်လိုကြောင်း၊ တိုက်တွန်းချက်၊ တားမြစ်ချက်များကို အသိ၊ သတိနှင့်ယှဉ်၍ လိုက်နာဆောင်ရွက်ကြရန်လိုကြောင်း။

တပ်မတော် သူနာပြုနှင့်ဆေးဘက်ပညာတက္ကသိုလ်ကို **“ဒို့တာဝန်အရေးသုံးပါးကို ကာကွယ်မည့် အမျိုးသားတပ်မတော်အတွက် လိုအပ်သော လက်ရုံးရည်၊ နှလုံးရည် ပြည့်ဝသည့် သူနာပြုများ၊ ဆေးဝါးကျွမ်းကျင်သူများ၊ ဆေးဘက်ပညာသည်များ မွေးထုတ်ပေးရန်”** ဟူသည့် ရည်ရွယ်ချက်ဖြင့် ဖွင့်လှစ်ခဲ့ခြင်းဖြစ်ကြောင်း၊ တပ်မတော်တွင် သူနာပြုများ၏ အခန်းကဏ္ဍသည်အရေးကြီးကြောင်း၊ တပ်မတော်သည် နိုင်ငံတော်ကာကွယ်ရေးတာဝန်ကို ထမ်းဆောင်ရန်ဖြစ်သော်လည်း မိမိတို့နိုင်ငံတွင် လွတ်လပ်ရေးနှင့်အတူ ပေါ်ပေါက်လာသည့် ပြည်တွင်းလက်နက်ကိုင်သောင်းကျန်းမှုများ ပပျောက်ပြီး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် ယခုထိတိုင် ကြိုးပမ်းဆောင်ရွက်နေရဆဲဖြစ်ကြောင်း၊ နိုင်ငံတော် လုံခြုံရေးနှင့် ကာကွယ်ရေးတာဝန်များထမ်းဆောင်စဉ် ထိခိုက်ဒဏ်ရာရရှိသူများနှင့် ကျန်းမာရေးကောင်းမွန်မှုမရှိသူများအား ရုပ်ပိုင်းစိတ်ပိုင်းဆိုင်ရာအရ ကုသမှုများဆောင်ရွက်ရာတွင် ဆေးတပ်ဖွဲ့၏ အခန်းကဏ္ဍသည် အရေးကြီးကြောင်း။

ဆရာဝန်များအနေဖြင့် ကုသမှုများကို ဆောင်ရွက်ကြရပြီး သူနာပြုများအနေဖြင့် ပြုစုကုသမှုများကို ဆောင်ရွက်ပေးရခြင်းဖြစ်ကြောင်း၊ လူတိုင်းသည် ကြင်နာမှုကို လိုလားကြပြီး ကျန်းမာရေးမကောင်းသူများအနေဖြင့် ၎င်းတို့အား ကြင်နာစွာဖြင့် ဆေးဝါးကုသမှု ဆောင်ရွက်ပေးသည်ကို ပိုမိုလိုလားကြကြောင်း၊ တပ်မတော်သူနာပြုနှင့်ဆေးဘက်ပညာတက္ကသိုလ် သင်တန်းသားများအနေဖြင့် တစ်ဖက်သားအပေါ်တွင် ကြင်နာနွေးထွေးသည့်အသိစိတ်ရှိပြီးဖြစ်ကြောင်း၊ ထိုစိတ် အခြေခံအပေါ် အတတ်ပညာများဖြင့် ပေါင်းစပ်လိုက်သည့်အခါ၌ ကြင်နာမှုသည် ပိုမိုခိုင်မာအားကောင်းလာမည်ဖြစ်ကြောင်း၊ ထို့ကြောင့် သူနာပြုတစ်ဦးအဖြစ် တာဝန်ထမ်းဆောင်ချိန်တွင် လူနာများအပေါ် ကောင်းသည်ထက်ကောင်းအောင် ဆောင်ရွက်၍ ကြင်နာစွာဖြင့် ပြုစုစောင့်ရှောက်သွားကြစေလိုကြောင်း၊ အခြေခံအားဖြင့်ရှိပြီးသားဖြစ်သည့် ကြင်နာတတ်သည့် အသိစိတ်နှင့် သင်ကြားပေးလိုက်သည့် ဆေးအတတ်ပညာများကို ပေါင်းစပ်အသုံးချ ဆောင်ရွက်သွားမည်ဆိုပါက သူနာပြုကောင်းများ ဖြစ်လာမည်ဖြစ်ကြောင်း။

## သင်ကြားရေးပိုင်းနှင့်ပတ်သက်၍ အရည်အချင်းပြည့်ဝသူများ မွေးထုတ်ပေးနိုင်ရမည်

သင်ကြားရေးပိုင်းနှင့်ပတ်သက်၍ နည်းပြနှင့် သင်တန်းသားအချိုးကို စနစ်တကျ တွက်ချက်၍ ဖွင့်လှစ်သင်ကြားပေးထားခြင်းဖြစ်သဖြင့် စာပေပညာနှင့် စစ်ပညာသင်ကြားမှုများကို ဖိဖိစီးစီး ဆောင်ရွက်ကြရန်လိုကြောင်း၊ လေ့ကျင့်သင်ကြားပေးနေသူ နည်းပြများအနေဖြင့် သင်တန်းသားများအား လေ့ကျင့်ပေးရာတွင် အရေအတွက်ထက် အရည်အချင်းပြည့်ဝသည့် သင်တန်းသားများ ဖြစ်လာစေရေးနှင့် စစ်သားကောင်းဖြစ်အောင် လေ့ကျင့်ပေးရန်လိုကြောင်း၊ Guardian စနစ်ဖြင့် အဆင့်ဆင့်ကြပ်မတ်ကွပ်ကဲ ဆောင်ရွက်ရာတွင် သင်တန်းသားများ၏ စိတ်ဓာတ်၊ စည်းကမ်း၊ စာပေပညာဆိုင်ရာများ ကောင်းမွန်စေရေး အနီးကပ်တစ်ဦးချင်း ကြပ်မတ်ကွပ်ကဲလေ့ကျင့်သင်ကြား ဆောင်ရွက်နိုင်ရမည်ဖြစ်ပြီး ၎င်းတို့၏ အခက်အခဲများအပေါ် မိဘသဖွယ်၊ ညီရင်း အစ်ကိုသဖွယ် သဘောထား၍ တတ်နိုင်သရွေ့ ဖြေရှင်းဆောင်ရွက်ပေးရန်လိုကြောင်း၊ အရည်အချင်းပြည့်ဝသည့် *စာမျက်နှာ ၆ သို့*

> ◆ **တပ်မတော်ဆေးတက္ကသိုလ်မှ မွေးထုတ်ပေးလိုက်သည့် ဆေးဘက်ဆိုင်ရာအရာရှိများအနေဖြင့် အခြေခံအားဖြင့် ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်ပေးနိုင်သူများဖြစ်ပြီး မိမိတို့ သင်ယူတတ်မြောက်ထားသည့် ဆေးပညာရပ်ဆိုင်ရာ ဘာသာရပ်အလိုက် ထူးချွန်ထက်မြက်သူများဖြစ်လာစေရေး ဆက်လက်ကြိုးပမ်း**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တပ်မတော်ဆေးတက္ကသိုလ်မှ ဗိုလ်လောင်းများနှင့်အတူ နေ့လယ်စာကို အတူတကွ သုံးဆောင်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တပ်မတော်ဆေးတက္ကသိုလ်မှ ဗိုလ်လောင်းများအား ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေးစကား ပြောကြားစဉ်။

*စာမျက်နှာ ၅ မှ*

နည်းပြများ၊ ဆရာ၊ ဆရာမများကို ရွေးချယ်ခန့်အပ်ထားခြင်းဖြစ်သဖြင့် မိမိတို့ဖြတ်သန်းလာရသည့် ဘဝအတွေ့အကြုံ တတ်ကျွမ်းထားသည့် ဘာသာရပ်များအလိုက် စာပေပညာရပ်များကို အသုံးချ၍ လေ့ကျင့်သင်ကြားပေးရန်လိုပြီး ဆေးဘက်ပညာဆိုင်ရာ အရာရှိကောင်းများကို မွေးထုတ်ပေးရန် လိုကြောင်း၊ ရုပ်ပိုင်း၊ စိတ်ပိုင်းဆိုင်ရာ ကြံ့ခိုင်ကောင်းမွန်ပြီး အရည်အသွေးရှိသည့် ဆေးဘက်ဆိုင်ရာ အရာရှိကောင်းများ မွေးထုတ်ပေးနိုင်ရေး ကြပ်မတ်ဆောင်ရွက်ကြရန်လိုကြောင်း၊ တပ်မတော်ဆေးတက္ကသိုလ်မှ မွေးထုတ်ပေးလိုက်သည့် ဆေးဘက်ဆိုင်ရာအရာရှိများအနေဖြင့် အခြေခံအားဖြင့် ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်ပေးနိုင်သူများဖြစ်ပြီး မိမိတို့သင်ယူတတ်မြောက်ထားသည့် ဆေးပညာရပ်ဆိုင်ရာ ဘာသာရပ်အလိုက် ထူးချွန်ထက်မြက်သူများဖြစ်လာစေရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားရမည်ဖြစ်ကြောင်း။

တပ်မတော်ဆေးတက္ကသိုလ်အနေဖြင့် ကမ္ဘာ့နိုင်ငံများရှိ ဆေးတက္ကသိုလ်များအနက် အဆင့်တစ်ခုတွင်ရှိသည့် တက္ကသိုလ်တစ်ခုဖြစ်သဖြင့် မိမိတို့တက်ရောက်နေရသည့်တက္ကသိုလ်အတွက် ဂုဏ်ယူကြရန်လိုကြောင်း၊ ယခင်က သင်တန်းသားများကိုသာ ခေါ်ယူလေ့ကျင့်ပေးလျက်ရှိသော်လည်း လက်ရှိအချိန်တွင် အမျိုးသမီးသင်တန်းသူများကိုလည်း ခေါ်ယူလေ့ကျင့် သင်ကြားပေးလျက်ရှိကြောင်း၊ ဆေးပညာရပ်သည် အရေးကြီးသည့်ဘာသာရပ်ဖြစ်သဖြင့် စနစ်တကျသင်ယူလေ့လာကြရန် မှာကြားလိုကြောင်း၊ ထို့ပြင် အဆင့်မြင့်ဆေးပညာရပ်များကို သင်ယူလျက်ရှိသည့် မဟာဘွဲ့လွန်သင်တန်းသားများအနေဖြင့်လည်း မိမိတို့သင်ယူနေရသည့် ဘာသာရပ်အလိုက် အလေးထား သင်ယူလေ့လာသွားကြရန်လိုကြောင်း၊ နိုင်ငံတော်နှင့် တပ်မတော်က အချိန်နှင့်ငွေကြေးအရင်းအနှီးများစွာဖြင့် ပြုစုပျိုးထောင်ပေးခဲ့ရခြင်းဖြစ်သဖြင့် သင်တန်းသားများအနေဖြင့် ကြိုးစားအားထုတ်မှုအပြည့်ဖြင့် လေ့ကျင့်သင်ကြားကြရန် လိုကြောင်း။

*စာမျက်နှာ ၇ သို့*



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်အဖွဲ့ဝင်များအား တာဝန်ရှိသူတစ်ဦးက လေ့ကျင့်ရေးပိုင်းဆိုင်ရာ ဆောင်ရွက်နေမှုအခြေအနေများကို ရှင်းလင်းတင်ပြစဉ်။





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များ ထမ်းဆောင်စဉ် ထိခိုက်ဒဏ်ရာ ရရှိခဲ့သူများအား တစ်ဦးချင်းလိုက်လံတွေ့ဆုံ၍ ရင်းနှီးနွေးထွေးစွာ မေးမြန်းပြီး လက်ဆောင်ပစ္စည်းများ ပေးအပ်စဉ်။





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်အဖွဲ့ဝင်များ တပ်မတော်အရိုးရောဂါ အထူးကုဆေးရုံကြီးအတွင်း လှည့်လည်ကြည့်ရှုစဉ်။

*စာမျက်နှာ ၆ မှ*

**မိမိကိုယ်ကိုထိန်းသိမ်းနေထိုင်၍ ဘဝတိုးတက်စေရေး စဉ်ဆက်မပြတ် ကြိုးပမ်းဆောင်ရွက်**

အခြေခံပညာအထက်တန်းပညာကို မြင့်မားသော ရမှတ်များဖြင့် အောင်မြင်ခဲ့သည့် အခြေခံကောင်းများကို ယခုတက္ကသိုလ်ပညာရပ်များ ဆည်းပူးရာတွင်လည်း ဆက်လက်ထိန်းသိမ်း၍ ကြိုးစားသင်ယူသွားရန် လိုအပ်သကဲ့သို့ ရှေ့ဆက်လက်လျှောက်လှမ်းရမည့် ဘဝခရီးတစ်လျှောက်တွင်လည်း မိမိတို့၏ရည်မှန်းချက်များ မပျောက်ပျက်၊ မယိမ်းယိုင်စေရေးအတွက် ရှိပြီးဖြစ်သည့် အခြေခံကောင်းများကို ဆက်လက်ထိန်းသိမ်းဆောင်ရွက်သွားရမည် ဖြစ်ကြောင်း၊ မိမိဘဝတိုးတက်ရေးကို အထောက်အကူဖြစ်စေမည့် စာပေဖတ်မှတ်လေ့လာခြင်းများကို ဆောင်ရွက်တတ်သည့် အလေ့အကျင့်ကောင်းကို မွေးမြူဆောင်ရွက်သွားရန်လိုကြောင်း၊ စာပေဗဟုသုတ၊ ပညာရပ်ဆိုင်ရာဗဟုသုတ၊ နိုင်ငံရေးဆိုင်ရာဗဟုသုတ စသည်ဖြင့် နယ်ပယ်အလိုက် အသိပညာ ဗဟုသုတကြွယ်ဝစေရေး စာပေဖတ်မှတ်လေ့လာနေရမည်ဖြစ်ကြောင်း။

မိမိကိုယ်ကိုထိန်းထိန်းသိမ်းသိမ်းနေထိုင်တတ်သည့် အလေ့အကျင့်ကောင်းများကိုလည်း မွေးမြူကြရန်လိုကြောင်း၊ ဘဝတိုးတက်လမ်းကို အထောက်အကူမဖြစ်စေနိုင်သည့် အသောက်အစားနှင့် အပျော်အပါးများကို အသိသတိဖြင့် ရှောင်ကြဉ်ကြရန်လိုကြောင်း၊ နိုင်ငံတော်နှင့်တပ်မတော်မှ အားထားရသည့်၊ ပြည်သူက အားကိုးရသည့် ကျွမ်းကျင်သည့် ဆေးဘက်ဆိုင်ရာအရာရှိကောင်းများ၊ သူနာပြုများ၊ ဆေးဝါးကျွမ်းကျင်သူများ၊ ဆေးဘက်ပညာသည်များ ဖြစ်လာစေရေး စဉ်ဆက်မပြတ်ကြိုးပမ်းအားထုတ်သွားကြရန်လိုကြောင်း၊ **ဆေးပညာရပ်နယ်ပယ်တွင် မြင့်မားသည့်ဆေးပညာရပ်များ များစွာရှိနေသည့်အတွက် နည်းပြအရာရှိများ၊ ဘွဲ့လွန်သင်တန်းသားများနှင့် သင်တန်းသား ဗိုလ်လောင်းများ၊ ဆေးဘက်ဆိုင်ရာ သင်တန်းသား၊ သင်တန်းသူများအနေဖြင့် ခေတ်အလိုက်ပေါ်ထွက်နေသည့် အသစ်အသစ်သော ဆေးပညာရပ်များကို မျက်ခြည်မပြတ်စေရေး စဉ်ဆက်မပြတ် ကြိုးပမ်းဆောင်ရွက်သွားကြရမည် ဖြစ်**ကြောင်း မှာကြားပြီး လိုအပ်ချက်များကို မေးမြန်းဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် တပ်မတော်ဆေးတက္ကသိုလ်မှ ဗိုလ်လောင်းများနှင့်အတူ နေ့လယ်စာကို အတူတကွသုံးဆောင်ကြသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များ တပ်မတော်ဆေးတက္ကသိုလ်နှင့် တပ်မတော်သူနာပြုနှင့်ဆေးဘက်ပညာ တက္ကသိုလ်တို့သို့ ရောက်ရှိနေစဉ် အတွင်း တပ်မတော်ဆေးတက္ကသိုလ် ခေတ္တကျောင်းအုပ်ကြီးနှင့် တပ်မတော်သူနာပြုနှင့် ဆေးဘက်ပညာတက္ကသိုလ်ကျောင်းအုပ်ကြီးတို့က ကျောင်းဌာနချုပ်ခန်းမအသီးသီး၌ လေ့ကျင့်ရေးပိုင်းဆိုင်ရာ ဆောင်ရွက်နေမှုအခြေအနေများကို အသီးသီး ရှင်းလင်းတင်ပြကြသည်။

ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ဆေးတက္ကသိုလ်နှင့် တပ်မတော်သူနာပြုနှင့်ဆေးဘက်ပညာတက္ကသိုလ်တို့၏ ရည်မှန်းချက်တာဝန်များကို အကောင်အထည်ဖော်နိုင်ရေးအတွက် ကျောင်းအုပ်ကြီးများနှင့် အုပ်ချုပ်မှုပိုင်းဆိုင်ရာ တာဝန်ရှိသူများတွင် အဓိကတာဝန်ရှိကြောင်း၊ အုပ်ချုပ်ရေးပိုင်းဆိုင်ရာ တာဝန်ရှိသူများက စည်းကမ်းစနစ်တကျရှိစေရေး၊ စာပေဆိုင်ရာတာဝန်ရှိသူက ထူးချွန်ထက်မြက်သည့် ဆေးဘက်ဆိုင်ရာ အရာရှိကောင်းများပေါ်ထွက်လာရေး၊ လေ့ကျင့်ရေးပိုင်းဆိုင်ရာတာဝန်ရှိသူများက ရုပ်ပိုင်း၊ စိတ်ပိုင်းဆိုင်ရာ ကြံ့ခိုင်သန်စွမ်းသည့် အရာရှိကောင်းများ ဖြစ်ပေါ်လာရေး စသည်ဖြင့် သက်ဆိုင်ရာကဏ္ဍအလိုက်လေ့ကျင့်ပေးကြရန်လိုကြောင်း၊ အလားတူ မဟာဘွဲ့လွန်သင်တန်း တက်ရောက်သူအရာရှိများအနေဖြင့် အခြားနိုင်ငံများနှင့် ပညာရပ်ပိုင်းဆိုင်ရာများတွင် ရင်ပေါင်တန်းနိုင်ရမည်ဖြစ်ကြောင်း၊ ထို့ကြောင့် မဟာဘွဲ့လွန်သင်တန်းသားများ ပညာရည်ပြည့်ဝစေရေး၊ ကြိုးစားအားထုတ်မှုကောင်းမွန်စေရေး ကြပ်မတ်ဆောင်ရွက်ရမည်ဖြစ်သကဲ့သို့ လိုအပ်သည့် သင်ထောက်ကူပစ္စည်းများ ပြည့်ဝစေရေးအတွက်လည်း ဖြည့်ဆည်းပေးရန်လိုကြောင်း မှာကြားသည်။

ယနေ့နံနက်ပိုင်းတွင်လည်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် အဖွဲ့ဝင်များ လိုက်ပါလျက် ရန်ကုန်မြို့ရှိ တပ်မတော်အရိုးရောဂါအထူးကုဆေးရုံကြီးသို့သွားရောက်၍ ဆေးရုံ၌ တက်ရောက်ကုသမှုခံယူလျက်ရှိသည့် နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များ ထမ်းဆောင်စဉ် ထိခိုက်ဒဏ်ရာရရှိခဲ့သော အရာရှိ၊ စစ်သည်များ၏ ထိခိုက်ဒဏ်ရာရရှိခဲ့မှု အခြေအနေများ၊ ရောဂါကုသပျောက်ကင်းမှု အခြေအနေများကို တစ်ဦးချင်းလိုက်လံတွေ့ဆုံ၍ ရင်းနှီးနွေးထွေးစွာ မေးမြန်းပြီး အားပေးစကားပြောကြားကာ အရာရှိ၊ စစ်သည်များ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် ဆေးရုံအတွင်း လှည့်လည်ကြည့်ရှု၍ တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ လမ်းညွှန်မှာကြားသည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်အား ဆေးရုံတပ်မှူးက အစည်းအဝေးခန်းမတွင် ကျန်းမာရေးစောင့်ရှောက်မှုပေးထားသည့် အခြေအနေများနှင့် လုပ်ငန်းဆောင်ရွက်မှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။ ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ဆေးရုံသန့်ရှင်းသာယာလှပရေးဆောင်ရွက်ရန်နှင့် ဆေးရုံအဆင့်မြှင့်တင်ဆောင်ရွက်နိုင်မည့် အခြေအနေများနှင့် ပတ်သက်၍ ဆွေးနွေးမှာကြားခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## ပဲခူးမြို့၌ လူဦးရေနှင့် အိမ်အကြောင်းအရာသန်းခေါင်စာရင်း လူထုအသိပညာပေးလှုံ့ဆော်ရေး ဆိုင်းဘုတ်စိုက်ထူ

**ပဲခူး ဇွန် ၁၀**

၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း လူထုအသိပညာပေး လှုံ့ဆော်ရေး ဆိုင်းဘုတ်စိုက်ထူးခြင်း အခမ်းအနားကို ဇွန် ၇ ရက်က လူစည်ကားရာ ပဲခူးမြို့ အထက(ခွဲ)(၅)ကျောင်းအနီး၌ ကျင်းပသည်။

ဦးစွာ ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း လူထုအသိပညာပေး လှုံ့ဆော်ရေး "ပြည်သူအားလုံး ပါဝင်လို့ သန်းခေါင်စာရင်း ကောက်ကြစို့" အသိပညာပေး



မြေစိုက်ပိုစတာ ဆိုင်းဘုတ်ကို ပဲခူးခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ ခေတ္တဥက္ကဋ္ဌ ဦးညီညီလွင်စိုး၊ ပဲခူးခရိုင်ပညာရေးမှူး ဒေါ်မာမာစု၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပဲခူးခရိုင်ဦးစီးမှူး ဒေါ်ဝင်းဖြူဖြူနှင့် မြို့နယ်ဦးစီးမှူး ဦးဝင်းမြတ်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးသည်။

ထို့နောက် ပဲခူးခရိုင်နှင့် ပဲခူးမြို့နယ် ဦးစီးမှူးရုံးမှ ဝန်ထမ်းများက အောက်တိုဘာ ၁ ရက်မှ ၁၅ ရက်အထိ ကောက်ယူမည့် ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း ကောက်ယူခြင်း လုပ်ငန်းများကို ပြည်သူများ သိရှိစေရန်နှင့် ပူးပေါင်းပါဝင်နိုင်ရေး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့သည်။ **သက်ထက်**

## ပေါင်းတည်မြို့ အခြေခံပညာအထက်တန်းကျောင်း(မြို့မ)၌ မိုးရာသီသစ်ပင်စိုက်ပျိုး

**ပေါင်းတည် ဇွန် ၁၀**

ပဲခူးတိုင်းဒေသကြီး ပေါင်းတည်မြို့နယ်ရှိ အခြေခံပညာကျောင်းများတွင် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ ကျောင်းပတ်ဝန်းကျင် စိမ်းလန်းစိုပြည်ရေးနှင့် အပူဒဏ်ကာကွယ်ရေးတို့အတွက် မိုးရာသီ သစ်ပင်စိုက်ပွဲကို ဇွန် ၇ ရက်က အခြေခံပညာအထက်တန်းကျောင်း (မြို့မ)၌ ကျင်းပသည်။



အဆိုပါ သစ်ပင်စိုက်ပွဲသို့ မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးစိုးမြင့်လှိုင်နှင့် တာဝန်ရှိသူများ တက်ရောက် အားပေးကြပြီး မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌက မြို့နယ်ပညာရေးမှူး ဒေါ်နော်ဆဲပွယ်ဖောထံ သစ်မျိုးစုံပျိုးပင်များပေးအပ်ကာ ကျောင်းအုပ်ဆရာမကြီး ဒေါ်တင်တင်ဌေးနှင့် ဆရာ ဆရာမများက ကျောင်းသား ကျောင်းသူ ၃၁၅ ဦး တို့နှင့်အတူ နှစ်ရှည်ပင်ကျွန်းနှင့် မန်ကျည်းပင်များ အပါအဝင် အရိပ်ရပင်၊ အလှပန်းပင်နှင့် သီးပင်စားပင် စုစုပေါင်းပျိုးပင် ၄၀၀ ကို ကျောင်းပတ်ဝန်းကျင်တွင် စိုက်ပျိုးခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရန်ကုန်တိုင်းဒေသကြီး တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။

# ရန်ကုန်တိုင်းဒေသကြီး တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေး အစည်းအဝေးကျင်းပ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်အမှာစကားပြောကြား

## အကြမ်းဖက်သမားများအနေဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ အလစ်အငိုက်ကိုရယူ၍ အကြမ်းဖက်လုပ်ရပ်များကို လုပ်ဆောင်ရန် ကြံစည်ဆောင်ရွက်လျက်ရှိသဖြင့် တည်ငြိမ်အေးချမ်းရေးအတွက် လုံခြုံရေးအသိ၊ လုံခြုံရေးသတိဖြင့် အမြဲမပြတ် စောင့်ကြည့်နေရမည်

နေပြည်တော် ဇွန် ၁၀

**ရန်ကုန်တိုင်းဒေသကြီး တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေး အစည်းအဝေးကို ယနေ့ညနေပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး ကုန်းမြင့်သာရှိ အစည်းအဝေးခန်းမ၌ ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်အမှာစကားပြောကြားသည်။**

အစည်းအဝေးသို့ ကောင်စီတွဲဖက် အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ကောင်စီဝင်များဖြစ်ကြသည့် ဗိုလ်ချုပ်ကြီး တင်အောင်စန်း၊ ဒုတိယဗိုလ်ချုပ်ကြီး ညိုစော၊ ပြည်ထောင်စုဝန်ကြီးများ၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ ကာကွယ်ရေး ဦးစီးချုပ်ရုံးမှ အဆင့်မြင့် တပ်မတော်အရာရှိကြီးများ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ ရန်ကုန်မြို့တော်ဝန်၊ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ တပ်မတော် အရာရှိကြီးများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများတက်ရောက်ကြသည်။

### လွတ်လပ်စွာဖြင့်သွားလာ၍ရ

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က အဖွင့် အမှာစကားပြောကြားရာတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် နိုင်ငံ့တာဝန်များကို ထမ်းဆောင်ခဲ့ရသည့် အစောပိုင်းကာလများ၌ ရန်ကုန်တိုင်းဒေသကြီးအတွင်း ဆူပူဆန္ဒပြမှုများ ဖြစ်ပေါ်ခဲ့ပြီး ထိုမှတစ်ဆင့် လက်နက်ကိုင် အကြမ်းဖက်ဖျက်ဆီးမှုများအထိ ဖြစ်ပေါ်လာခဲ့သဖြင့် အချို့သောမြို့နယ်များကို စစ်အုပ်ချုပ်ရေး ကြေညာ၍ ထိန်းထိန်းသိမ်းသိမ်းဖြင့် ဆောင်ရွက်ခဲ့ရကြောင်း၊ လက်ရှိအချိန်တွင် နိုင်ငံအတွင်းရှိ အချို့သောဒေသများ၌ အကြမ်းဖက်မှုများ ဖြစ်ပေါ်နေဆဲဖြစ်ပြီး ရန်ကုန်တိုင်းဒေသကြီးအတွင်း၌ မည်သည့်နေရာ၌မဆို လွတ်လပ်စွာဖြင့် သွားလာ၍ရသည်ကို တွေ့မြင်ရမည်ဖြစ်ကြောင်း၊ သို့သော်လည်း အကြမ်းဖက်သမားများအနေဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ အလစ်အငိုက်ကိုရယူ၍ အကြမ်းဖက်လုပ်ရပ်များကို လုပ်ဆောင်ရန် ကြံစည်ဆောင်ရွက်လျက်ရှိသဖြင့် တည်ငြိမ်အေးချမ်းရေးအတွက် လုံခြုံရေးအသိ၊ လုံခြုံရေးသတိဖြင့် အမြဲမပြတ် စောင့်ကြည့်နေရမည်ဖြစ်ကြောင်း၊ ရန်ကုန်တိုင်းဒေသကြီးအတွင်း အကြမ်းဖက်သမားများ၏ အငွေ့အသက်များ ကင်းစင်အောင် မိမိတို့အနေဖြင့် ဆောင်ရွက်ရန်လိုကြောင်း၊ တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကို တိုင်းစစ်ဌာနချုပ်နှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့တို့က ပေါင်းစပ်ညှိနှိုင်း ပူးပေါင်းဆောင်ရွက်ရမည်ဖြစ်ကြောင်း။

☆ **ရန်ကုန်တိုင်းဒေသကြီးအတွင်း အကြမ်းဖက်သမားများ၏ အငွေ့အသက်များ ကင်းစင်အောင် မိမိတို့အနေဖြင့် ဆောင်ရွက်ရန်လို၊ တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကို တိုင်းစစ်ဌာနချုပ်နှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့တို့က ပေါင်းစပ်ညှိနှိုင်း ပူးပေါင်းဆောင်ရွက်ရမည်**

### လှုံ့ဆော်ပညာပေးမှုဆောင်ရွက်

ရန်ကုန်တိုင်း ဒေသကြီးအတွင်း တည်ငြိမ်အေးချမ်းရေးနှင့် ပတ်သက်၍ ဆက်လက် ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ ဒီမိုကရေစီလမ်းကြောင်းပေါ်တွင် လျှောက်လှမ်းနေချိန်တွင် လုံခြုံမှုနှင့် တည်ငြိမ်မှုရှိရန်လိုကြောင်း၊ မိမိတို့နိုင်ငံတွင် ခေတ်အဆက်ဆက်ပညာရေးနှင့် စီးပွားရေးဆိုင်ရာ အားနည်းချက်များရှိခဲ့ကြောင်း၊ အဆိုပါ အားနည်းချက်များကြောင့် တရားဥပဒေစိုးမိုးမှုကို ထိခိုက်ခဲ့ရကြောင်း၊ မိမိတို့နိုင်ငံ လူဦးရေ၏ ထက်ဝက်ခန့်သည် လုံခြုံရေးနှင့်ပတ်သက်၍ အားနည်းချက်များရှိနေဆဲ ဖြစ်ကြောင်း၊ ရာဇဝတ်မှုများ ဖြစ်ပေါ်နေဆဲဖြစ်ကြောင်း၊ အသိပညာ ဗဟုသုတအားနည်းသူများအနေဖြင့် ကောင်းမှုနှင့် မကောင်းမှုကို ဆင်ခြင်ဆုံးဖြတ်နိုင်စွမ်း အားနည်းပြီး မကောင်းမှုဒုစရိုက်များကို ကျူးလွန်နိုင်ခြေမြင့်မားသဖြင့် အသိပညာနှင့် ဆင်ခြင်တုံတရားများ ရရှိရေးအတွက် တိုက်တွန်းနှိုးဆော်ချက်များ ဆောင်ရွက်ခြင်း၊ လှုံ့ဆော်ပညာပေးမှု ဆောင်ရွက်ခြင်း၊ သတင်းများထုတ်ပြန်ပေးခြင်း အပါအဝင် အခြားနည်းလမ်းပေါင်းစုံဖြင့် ဆောင်ရွက်ပေးသွားရန်လိုကြောင်း၊ တိုင်းဒေသကြီးအတွင်း ခရိုင်အလိုက်၊ မြို့နယ်အလိုက်၊ ရပ်ကွက်၊ ကျေးရွာများအလိုက် တာဝန်ရှိသူများက ဝိုင်းဝန်းကြပ်မတ် ဆောင်ရွက်ပေးရန်လည်း လိုအပ်မည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် ဇော်ဟိန်းက ရန်ကုန်တိုင်းဒေသကြီးအတွင်း နယ်မြေဒေသ တည်ငြိမ်အေးချမ်းရေးနှင့် လုံခြုံရေး ဆောင်ရွက်ထားရှိမှု၊ လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် သက်သာချောင်ချိရေး လုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိမှု၊ တပ်နယ်များအလိုက် ရပ်ကွက်၊ ကျေးရွာများတွင် သန့်ရှင်းသာယာလှပရေးအတွက် ဆောင်ရွက်ပေးမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

### ရန်ကုန်မြို့သန့်ရှင်းသာယာရေး

ယင်းနောက် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်းက ရန်ကုန်တိုင်းဒေသကြီး ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်လျက်ရှိမှု၊ လမ်းပန်းဆက်သွယ်မှုများ တိုးတက်ကောင်းမွန်စေရေး ဆောင်ရွက်လျက်ရှိမှု၊ ရန်ကုန်မြို့ သန့်ရှင်းသာယာလှပရေးအတွက် ဆောင်ရွက်လျက်ရှိမှု၊ စိုက်ပျိုးမွေးမြူရေးဇုန်များ၌ လုပ်ငန်းများ ဆောင်ရွက်လျက်ရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

### လှုံ့ဆော်သူများမရှိစေရေး

ဆက်လက်၍ ကောင်စီတွဲဖက် အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ရဲဝင်းဦးက တိုင်းဒေသကြီးအတွင်း တည်ငြိမ်အေးချမ်းရေး၊ လုံခြုံရေးဆိုင်ရာများနှင့်ပတ်သက်၍ ဂရုပြုဆောင်ရွက်ရန် လိုအပ်မှု၊ စစ်ဆေးရေးဂိတ်များစနစ်တကျဖြစ်ရန်လိုအပ်မှု၊ ရွှေဈေးနှင့် နိုင်ငံခြားငွေဈေးနှုန်းများ တည်ငြိမ်မှုရှိစေရေး ဝိုင်းဝန်းထိန်းသိမ်းဆောင်ရွက်ရန် လိုအပ်မှု၊ မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး လုပ်ငန်းများကို စနစ်တကျဆောင်ရွက်ရန် လိုအပ်မှု၊ တည်ငြိမ်အေးချမ်းမှု ပျက်ပြားအောင် လှုံ့ဆော်သူများ မရှိစေရေး ထိန်းသိမ်းဆောင်ရွက်ရန် လိုအပ်မှုများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။



ကောင်စီတွဲဖက် အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ရဲဝင်းဦး ရှင်းလင်းတင်ပြစဉ်။

### နှိုးဆော်ချက်များ ပြည်သူများသိရှိရေး

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က နိဂုံးချုပ် အမှာစကားပြောကြားရာတွင် တိုင်းဒေသကြီးအတွင်း တိုက်တွန်းချက်၊ နှိုးဆော်ချက်များကို ပြည်သူများ သိရှိစေရေး သတင်းမီဒီယာများမှတစ်ဆင့် ဆောင်ရွက်သွားရန်လိုကြောင်း၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများ စနစ်တကျရှိစေရေးအတွက်လည်း ဆောင်ရွက်ရန်လိုကြောင်း၊ ပြည်သူများ၏စားရေးကို အထောက်အကူပြုစေရန်အတွက်

*စာမျက်နှာ ၉ သို့*





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်အား ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်းက ရှင်းလင်းတင်ပြစဉ်။

*စာမျက်နှာ ၈ မှ*
စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်ရန် ခွင့်ပြုပေးထားသည့် မြေများကို စနစ်တကျ အသုံးပြုရန်လိုကြောင်း၊ ရန်ကုန်မြို့တော်အတွင်း သန့်ရှင်းသာယာလှပရေး၊ ရေစီးရေလာကောင်းမွန်စေရေးအတွက် သက်ဆိုင်ရာမြို့နယ်များအလိုက် ကြပ်မတ်ဆောင်ရွက်သွားရန် လိုကြောင်း၊ မြို့နယ်အလိုက်၊ ခရိုင်အလိုက် ခြံဝင်းရှိသည့် အိမ်များအားလုံးတွင် သစ်ပင်များ စိုက်ပျိုးစေရေးနှင့် အန္တရာယ်ရှိသည့် သစ်ပင်သစ်ကိုင်းများကိုလည်း စည်ပင်သာယာဦးစီးဌာနမှ စနစ်တကျ ခုတ်ထွင်ပေးခြင်းများကို ဆောင်ရွက်ပေးရန်လိုကြောင်း၊ သစ်ပင်မရှိသည့် နေရာများတွင် သစ်ပင်များစိုက်ပျိုးစေရေး သစ်ပင်များ စိမ်းလန်းစိုပြည်နေစေရေးအတွက် ပြည်သူလူထုမှသိရှိရန်နှင့် ပြည်သူလူထုမှ ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ရန် လိုကြောင်း၊ ရန်ကုန်တိုင်းဒေသကြီးအတွင်း တည်ငြိမ်အေးချမ်းရေးအတွက် ဝိုင်းဝန်းဆောင်ရွက်ကြရန်လိုကြောင်း မှာကြားပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ အာရပ်စော်ဘွားများ ပြည်ထောင်စုနိုင်ငံ (ယူအေအီး) သံအမတ်ကြီးနှင့် သီရိလင်္ကာဒီမိုကရက်တစ် ဆိုရှယ်လစ်သမ္မတနိုင်ငံ သံအမတ်ကြီးတို့အား သီးခြားစီ လက်ခံတွေ့ဆုံ

**နေပြည်တော် ဇွန် ၁၀**
ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ အာရပ်စော်ဘွားများ ပြည်ထောင်စုနိုင်ငံ(ယူအေအီး) သံအမတ်ကြီးအဖြစ် ခန့်အပ်ရန် သဘောတူညီပြီးဖြစ်သည့် မစ္စတာ မူတာ့ဇ်အဗ္ဗဒူလာ အဗ္ဗဒူလ်ဂျာလဲလ် မိုဟာမက်အယ်လ်ဖာဟင်းမ်အား ယနေ့နံနက် ၁၀ နာရီတွင်လည်းကောင်း၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော သီရိလင်္ကာဒီမိုကရက်တစ် ဆိုရှယ်လစ်သမ္မတနိုင်ငံ သံအမတ်ကြီးအဖြစ် ခန့်အပ်ရန်သဘောတူညီပြီးဖြစ်သည့် မစ္စစ်ပွန်နမ်ပီရူးမား အာရာချ်ချီဂီပရာဘာရှိနီ ပွန်နမ်ပီရူးမားအား ၁၁ နာရီတွင်လည်းကောင်း နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမ၌ သီးခြားစီ လက်ခံတွေ့ဆုံသည်။

ပြည်ထောင်စုဝန်ကြီးသည် အာရပ်စော်ဘွားများ ပြည်ထောင်စုနိုင်ငံ (ယူအေအီး) သံအမတ်ကြီးနှင့် တွေ့ဆုံစဉ် သံအမတ်ကြီးအား ပထမဦးဆုံး ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ယူအေအီးနိုင်ငံ သံအမတ်ကြီးအဖြစ် ခန့်အပ်တာဝန်ပေးခြင်းခံရသည့်အတွက် ဂုဏ်ယူဝမ်းမြောက်ကြောင်း ပြောကြားခဲ့ပြီး မြန်မာ-ယူအေအီး နှစ်နိုင်ငံအကြား ရှိရင်းစွဲချစ်ကြည်ရင်းနှီးမှု ပိုမိုခိုင်မာစေရေး၊ ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုကဏ္ဍများအပါအဝင် နှစ်နိုင်ငံအကျိုးတူ ပူးပေါင်းဆောင်ရွက်မှုများ မြှင့်တင်ရေးနှင့် ဒေသတွင်းနှင့် နိုင်ငံတကာမျက်နှာစာတွင် ပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များနှင့်စပ်လျဉ်း၍ ခင်မင်ရင်းနှီးစွာ အမြင်ချင်းဖလှယ် ဆွေးနွေးကြသည်။ **(အပေါ်ယာပုံ)**



အလားတူ သီရိလင်္ကာ ဒီမိုကရက်တစ် ဆိုရှယ်လစ်သမ္မတနိုင်ငံ သံအမတ်ကြီးနှင့် တွေ့ဆုံစဉ် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ သီရိလင်္ကာသံအမတ်ကြီးအဖြစ် ခန့်အပ်တာဝန်ပေးခြင်းခံရသည့်အတွက် ဂုဏ်ယူဝမ်းမြောက်ကြောင်း ပြောကြားခဲ့ပြီး မြန်မာ-သီရိလင်္ကာ နှစ်နိုင်ငံအကြား ရှိရင်းစွဲချစ်ကြည်ရင်းနှီးသော ဆက်ဆံရေးနှင့် အကျိုးတူပူးပေါင်းဆောင်ရွက်မှုများ ပိုမိုမြှင့်တင်ရေး၊ မြန်မာနိုင်ငံရောက် သီရိလင်္ကာနိုင်ငံသားများအတွက် ကောင်စစ်ဆိုင်ရာ အကူအညီပေးနိုင်ရေး ကိစ္စရပ်များအပေါ် ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးကြသည်။

**သတင်းစဉ်**

# မုံရွာ-သူနာပြုသားဖွား သင်တန်းကျောင်း သူနာပြုသားဖွားဒီပလိုမာ အကြိမ် (၃၀) မြောက် သင်တန်းသား သင်တန်းသူများ၏ ဂျူတီကုတ်နှင့် ဦးဆောင်းအပ်နှင်းပွဲကျင်းပ

**မုံရွာ ဇွန် ၁၀**
စစ်ကိုင်းတိုင်းဒေသကြီး မုံရွာ-သူနာပြု သားဖွားသင်တန်းကျောင်း သူနာပြု သားဖွားဒီပလိုမာ အကြိမ် (၃၀) မြောက် သင်တန်းသား သင်တန်းသူများ၏ ဂျူတီကုတ်နှင့် ဦးဆောင်းအပ်နှင်းပွဲ အခမ်းအနားကို ဇွန် ၁၀ ရက် နံနက်ပိုင်းတွင် အဆိုပါကျောင်းခန်းမ၌ ကျင်းပရာ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကျော်၊ တိုင်းဒေသကြီး တရားသူကြီးချုပ်၊



တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်များ၊ တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာများ၊ မုံရွာ-သူနာပြုသားဖွားသင်တန်းကျောင်း ကျောင်းအုပ်ကြီးနှင့် နည်းပြများ၊ သင်တန်းသား သင်တန်းသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကျော်က ပြည်သူများအားလုံး ကျန်းမာကြံ့ခိုင်ရေးအတွက် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်ရာတွင် သူနာပြု-သားဖွားများ၏ အခန်းကဏ္ဍသည် အလွန်ပင်အရေးကြီးပါကြောင်း၊ စိတ်ဓာတ်ခံယူချက်မှန်ကန်ပြီး ပြည်သူ့အကျိုးပြုလုပ်ငန်းများ ဆောင်ရွက်နိုင်သည့် သူနာပြုကောင်းများဖြစ်အောင် ယခုအချိန်မှစပြီး စာတွေ့လက်တွေ့များကို စဉ်ဆက်မပြတ် ဆည်းပူးလေ့လာသွားကြရန် လိုအပ်ပါကြောင်း၊ ပြည်သူများကြားတွင် လက်တွေ့ကျန်းမာရေးစောင့်ရှောက်မှုပေးသည့်အခါ စေတနာ၊ ဝါသနာ၊ အနစ်နာ၊ အကြင်နာ၊ ကရုဏာ-နာ(၅)နာနှင့် ပြုစုစောင့်ရှောက်မှုပေးသွားကြရန် လိုအပ်ပါကြောင်း တိုက်တွန်းပြောကြားသည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က အပတ်စဉ်(၃၀)သူနာပြုသားဖွား သင်တန်းသား သင်တန်းသူ ၇၆ ဦးအတွက် တစ်ဦးလျှင်ငွေကျပ် ၅၀၀၀၀ နှုန်းဖြင့် စုစုပေါင်း ငွေကျပ် ၃၈ သိန်းအား သင်တန်းသား သင်တန်းသူများကိုယ်စား သင်တန်းသား သင်တန်းသူနှစ်ဦးထံထောက်ပံ့ပေးအပ်ပြီး (ဝဲပုံ) ၂၀၂၃ ခုနှစ် ပထမနှစ်(Senior) အတန်းတင်စာမေးပွဲတွင် ပထမ၊ ဒုတိယ၊ တတိယ ဆုရရှိကြသူများအား ဂုဏ်ပြုဆုငွေနှင့် ဂုဏ်ပြုဆုလက်မှတ်များ ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ တိုင်းဒေသကြီး တရားသူကြီးချုပ်နှင့် တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်များက ၂၀၂၃-၂၀၂၄ ပညာသင်နှစ် အတန်းတင် စာမေးပွဲများတွင် ပထမ၊ ဒုတိယ၊ တတိယဆုရရှိကြသော သင်တန်းသားသင်တန်းသူများအား ဂုဏ်ပြုချီးမြှင့်ငွေနှင့် ဂုဏ်ပြုဆုလက်မှတ်များအား ပေးအပ်ချီးမြှင့်ကာ တိုင်းဒေသကြီး လူမှုရေးရာဝန်ကြီး ဦးညွန့်ဝင်းအောင်က မုံရွာ-သူနာပြုနှင့် သားဖွားသင်တန်းကျောင်းအတွက် ကျောင်းအုပ်ဆရာမကြီးထံ ထောက်ပံ့ငွေများပေးအပ်ပြီး မုံရွာ-သူနာပြုနှင့်သားဖွားသင်တန်းကျောင်းမှ ကျောင်းအုပ်ဆရာမကြီးက ဂျူတီကုတ်နှင့် ဦးဆောင်းများအပ်နှင်းရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် မုံရွာ-သူနာပြုနှင့် သားဖွားသင်တန်းကျောင်းမှ ကျောင်းအုပ်ဆရာမကြီးနှင့် တာဝန်ရှိသူများက သူနာပြုသားဖွား ဒီပလိုမာ(ပထမ)နှစ် သင်တန်းသား သင်တန်းသူများအား ဂျူတီကုတ်နှင့် ဦးဆောင်းများအပ်နှင်းကြပြီး သင်တန်းသား သင်တန်းသူများက သူနာပြုသစ္စာအဓိဋ္ဌာန် ရွတ်ဆိုကြသည်။ ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက သင်တန်းသား သင်တန်းသူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်သည်။ **တိုင်းဒေသကြီး (ပြန်/ဆက်)**

# ဝိဇ္ဇာတို့၏ တန်ဖိုး

**ကို (တက္ကသိုလ်)**

တက္ကသိုလ်ဝင်ရန် ဘာသာရပ်ရွေးချယ်ကြသောအခါ မြန်မာစာ၊ ပထဝီ၊ သမိုင်း စသည့် ဝိဇ္ဇာသာသာရပ်တွေကို စိတ်ဝင်စားသူအလွန်နည်းသည်။ ဝါသနာနှင့် အလုပ်အကိုင်အခွင့်အလမ်းကြောင့် မရွေးချယ်လျှင် မပြောလိုချေ။ ဘာသာရပ်တွေကို အထင်မကြီးသောကြောင့်၊ အရေးပါသော ဘာသာမဟုတ်သောကြောင့်ဟုဆိုပါလျှင် အနည်းငယ်တော့ ပြောချင်၏။

မြန်မာစာသည် သမိုင်းတင်ခေတ် အစောပိုင်းကတည်းက ပေါ်ပေါက်လာသောစာပေဖြစ်သည်။ ပါဠိ၊ ပျူ၊ မွန် ဘာသာတို့နှင့်အတူ မြစေတီကျောက်စာတွင် တွေ့ရသည်။ မူလမြန်မာအက္ခရာမှာ လေးထောင့်ကျသည်။ နောက်မှ တဖြည်းဖြည်း အဝိုင်းပုံပြောင်းသည်။ စာတစ်လုံးတိုင်း အဓိပ္ပာယ်တစ်ခုမက ကြွယ်ဝသည်။ သဒ္ဒါပြည့်စုံသဖြင့် စည်းစနစ်ကျနစွာ ရေးသားနိုင်သော စာပေဖြစ်၏။

**ကဗျာကို လေ့လာခြင်းသည် မြန်မာစာကို လေ့လာခြင်းဖြစ်**

မြန်မာစာသင်လျှင် ကဗျာကို ချန်ထား၍ မရချေ။ စာပေပေါ်ထွန်းစက စကားပြေထက် ကဗျာလင်္ကာ သို့မဟုတ် လင်္ကာ- စကားပြေကို အသုံးများခဲ့သည်။ ကဗျာတွင် လောကကြောင်း၊ ဓမ္မကြောင်း စုံလင်လှသည်။ ကဗျာကို လေ့လာခြင်းသည် မြန်မာစာကို လေ့လာခြင်းဖြစ်သည်။ ကမ္ဘာပေါ်၌ မြန်မာစာကဲ့သို့ ကဗျာပုံသဏ္ဌာန် (စပ်နည်း) ကြွယ်ဝသော ဘာသာစာပေ မတွေ့ဖူးသေးချေ။

မြန်မာစာတွင် အရေးလည်း ကြွယ်ဝပါသည်။ စကားပြေ၊ လင်္ကာ- စကားပြေ၊ လင်္ကာ ဟူ၍ အရေးအသား သုံးမျိုးရှိသည်။ ယခုခေတ်တွင် စကားပြေဟူသော နောက်တိုးတစ်မျိုးပင် ရှိလာသည်။ ဤနှယ် အရေးကြွယ်သော စာပေဘာသာရပ်မျိုး ရှိနိုးအံ့မထင်။

မြန်မာစာကို ဆည်းပူးလျှင် ဘာသာရပ်တစ်ခုအနေဖြင့် မဟုတ်သည့်တိုင်အောင် ပါဠိအက္ခရာတို့နှင့် သိကျွမ်းရင်းနှီးဖို့ လိုအပ်သည်။ မြန်မာစာ၌ ပါဠိအက္ခရာ၊ ပါဠိပျက်အက္ခရာ တို့ပါရှိသည်။ ၎င်းအက္ခရာတို့ကို ဗျည်း ၃၃ လုံးဖြင့် ရေးရပါသည်။ မြန်မာစာနှင့် ပါဠိအက္ခရာတို့ နီးကပ်စွာ ရှိနေကြပါသည်။ တစ်ချိန်က အစိုးရသည် မြန်မာဗျည်း ၃၃ လုံးထဲမှ ဗျည်းခြောက်လုံးကိုနုတ်ပယ်ရန် ကြံစည်ကြိုးစားမှုရှိခဲ့သည်။ မြန်မာစာကိုသာမက ကိုးကွယ်ရာ ဘာသာကိုပါ ဖျက်မည့် စီမံကိန်းဖြစ်သည်။ ၎င်းဗျည်းခြောက်လုံးမရှိ/ မသုံးရတော့လျှင် ဗုဒ္ဓဘုရားဟောကြားခဲ့သော ပိဋကတ်သုံးပုံပျက်လိမ့်မည်။ သာသနာ၏ အသက်ဖြစ်သော ပရိယတ္တိပျက်လိမ့်မည်။ ဘုန်းကြီးတွေမည်သို့တရားဟောမည်နည်း။ ဗုဒ္ဓဘာသာဝင်တို့ မည်သို့ပရိတ်ပဋ္ဌာန်းရွတ်ဖတ်မည်နည်း။ နိုင်ငံရေးကိစ္စ ရေးခြင်းမဟုတ်ပါ။ မြန်မာစာနှင့် ဗျည်း ၃၃ လုံးတို့၏ အရေးပါအရာရောက်ပုံကို ရေးခြင်းဖြစ်ပါသည်။

**လူမျိုးကို ချစ်မြတ်နိုးခြင်းသည် နိုင်ငံကို ချစ်မြတ်နိုးခြင်းဖြစ်**

မြန်မာစာသည် မြန်မာလူမျိုးတို့၏ ဘိုးဘွားအမွေ မူပိုင်ကိုယ်ပိုင်ဖြစ်သည်။ မြန်မာစာ ချစ်မြတ်နိုးခြင်းသည် လူမျိုးကို ချစ်မြတ်နိုးခြင်းဖြစ်သည်။ လူမျိုးကို ချစ်မြတ်နိုးခြင်းသည် နိုင်ငံကို ချစ်မြတ်နိုးခြင်းဖြစ်သည်။ လွတ်လပ်ရေးကြိုးပမ်းမှုကာလတွင် မြန်မာစာသည် တို့စာ၊ မြန်မာစကားသည် တို့စကားဟူ၍ စာနှင့် စကားကို မြတ်နိုးဂုဏ်ယူတတ်စေခြင်းဖြင့် အမျိုးသားဇာတိမာန်ကို လှုံ့ဆော်ခဲ့ကြသည်။ မြန်မာစာက ဇာတိမာန်ကို တက်ကြွစေပါသည်။

ပထဝီက နိုင်ငံ၏ သယံဇာတကြွယ်ဝမှုကို သိရှိစေသည်။ လူမျိုးရင်းတို့၏ဇာစ်ကို လှစ်ဟပေးသည်။ စီးပွားရေးအလားအလာကို မှန်းဆနိုင်သည်။ တည်နေရာအရ ကမ္ဘာ့ဇာတ်ပေါ်တွင် နိုင်ငံ၏ အရေးပါမှုနှင့် ဖြစ်နိုင်ခြေရှိသော အနာဂတ်ကို ခန့်မှန်းနိုင်သည်။ ရှည်လျားသော ကမ်းရိုးတန်း၊ ကျွန်းစုများနှင့် သမုဒ္ဒရာနှစ်ခုကို ဆက်စပ်ပေးသော ရေလမ်းကြောင်းတို့ကြောင့် မဟာဗျူဟာကျသော အနေအထားကို သတိပြုနိုင်သည်။

မြေပေါ် မြေအောက်နှင့် ရေအောက်သယံဇာတပေါကြွယ်ဝမှု၊ မြေဩဇာကောင်းမွန်၍ စိုက်ပျိုးရေး ဖြစ်ထွန်းနိုင်မှု၊ သဘာဝသစ်တောဖုံးလွှမ်းမှုနှင့် ရတနာတန်းဝင်သစ်ထွက်ရှိမှု စသောပထဝီဝင်အချက်အလက်များအရ ပြည်သူတို့သာကြိုးစားလျှင် နိုင်ငံ၏ ဒုတိယအမျိုးသားအကျိုးစီးပွားဖြစ်သော တိုင်းပြည်စားရေရိက္ခာပေါများရေးကို လွယ်လင့်တကူ ရရှိနိုင်သည်။

ပင်မတိုင်းရင်းသား ရှစ်မျိုးအပါအဝင် တိုင်းရင်းသား ၁၃၅ မျိုးသည် တောင်ပေါ်မြေပြန့်ဒေသအသီးသီးတွင် ရှေးပဝေသဏီကတည်းက အခြေချနေထိုင်ခဲ့ကြသော လူမျိုးရင်းများဖြစ်ကြသည်။ မြန်မာနိုင်ငံတွင် ပရိုင်းမိတ်ရုပ်ကြွင်းများ တွေ့ရှိခဲ့သည့်နည်းတူ ကျောက် - ကြေး-သံခေတ် သုံးမျိုး၏ အထောက်အထားများလည်း ရှိနေပြီးဖြစ်သည်။ ထို့ကြောင့် ဤပထဝီဝင်တည်နေရာတွင် မြန်မာတို့၏ ဘိုးဘေးဘီဘင်များသည် ခေးမဦးချနေထိုင်ခဲ့ကြောင်း၊ တို့ဘိုးဘွားများပိုင်ဆိုင်ခဲ့သည့် တို့မြေတို့ရေဖြစ်ကြောင်း၊ ယနေ့ကမ္ဘာတွင် လူတွင်ကျယ်လုပ်နေသော နိုင်ငံအချို့ကဲ့သို့ ဒေသခံလူမျိုးရင်းများကို သုတ်သင်ဖယ်ရှားပြီး နေရာဝင်လုကြသည့် ကျူးကျော်သူများမဟုတ်ကြောင်း ပထဝီနှင့် ရှေးဟောင်းသုတေသနတို့က သက်သေပြသည်။

**ဒေသစုံသောနိုင်ငံအဖြစ် ဂုဏ်ယူဖွယ်ကောင်းလှပုံကို ပထဝီမှတစ်ဆင့် သိနိုင်**

ပထဝီကိုသင်ယူခြင်းဖြင့် သည်မြေ သည်ရေကို တန်ဖိုးထားတတ်လာစေသည်။ တစ်မြေတည်းနေ၍ တစ်ရေတည်းသောက်သော တိုင်းရင်းသားညီအစ်ကိုချင်း သွေးစည်းရင်းနှီးလာစေသည်။ အေးအတူပူအမျှ အတူတကွ လက်တွဲနေထိုင်လိုသော ပြည်ထောင်စုစိတ်ဓာတ်ကို ဖြစ်ပေါ်စေသည်။ တောင်တန်း၊ မြေပြန့်၊ ပင်လယ်၊ ကျွန်းစု၊ သစ်တော၊ ကုန်းတွင်း ရေအိုင်ရေကန်ကြီးများ၊ ရေခဲတောင်များ၊ ကန္တာရတို့ဖြင့် ပေါင်းစပ်ထားပြီး စွတ်စို-ခြောက်သွေ့-အေးခဲရာသီ ဒေသစုံသော နိုင်ငံအဖြစ် ဂုဏ်ယူဖွယ်ကောင်းလှပုံကို ပထဝီမှတစ်ဆင့် သိနိုင်သည်။

သမိုင်းအတွက်ကိုမူ ဆရာကြီး ဒေါက်တာသန်းထွန်း ပြောခဲ့သော 'မအ အောင်သင်ယူသည်' ဆိုသော အချက်တစ်ချက်တည်းနှင့်ပင် ပြည့်စုံလုံလောက်နေပါပြီ။ သမိုင်းထဲမှ သင်ခန်းစာများစွာကို ထုတ်ယူအသုံးချနိုင်သဖြင့် တန်ဖိုးရှိလှသည်။

ခေါင်းဆောင်၏ အရည်အချင်း အရည်အသွေးကောင်းမွန်ရေး၊ တပ်မတော်အင်အားတောင့်တင်းရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေး၊ ပညာတတ်ပေါများရေး၊ စီးပွားရေးအောင်မြင်ရေး၊ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး၊ သံခင်းတမန်ခင်း ကောင်းမွန်ရေးတို့မှာ သမိုင်းပေးသော သင်ခန်းစာများဖြစ်သည်။

**ရာဇဝင်နှင့် ခေတ်ဟောင်းသမိုင်းကိုသာမက**
**မြန်မာနှင့် ကမ္ဘာခေတ်သစ်သမိုင်းကိုပါ ဆက်စပ်လေ့လာ**

သမိုင်းဆိုသည်မှာ ရပ်တန့်မနေ။ အချိန်နှင့် လိုက်ပါ ရွေ့လျားလျက်ရှိသည်။ နိုင်ငံ့သမိုင်းခုနစ်ထွေ ဘဝဇာတ်ခုံဖြစ်သည်။ အနိမ့်၊ အမြင့်၊ အတက်၊ အဆင်း၊ အကောင်း၊ အဆိုးတို့သည် ရှုမြင်သူ၊ ပြုစုသူ၏ ယထာဘူတအမြင်ပေါ်တွင် မူတည်သည်။ ပစ္စုပ္ပန်အဖြစ်အပျက်တို့ နှစ်ပေါင်းငါးဆယ်ကျော်ပါက သမိုင်းမှတ်တမ်းဝင်ကြောင်း မှတ်သားခဲ့ရဖူးသည်။ ရှေးဟောင်းသုတေသနပညာရှင်တို့၏ တူးဖော်တွေ့ရှိမှု၊ ရှေးဟောင်းတန်ဖိုးကို ရှေးမူမပျက်ဆက်လက်ထိန်းသိမ်းထားရှိမှုတို့သည် သမိုင်းပညာရှင်များအတွက် အကောင်းဆုံးအထောက်အထားဖြစ်ကြသည်။ စာသင်သားတို့သည် ရာဇဝင်နှင့် ခေတ်ဟောင်းသမိုင်းကိုသာမက မြန်မာနှင့် ကမ္ဘာခေတ်သစ်သမိုင်းကိုပါ ဆက်စပ်လေ့လာဆည်းပူးကြပါလျှင် သမိုင်းသည် စိတ်ဝင်စားဖွယ်ကောင်းပါလိမ့်မည်။

အကြင်လူတစ်ဦးသည် စစ်မှုထမ်းပင်ဖြစ်စေ၊ နိုင်ငံ့အရပ်ဘက်ဝန်ထမ်းပင်ဖြစ်စေ၊ ကုမ္ပဏီဝန်ထမ်းပင်ဖြစ်စေ...ရာထူးအဆင့်ဆင့်တက်လာပြီး စီမံခန့်ခွဲရသည့် ထိပ်ပိုင်းသို့ ရောက်လာသည်နှင့်အမျှ သိပ္ပံထက်ဝိဇ္ဇာကို ပိုပြီးလိုအပ်လာပါသည်။ မြန်မာစာ၊ ပထဝီ၊ သမိုင်းဘာသာရပ်များအပြင် နိုင်ငံတကာဆက်ဆံရေး၊ စီးပွားရေး၊ ဥပဒေ အစရှိသည့် အသိပညာရပ်များကိုပါ ပေါင်းစပ်ပေးရမည်ဖြစ်သည်။ အရှေ့တောင်အာရှနိုင်ငံတွေထဲမှာပင် ဝိဇ္ဇာပညာရပ်များကို သီးသန့်သင်ယူလေ့လာနိုင်သော တက္ကသိုလ်မျိုးရှိနေကြောင်း သိရသည်။ ဝိဇ္ဇာပညာ၏ တန်ဖိုးကို သိသောကြောင့်ဖြစ်ကြောင်း သုံးသပ်နိုင်ပေသည်။ ကမ္ဘာပေါ်တွင် သိပ္ပံဘွဲ့ရ နိုင်ငံ့ခေါင်းဆောင်အချို့ ရှိကြပါသည်။ သို့သော် သူတို့၏ လေ့လာဆည်းပူးမှုတွင် ဝိဇ္ဇာပညာရပ်များကို ချန်ထားခဲ့မည် မဟုတ်ချေ။

မြန်မာတို့သည် မျိုးချစ်စိတ်ထက်သန်၊ ဇာတိမာန်ဖြင့် လွတ်လပ်ရေးကို ရယူခဲ့ကြသည်။ မျိုးချစ်စိတ်နှင့် ဇာတိမာန်သည် ဘုရားပြီး၍ ဖျက်ပစ်ရသောငြမ်းမဟုတ်ချေ။ဟုန်းခနဲ ခေတ္တခဏသာ တောက်လောင်ရသော ကောက်ရိုးမီးမဟုတ်ချေ။ ဖွဲမီးကဲ့သို့ ထာဝရတမြည့်မြည့် လောင်ကျွမ်းနေရမည့် မီးဖြစ်သည်။ မြန်မာတို့၏ရင်ထဲဝယ် ဇာတိသွေးဇာတိမာန်သည် ထာဝရရှင်သန်နေရမည်ဖြစ်သည်။ ဤသို့ ရှင်သန်စေမည့် နည်းများစွာ အနက် တစ်နည်းမှာ ကိုယ့်နိုင်ငံ၏ စာပေ၊ ပထဝီ၊ သမိုင်းတို့ကို သိရှိစေခြင်းဖြစ်သည်။ လွတ်လပ်ရေးရပြီးသော်လည်း၊ လွတ်လပ်ရေးကို စောင့်ရှောက်ထိန်းသိမ်းရန်အလို့ငှာ၊ လွတ်လပ်ရေးကြိုးပမ်းစဉ်ကာလကထက် အဆရာထောင်မကသော ဇာတိသွေး ဇာတိမာန် လိုအပ်ပေသည်။ ဤလိုအပ်ချက်ကို ဝိဇ္ဇာဘာသာရပ်တို့က ဖြည့်ဆည်းပေးနိုင်ပါသည်။ ။

**❋ စစ်မှုထမ်းပင်ဖြစ်စေ၊ နိုင်ငံ့အရပ်ဘက်ဝန်ထမ်းပင်ဖြစ်စေ၊ ကုမ္ပဏီဝန်ထမ်းပင်ဖြစ်စေ...ရာထူးအဆင့်ဆင့်တက်လာပြီး စီမံခန့်ခွဲရသည့်ထိပ်ပိုင်းသို့ ရောက်လာသည်နှင့်အမျှ သိပ္ပံထက်ဝိဇ္ဇာကို ပိုပြီးလိုအပ်လာပါသည်။ မြန်မာစာ၊ ပထဝီ၊ သမိုင်းဘာသာရပ်များအပြင် နိုင်ငံတကာဆက်ဆံရေး၊ စီးပွားရေး၊ ဥပဒေ အစရှိသည့် အသိပညာရပ်များကိုပါ ပေါင်းစပ်ပေးရမည်ဖြစ်သည်။ အရှေ့တောင်အာရှနိုင်ငံတွေထဲမှာပင် ဝိဇ္ဇာပညာရပ်များကို သီးသန့်သင်ယူလေ့လာနိုင်သော တက္ကသိုလ်မျိုးရှိနေကြောင်း သိရသည်။ ဝိဇ္ဇာပညာ၏ တန်ဖိုးကို သိသောကြောင့်ဖြစ်ကြောင်း သုံးသပ်နိုင်ပေ**

❒ ပင်မတိုင်းရင်းသား ရှစ်မျိုးအပါအဝင် တိုင်းရင်းသား ၁၃၅ မျိုးသည် တောင်ပေါ်မြေပြန့်ဒေသအသီးသီးတွင် ရှေးပဝေသဏီကတည်းက အခြေချနေထိုင်ခဲ့ကြသော လူမျိုးရင်းများဖြစ်ကြသည်။ မြန်မာနိုင်ငံတွင် ပရိုင်းမိတ်ရုပ်ကြွင်းများ တွေ့ရှိခဲ့သည့်နည်းတူ ကျောက် - ကြေး - သံခေတ်သုံးမျိုး၏ အထောက်အထားများလည်း ရှိနေပြီးဖြစ်သည်။ ထို့ကြောင့် ဤပထဝီဝင်တည်နေရာတွင် မြန်မာတို့၏ ဘိုးဘေးဘီဘင်များသည် ခေးမဦးချနေထိုင်ခဲ့ကြောင်း၊ တို့ဘိုးဘွားများပိုင်ဆိုင်ခဲ့သည့် တို့မြေတို့ရေဖြစ်ကြောင်း၊ ယနေ့ကမ္ဘာတွင် လူတွင်ကျယ်လုပ်နေသော နိုင်ငံအချို့ကဲ့သို့ ဒေသခံလူမျိုးရင်းများကို သုတ်သင်ဖယ်ရှားပြီး နေရာဝင်လုကြသည့် ကျူးကျော်သူများမဟုတ်ကြောင်း ပထဝီနှင့် ရှေးဟောင်းသုတေသနတို့က သက်သေပြ

# ပြည်ထောင်စုဝန်ကြီး ဦးလှမိုး တပ်ကုန်းမြို့နယ်အတွင်းရှိ ဝါစိုက်သမဝါယမအသင်းသားတောင်သူများထံ သွင်းအားစုများထောက်ပံ့ပေးအပ်

**နေပြည်တော် ဇွန် ၁၀**

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှမိုးသည် ယနေ့ နံနက်ပိုင်းက အမြဲတမ်းအတွင်းဝန် ဦးခန့်ဇော်၊ တာဝန်ရှိသူများနှင့်အတူ နေပြည်တော်ကောင်စီနယ်မြေ တပ်ကုန်းမြို့နယ် ကံလှကျေးရွာအုပ်စု တံခွန်တိုင်ကျေးရွာသို့ သွားရောက်ပြီး တံခွန်တိုင်စိုက်ပျိုးရေးနှင့် အထွေထွေစီးပွားရေးသမဝါယမအသင်းမှ အသင်းသားတောင်သူများထံ စိုက်ပျိုးရေးသွင်းအားစုများ ပေးအပ်ပွဲ အခမ်းအနားသို့ တက်ရောက်သည်။

အခမ်းအနားတွင် နေပြည်တော်ကောင်စီ သမဝါယမဦးစီးဌာန တိုင်းဦးစီးမှူးက တပ်ကုန်းမြို့နယ်အတွင်း ဝါစိုက်ပျိုးရန် သမဝါယမအသင်းများ ဖွဲ့စည်းမှု၊ ပြင်ဆင်မှု၊ မျိုးနှင့် သွင်းအားစုများ ဖြည့်ဆည်းပေးမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးက အသင်းသားတောင်သူများ လိုအပ်သည့် မျိုး၊ စိုက်ပျိုးရေး သွင်းအားစုများရရှိရေးအတွက် သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ပူးပေါင်းချိတ်ဆက် ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ အထွက်တိုးမျိုး ပြောင်းလဲစိုက်ပျိုးရေးနှင့် စိုက်ပျိုးရေးဦးစီးဌာန၏ စိုက်နည်းစနစ်၊ ပိုးသတ်ဆေး၊ ပေါင်းသတ်ဆေးအသုံးပြုရန် ညွှန်ကြားမှုများအတိုင်း တိတိကျကျ လိုက်နာဆောင်ရွက်ပြီး ပန်းတိုင်အထွက်နှုန်းရရှိရေးနှင့် အဆင့်မီဝါများရရှိအောင် ကြိုးပမ်းဆောင်ရွက်ကြရန်၊ လိုအပ်သည့်နေရာများတွင် ဝါကြိတ်စက်၊ ဝါစေ့ဆီစက်များ ထူထောင်လိုပါက ရင်းနှီးမတည်ပေးနိုင်ရေး ချိတ်ဆက်ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း၊ ဝါသီးနှံသာမက စပါး၊ မြေပဲ၊ နှမ်း၊ နေကြာ စသည့်ဆီထွက်သီးနှံများ စိုက်ပျိုးမည်ဆိုပါကလည်း လိုအပ်သည့်မျိုးနှင့် သွင်းအားစုများ ပံ့ပိုးပေးသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက တံခွန်တိုင် စိုက်ပျိုးရေးနှင့် အထွေထွေစီးပွားရေး သမဝါယမအသင်းမှ အသင်းသားတောင်သူများထံ RAKA-666 ဝါမျိုး၊ ဓာတ်မြေဩဇာများနှင့် သဘာဝမြေဩဇာများ ထောက်ပံ့ပေးအပ်ပြီး **(အပေါ်ယာပုံ)** အသင်းသား တောင်သူတစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။



ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် အသင်းသား တောင်သူများ၏ ဝါစိုက်ပျိုးထားမှုနှင့် ဆီထွက်သီးနှံများ စိုက်ပျိုးထားမှုကိုလည်းကောင်း၊ ဇေယျာသီရိမြို့နယ် ဖြုတ်ခွဲကျေးရွာရှိ ကျောက်စိမ်းလယ်ယာနှင့် အထွေထွေစီးပွားရေးသမဝါယမအသင်း၌ ဆီစက်ရုံ တိုးချဲ့တည်ဆောက်နေမှုကိုလည်းကောင်း ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များ ပေါင်းစပ်ဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့် မြန်မာနိုင်ငံဗိသုကာကောင်စီဥက္ကဋ္ဌ ဦးဆောင်သောအဖွဲ့နှင့် တွေ့ဆုံဆွေးနွေး

**နေပြည်တော် ဇွန် ၁၀**

ဆောက်လုပ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့်သည် အဆောက်အဦဦးစီးဌာနနှင့် တံတားဦးစီးဌာနတို့မှ ညွှန်ကြားရေးမှူးချုပ်များ၊ တာဝန်ရှိသူများနှင့်အတူ ယနေ့တွင် ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့နယ် နဝဒေးလမ်းရှိ လမ်းဦးစီးဌာန ညွှန်ကြားရေးမှူးရုံး အစည်းအဝေးခန်းမ၌ မြန်မာနိုင်ငံ ဗိသုကာကောင်စီဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌနှင့် ကောင်စီအဖွဲ့ဝင်များ၊ အတွင်းရေးမှူး၊ တာဝန်ရှိသူများနှင့် တွေ့ဆုံဆွေးနွေးသည်။



တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့်က မြန်မာနိုင်ငံဗိသုကာကောင်စီကို ပထမဆုံးအကြိမ်အဖြစ် ၂၀၁၅ ခုနှစ် ဩဂုတ် ၁၇ ရက်တွင် သက်ဆိုင်ရာအစိုးရဌာနအဖွဲ့အစည်းများ၊ အစိုးရမဟုတ်သော ပညာရပ်ဆိုင်ရာ အသင်းအဖွဲ့များ၊ ဝါရင့်ဗိသုကာပညာရှင်များဖြင့် ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူခွင့်ပြုချက်အရ ဖွဲ့စည်းခဲ့ပြီး ကောင်စီ၏ သက်တမ်းကို (၄)နှစ် သတ်မှတ်ခဲ့ကြောင်း၊ ဒုတိယအကြိမ်အဖြစ် ၂၀၂၀ ပြည့်နှစ် ဖေဖော်ဝါရီ ၂၁ ရက်တွင် ပြန်လည်ဖွဲ့စည်းဆောင်ရွက်ခဲ့ကြောင်း၊ ယခုတတိယအကြိမ်အဖြစ် ၂၀၂၄ ခုနှစ် မေ ၂၀ ရက်တွင် ကောင်စီဝင် ၂၂ ဦးဖြင့် ထပ်မံပြင်ဆင် ဖွဲ့စည်းနိုင်ခဲ့ကြောင်း၊ ဗိသုကာပညာရပ်ဆိုင်ရာ လူ့စွမ်းအား အရင်းအမြစ် (Human Resources) မြှင့်တင်သည့် လုပ်ငန်းကို ပိုမိုဆောင်ရွက်စေလိုပြီး လိုအပ်ချက်များကို ဝန်ကြီးဌာနမှ ကူညီဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ ဗိသုကာကောင်စီအနေဖြင့်လည်း အသင်းအဖွဲ့ စည်းမျဉ်းစည်းကမ်းများ၊ ဥပဒေ၊ နည်းဥပဒေနှင့်အညီ လိုက်နာဆောင်ရွက်ရန် လိုအပ်သကဲ့သို့ နိုင်ငံတော်က ပြဋ္ဌာန်းထားသည့် အသင်းအဖွဲ့မှတ်ပုံတင်ခြင်းဆိုင်ရာ ဥပဒေကိုလည်း လိုက်နာဆောင်ရွက်ရန် အရေးကြီးကြောင်း၊ မြန်မာနိုင်ငံ ဗိသုကာကောင်စီ၏ လုပ်ငန်းစဉ်များ တိုးတက်အောင်မြင်ရေးအတွက် ဆက်လက်ဝိုင်းဝန်း ကြိုးပမ်းဆောင်ရွက်ကြရန် ဆွေးနွေး ပြောကြားသည်။ **(အပေါ်ပုံ)**

ထို့နောက် ဆွေးနွေးပွဲသို့ တက်ရောက်လာသူများက တစ်ဦးချင်း မိမိတို့တာဝန်ယူ ဆောင်ရွက်နေကြသော လုပ်ငန်းနယ်ပယ်များကို မိတ်ဆက်တင်ပြကြပြီး မြန်မာနိုင်ငံ ဗိသုကာကောင်စီဥက္ကဋ္ဌက ကောင်စီ၏ ရည်ရွယ်ချက်၊ ဖွဲ့စည်းပုံ၊ လုပ်ငန်းတာဝန်များကို ဖြန့်ခွဲဆောင်ရွက်နေမှု၊ ဗိသုကာပညာရပ်ကဏ္ဍ တိုးတက်လာစေရေးအတွက် နိုင်ငံတကာနှင့် ချိတ်ဆက်ဆောင်ရွက်နေမှု၊ ကောင်စီအနေဖြင့် နည်းပညာကျွမ်းကျင်သူ မှတ်ပုံတင်လက်မှတ်၊ ဘွဲ့ရ နည်းပညာကျွမ်းကျင်သူ မှတ်ပုံတင်လက်မှတ်၊ မှတ်ပုံတင်ဗိသုကာလက်မှတ်၊ ဗိသုကာလိုင်စင်၊ အကြီးတန်း ဗိသုကာလိုင်စင်၊ နိုင်ငံခြားသား ဗိသုကာမှတ်ပုံတင်လက်မှတ်တို့ကို သတ်မှတ်အရည်အချင်း၊ စည်းကမ်းချက်များနှင့်အညီ စိစစ်ထုတ်ပေးနေမှုနှင့် မှတ်ပုံတင်လက်မှတ်များ သက်တမ်းတိုး လျှောက်ထားလာပါက သတ်မှတ် အရည်အချင်းများကို စိစစ်ပြီး သက်တမ်းတိုးဆောင်ရွက်ပေးသည့် အခြေအနေများကို ရှင်းလင်းတင်ပြသည်။

တင်ပြချက်များနှင့် စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီးက ပညာရပ်ဆိုင်ရာစံချိန်စံညွှန်းပြည့်မီရေး၊ နည်းစနစ်မှန်ကန်ရေး၊ ဘေးအန္တရာယ်ကင်းရှင်းရေး၊ ကျင့်ဝတ်သိက္ခာ ထိန်းသိမ်းစောင့်စည်းရေး ကဏ္ဍတို့ကို ကောင်စီမှစနစ်တကျ ကြီးကြပ် ထိန်းသိမ်းစေလိုကြောင်း၊ မြန်မာနိုင်ငံအဆောက်အအုံဆိုင်ရာ စံချိန်စံညွှန်းလမ်းညွှန်ချက်များ - ၂၀၂၄ (Myanmar National Building Code -2024) ကို ထုတ်ပြန်နိုင်ရေး ဆောင်ရွက်ရာတွင် ဗိသုကာဆိုင်ရာ ကိစ္စရပ်များကို မြန်မာနိုင်ငံဗိသုကာကောင်စီမှ ပူးပေါင်းဆောင်ရွက်ပေးစေလိုကြောင်းနှင့် ဗိသုကာပညာရပ်ဆိုင်ရာ သင်ကြားမှုအဆင့်အတန်း မြင့်မားစေရေးနှင့် အရည်အသွေးပြည့်ဝသော ပညာရှင်များ ပေါ်ပေါက်စေရေးတို့အတွက် ဆွေးနွေးညှိနှိုင်းခဲ့ကြောင်း သိရှိရသည်။

**သတင်းစဉ်**

## ငပုတောမြို့၌ မိုးရာသီ စုပေါင်းသစ်ပင်စိုက်ပျိုးပွဲကျင်းပ

**ငပုတော ဇွန် ၁၀**

သဘာဝပတ်ဝန်းကျင်စိမ်းလန်းစိုပြည်ရန်၊ ရာသီဥတုမျှတပြီး အပူချိန်ထိန်းညှိပေးရန်၊ သစ်တောသယံဇာတရေရှည်တည်တံ့စေရန်၊ ဂေဟစနစ်နှင့် ဇီဝမျိုးစုံမျိုးကွဲများအား ထိန်းသိမ်းရန်နှင့် သစ်တောထိန်းသိမ်းရေးလုပ်ငန်းများတွင် ပြည်သူများတက်ကြွစွာ ပူးပေါင်းပါဝင်လာစေရန် ရည်ရွယ်၍ ၂၀၂၄ ခုနှစ် မိုးရာသီစုပေါင်းသစ်ပင်စိုက်ပျိုးပွဲကို ဇွန် ၉ ရက်က ငပုတောမြို့နယ် အရှေ့ပိုင်းရပ်ကွက် ရွှေကြက်မင်း အောင်သိဒ္ဓိဓာတ်ပေါင်းစုစေတီတော်မြတ်ပရိဝုဏ်အတွင်း၌ ပြုလုပ်သည်။



အဆိုပါ မိုးရာသီစုပေါင်းသစ်ပင်စိုက်ပျိုးပွဲတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးကျော်သူက အမှာစကားပြောကြားသည်။ ထို့နောက် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် မြို့နယ်သစ်တောဦးစီးအရာရှိ ဦးဝင်းထွန်းနိုင်တို့က မြို့နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများထံ ပျိုးပင်များပေးအပ်ပြီး မြို့နယ်ဌာနဆိုင်ရာမှ ဝန်ထမ်းများ၊ မြို့နယ်အမျိုးသမီးရေးရာ အသင်းဝင်များ၊ မြို့နယ်မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဝင်များ၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူ စုစုပေါင်း ၁၂၅ ဦးခန့်က ပျဉ်းကတိုး ၁၀၀၊ မန်ကျည်းရှား ၂၀၀၊ ခရေ ၅၀၊ ယမနေ ၁၅၀ စုစုပေါင်းပျိုးပင် ၅၀၀ ကို စုပေါင်းစိုက်ပျိုးခဲ့ကြသည်။

မြို့နယ်(ပြန်/ဆက်)



၂၀၂၄ ခုနှစ် မိုးရာသီ စုပေါင်းသစ်ပင်စိုက်ပျိုးပွဲတော်ကို မန္တလေးတိုင်းဒေသကြီး မလှိုင်မြို့နယ်၌ ခရိုင်ချင်းဆက်လမ်းအမှတ်(၁)၊ မိုင်တိုင်အမှတ် (၃၄၆/၄) မှ (၃၄၇/၁) အထိ လမ်းဘေးဝဲယာတစ်လျှောက်တွင် ဇွန် ၁၀ ရက်ကကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစိုးမင်းထက်၊ မြို့နယ်သစ်တောဦးစီးမှူး ဦးချစ်သိန်းနှင့် ဌာနဆိုင်ရာဝန်ထမ်းများက ပျိုးပင်မျိုးစုံ ၅၀၀ ကျော်ကို စုပေါင်းစိုက်ပျိုးစဉ်။

မြတ်ထွန်း(မလှိုင်)

**ကြီးမြန်သစ်ပင် စိုက်ပျိုးလျှင် စွမ်းအင်လည်းရ ပြည်လည်းလှ**

# လွိုင်ကော်မြို့တွင် ဖွင့်လှစ်လျက်ရှိသော ဌာနဆိုင်ရာရုံးများနှင့် ဝန်ထမ်းအိမ်ရာများအား ကြည့်ရှုစစ်ဆေးအားပေး

**လွိုင်ကော် ဇွန် ၁၀**

ကယားပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မျိုးတင်သည် ပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်း၌ လွိုင်ကော်မြို့တွင် ရုံးဖွင့်လှစ်၍ လုပ်ငန်းများ ဆောင်ရွက်လျက်ရှိသော ပြည်နယ်ဥပဒေချုပ်ရုံး၊ ပြည်နယ်တရားရေးဦးစီးမှူးရုံး၊ ပြည်နယ်ပညာရေးမှူးရုံး၊ လွိုင်ကော်ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီး ဌာနရုံးများနှင့် ဝန်ထမ်းအိမ်ရာများသို့ သွားရောက်၍ ရုံးအဆောက်အဦများ ဥပဓိရုပ်ခန့်ထည်ရေး ပြင်ဆင်ဆောင်ရွက်ထားရှိမှု အခြေအနေများ၊ ဝန်ထမ်းများ ရုံးလုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများနှင့် ဝန်ထမ်းအိမ်ရာများ၌ ဝန်ထမ်းများ စားသောက်နေထိုင်ရေး စီမံထားရှိမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးခဲ့ပြီး လိုအပ်ချက်များအား ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့သည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်သည် တာဝန်ထမ်းဆောင်လျက်ရှိသော ဝန်ထမ်းများနှင့် ရင်းရင်းနှီးနှီး တွေ့ဆုံ၍ ဝန်ထမ်းများ၏ အခက်အခဲများ၊ လိုအပ်ချက်များ မေးမြန်းခဲ့ပြီး ရေ၊ မီး လိုအပ်ချက်၊ ရုံးသုံးစက်ကိရိယာ လိုအပ်ချက်များ၊ အုပ်ချုပ်ထောက်ပံ့မှုဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ဌာနများအလိုက် တင်ပြချက်များအပေါ် လိုအပ်သည်များ ပံ့ပိုးဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ (ယာပုံ)

ပြည်နယ် (ပြန်\ဆက်)





မြန်မာ-ထိုင်း ချစ်ကြည်ရေးတံတားအမှတ်(၂) နှင့် ကုန်တင်ယာဉ်များ သွားလာမှုကိုတွေ့ရစဉ်။

## မြန်မာ-ထိုင်းချစ်ကြည်ရေးတံတားအမှတ် (၂) ဖွင့်လှစ်ပြီးနောက် မြဝတီမြို့သို့ ထိုင်းဘက်မှ ကုန်ပစ္စည်းများ တင်သွင်းနေ

**ရန်ကုန် ဇွန် ၁၀**

မြန်မာ-ထိုင်းချစ်ကြည်ရေးတံတားအမှတ် (၂) ဖွင့်လှစ်ပြီးနောက် မြဝတီမြို့သို့ ထိုင်းဘက်မှ ပုံမှန် ကုန်ပစ္စည်းများ တင်သွင်းနေပြီး သယ်ယူပို့ဆောင်ရေးသာ ကြန့်ကြာမှုရှိနေကြောင်း အဆိုပါမြို့တွင် နေထိုင်သူ ကုန်သည်များထံမှ သိရသည်။

"ကုန်သွယ်မှုကတော့ ပုံမှန်ပဲဆိုပေမယ့် လမ်းခရီးမှာတော့ ကုန်ကားတွေကတော့ ရက်ကြာတယ်။ မိုးတွင်းနဲ့ လက်ရှိလမ်းတွေက အခုချိန်မှာ ဗွက်တွေဖြစ်နေတော့ နစ်တာပေ့ါ။ သယ်ယူပို့ဆောင်ရေးမှာတော့ ကြန့်ကြာတာတွေတော့ ရှိတယ်လို့ပြောတယ်။ တစ်ရက်ကို ဘယ်နှစီးလောက်ဆိုတာမျိုးတော့ ဒီနောက်ပိုင်းပုံမှန်မရှိတော့ဘူး။ ပုံမှန်မရှိတော့ဘူးဆိုတာက လမ်းခရီးကြောင့်နဲ့ နောက်သွင်းကုန်လိုင်စင်တွေ နည်းနည်းကျဖို့ ခက်ခဲတာနဲ့ဆိုတော့ တောက်လျှောက်ကတော့ တာချီလိတ်၊ ကော့သောင်းဘက်ကိုလည်း ပြောင်းသွားကြတာတွေ ရှိတော့ ပုံမှန်မရှိဘူးပေ့ါ" ဟု မြို့ဝတီမြို့ခံ ကုန်သည်တစ်ဦးက ဆိုသည်။

လမ်းခရီး အဆင်ပြေပါက ပြည်တွင်းသို့ သယ်ယူမှုများပြီး ရာသီဥတု အခြေအနေကြောင့် လမ်းပိတ်ပါက လျော့ကျသွားလေ့ရှိကြောင်းလည်း ၎င်းက ဆိုသည်။

"မြဝတီချစ်ကြည်ရေးတံတားအမှတ် (၂) ဖွင့်လှစ်ပြီးနောက် အဝင်ကတော့ ပုံမှန်ပါပဲ။ ဒီဘက်က လမ်းခရီးအခြေအနေကြောင့် ဟိုဘက်ကို ရက်ရွှေ့တာမျိုးတွေပဲ ရှိတယ်။ အဝင်ကတော့ ပုံမှန်ပါပဲ" ဟု အထက်ပါကုန်သည်က ပြောသည်။

လက်ရှိတွင် လမ်းခရီးအနေဖြင့် ဒေါနတောင်လမ်းဟောင်းနှင့် ထော့ကိုကိုးလမ်းအစရှိသည့် တောလမ်းများကို အသုံးပြုသွားလာနေကြကြောင်းလည်း ၎င်းက ပြောကြားသည်။ ပြီးခဲ့သည့် ရက်ပိုင်းက မိုးရာသွန်းမှု များပြားခဲ့သည့်အတွက် မြဝတီမြို့တွင် ရေကြီးရေလျှံမှု ဖြစ်ခဲ့သော်လည်း ယခုအခါ ရေပြန်ကျသွားပြီဖြစ်ကြောင်းလည်း သိရသည်။

"တောင်ကျချောင်းကြောင့် ရေကြီးနေတာ မဟုတ်ပါဘူး။ မိုးရွာတော့ မိုးရေများလို့ မြောင်းရေကြောင့် လမ်းမှာရေလျှံတာမျိုးပါပဲ။ ရေသိပ်ကြီးတာမျိုးမဟုတ်ပါဘူး"ဟု မြဝတီမြို့ခံတစ်ဦးက ဆိုသည်။

MT

**သစ်ပင်နည်းလာ တို့ကမ္ဘာ၊ လွန်စွာပူအေး ဥတုဘေး**

## ပဲခူးတိုင်းဒေသကြီး ဗဟိုစာရင်းအင်းအဖွဲ့ ကနဦးလိုအပ်ချက် စစ်တမ်းကောက်ယူရေး၊ ပျက်စီးဆုံးရှုံးမှု အတည်ပြုရေးနှင့် လိုအပ်ချက်များ ဆန်းစစ်ဖော်ထုတ်ရေးလုပ်ငန်းကော်မတီ၏ သဘာဝဘေးအန္တရာယ်များကြောင့် ပျက်စီးဆုံးရှုံးမှုစာရင်းများ ကောက်ယူမည့်ပုံစံရှင်းလင်းခြင်း သင်တန်းကျင်းပ

**ပဲခူး ဇွန် ၁၀**

ပဲခူးတိုင်းဒေသကြီး ဗဟိုစာရင်းအင်းအဖွဲ့ ကနဦးလိုအပ်ချက် စစ်တမ်းကောက်ယူရေး၊ ပျက်စီးဆုံးရှုံးမှု အတည်ပြုရေးနှင့် လိုအပ်ချက်များ ဆန်းစစ်ဖော်ထုတ်ရေးလုပ်ငန်းကော်မတီ၏ သဘာဝဘေးအန္တရာယ်များကြောင့် ပျက်စီးဆုံးရှုံးမှုစာရင်းများ ကောက်ယူမည့်ပုံစံ ရှင်းလင်းခြင်း သင်တန်းကို ယနေ့နံနက်ပိုင်းက ပဲခူးမြို့ သီရိဟံသာခန်းမ၌ ကျင်းပသည်။

သင်တန်းတွင် ပဲခူးတိုင်းဒေသကြီး သဘာဝဘေးအန္တရာယ်ဆိုင်ရာ



စီမံခန့်ခွဲမှုအဖွဲ့အောက်ရှိ လုပ်ငန်းကော်မတီ ၁၁ ခုအနက် ကနဦးလိုအပ်ချက် စစ်တမ်းကောက်ယူရေး၊ ပျက်စီးဆုံးရှုံးမှု အတည်ပြုရေးနှင့် လိုအပ်ချက်များ ဆန်းစစ်ဖော်ထုတ်ရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ တိုင်းဒေသကြီး စီးပွားရေးရာဝန်ကြီး ဦးတင်ဦးက ကနဦးလိုအပ်ချက် စစ်တမ်းကောက်ယူရေး၊ ပျက်စီးဆုံးရှုံးမှု အတည်ပြုရေးနှင့် လိုအပ်ချက်များ ဆန်းစစ်ဖော်ထုတ်ရေးလုပ်ငန်းကော်မတီကို ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့က မေ ၂၇ ရက်တွင် အဖွဲ့ဝင် ၁၂ ဦးဖြင့် ပြင်ဆင်ဖွဲ့စည်းခဲ့ပြီး လုပ်ငန်းတာဝန် (၅) ရပ် ချမှတ်၍ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း၊ သဘာဝဘေးအန္တရာယ်များကြောင့် ပျက်စီးဆုံးရှုံးမှုစာရင်းများ ကောက်ယူမည့်ပုံစံ ကဏ္ဍ ၁၇ ခုအား တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်အဆင့် သက်ဆိုင်ရာဌာနများသို့ ပျက်စီးဆုံးရှုံးမှုစာရင်းများ ဖြည့်သွင်းရာတွင် ကွဲလွဲမှုမရှိစေရန်နှင့် တစ်ပြေးညီဖြစ်စေရန်အတွက် သက်ဆိုင်ရာဌာနများမှ သင်တန်းသူ သင်တန်းသား ၇၃ ဦးတို့အား သင်တန်းပို့ချ ပေးခြင်းဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီး ဗဟိုစာရင်းအင်းအဖွဲ့မှ တိုင်းတာဝန်ခံ ဒေါ်လွင်ဝါဝါဇော်က သင်တန်းဖွင့်လှစ်ရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြပြီး ဗဟိုစာရင်းအင်းအဖွဲ့ အရာထမ်းများကလည်း စာရင်း ဖြည့်သွင်းမည့်ပုံစံများကို ကဏ္ဍအလိုက် ရှင်းလင်းဆွေးနွေး၍ တက်ရောက်လာသော ဌာနဆိုင်ရာများက သိရှိလိုသည်များ ဆွေးနွေးမေးမြန်းခဲ့ကြောင်း သိရသည်။

ကိုတွတ်(ပြန်/ဆက်)

## အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများအား လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများအား ဖော်ထုတ်အရေးယူ

**နေပြည်တော် ဇွန် ၁၀**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံ အဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှ တစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူ အနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-က နှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ် ဆက်သွယ်ဆောင်ရွက်ရေးဥပဒေပုဒ်မ ၃၃ (က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့် သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ်၊ ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်း ထုတ်ပြန်ခဲ့ပြီး ဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ၂၀၂၄ ခုနှစ်၊ ဇွန် ၉ ရက်တွင် အသိပေး သတင်းထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုမူလုပ်ဆောင်ခဲ့သည့် "Power Mandalay Mobile Second" Facebook Page အကောင့်ပိုင်ရှင်ဖြစ်သူ စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့နယ် မုံရွာတောင်ရပ်ကွက်နေ ပြည့်ဖြိုးဇော်အား နံနက် ၈ နာရီ မိနစ် ၄၀ တွင် မဟာအောင်မြေမြို့မရဲစခန်း၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ် အရေးယူဆောင်ရွက်ခဲ့သည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

# ရွေးကောက်ပွဲအပြီး ဘယ်လ်ဂျီယံ ဝန်ကြီးချုပ် ရာထူးမှ နုတ်ထွက်



ဘရပ်ဆဲလ် ဇွန် ၁၀

ဘယ်လ်ဂျီယံဝန်ကြီးချုပ် အလက်ဇန္ဒြားဒီခရိုးသည် ဇွန် ၁၀ ရက်မှစတင်၍ တရားဝင် ရာထူးမှ အနားယူကြောင်း နုတ်ထွက်စာကို ဘုရင် ဖိလစ်ထံ တင်သွင်းလိုက်သည်။ ဘယ်လ်ဂျီယံဘုရင်မင်းမြတ်က ၎င်း၏ နုတ်ထွက်စာကို လက်ခံခဲ့ပြီး အစိုးရသစ်မဖွဲ့မချင်း လက်ရှိနိုင်ငံ့အရေးကို ဆက်လက်ကိုင်တွယ်ရန်အတွက် ဝန်ကြီးချုပ် ဒီခရိုးကို တောင်းဆိုခဲ့သည်။ ဘုရင်ဖိလစ်သည် ဖက်ဒရယ်အစိုးရအဖွဲ့ ဖွဲ့စည်းခြင်းလုပ်ငန်းစဉ်ကို စတင်ရန်အတွက် နိုင်ငံရေးခေါင်းဆောင်များနှင့် တိုင်ပင်ဆွေးနွေးသွားဖွယ်ရှိပြီး ယမန်နေ့က ရွေးကောက်တင်မြှောက်သည့် ပါတီကြီးများ၏ ခေါင်းဆောင်များကိုလည်း ဇွန် ၁၀ ရက်တွင် လက်ခံတွေ့ဆုံမည်ဖြစ်သည်။ ဘယ်လ်ဂျီယံနိုင်ငံ၌ ဇွန် ၉ ရက်က လူပေါင်း ၈ ဒသမ ၃၅ သန်းမှာ ဆန္ဒမဲပေးရန်အကျုံးဝင်သည်။

ဝန်ကြီးချုပ် ဒီခရိုးသည် ဥပဒေပြု ရွေးကောက်ပွဲများတွင် ၎င်း၏ VLD ပါတီ၏ စိတ်ပျက်ဖွယ်စွမ်းဆောင်ရည်ကြောင့် ဇွန် ၁၀ ရက်မှ စတင်ကာ ရာထူးမှ နုတ်ထွက်မည်ဖြစ်ကြောင်း ဇွန် ၉ ရက် ညနေပိုင်းက ကြေညာခဲ့သည်။

ရွေးကောက်ပွဲတွင် အနိုင်ရသူများကို ဝန်ကြီးချုပ်က ဂုဏ်ပြုကြောင်းဖော်ပြခဲ့ပြီး ၎င်း၏ပါတီသည် ပြည်ထောင်စုအဆင့် ရွေးကောက်ပွဲတွင် မဲများ၏ ၅ ဒသမ ၉ ရာခိုင်နှုန်းနှင့် ဒေသဆိုင်ရာ ရွေးကောက်ပွဲများတွင် ၈ ဒသမ ၁ ရာခိုင်နှုန်း ရရှိခဲ့သည်။ **ဆင်ဟွာ**

## ခွဲစိတ်မှုသုံးနည်းပညာမြင့်စက်ရုပ်များကို ဂျပန်ကုမ္ပဏီများ စီးပွားဖြစ်တီထွင်ထုတ်လုပ်

တိုကျို ဇွန် ၁၀

ခွဲစိတ်မှုဆိုင်ရာ စက်ရုပ်နည်းပညာဈေးကွက်ထဲသို့ ဂျပန်နည်းပညာ ကုမ္ပဏီအများအပြား ဝင်ရောက်လာကြပြီး ခွဲစိတ်မှုသုံးစက်ရုပ်ဖြင့် ဆေးဘက်ဆိုင်ရာ စောင့်ရှောက်မှုကိုမြှင့်တင်ရန်နှင့် တစ်နိုင်ငံလုံး ဆရာဝန်ရှားပါးမှုကို သက်သာစေမည့် ဆန်းသစ်တီထွင်မှုများကို လုပ်ဆောင်လျက်ရှိသည်။

အနုစိတ် ခွဲစိတ်မှုနည်းပညာ အကူအညီ စက်ရုပ်သစ်၏ရှေ့ပြေးပုံစံကို မကြာသေးမီတွင် ဆိုနီနည်းပညာအုပ်စုက ထုတ်ဖော်ပြသခဲ့ကာ ယင်းစက်ရုပ်သည် အဏုကြည့် မှန်ပြောင်းဖြင့် ကြည့်ရှုပြီး သွေးကြောများကို ချုပ်ခြင်းကဲ့သို့သော အနုစိတ် သိမ်မွေ့စွာ လုပ်ဆောင်ရသော ကုသရေးလုပ်ငန်းများတွင် မရှိမဖြစ်လိုအပ်သည့် လှုပ်ရှားမှုများကို ပိုမိုတည်တည်ငြိမ်ငြိမ် တိတိကျကျဖြင့် ဖန်တီးလုပ်ဆောင်ပေးနိုင်သည်။ အဆိုပါစနစ်တွင် အရောင်၊ အသွင်အပြင်နှင့် အတိမ်အနက်ကိုအသေးစိတ်ပြသပေးနိုင်သည့် ကြည်လင်ပြတ်သားသော ဖန်သားမျက်နှာပြင်လည်း ပါရှိသည်။



ခွဲစိတ်မှုသုံး စက်ရုပ်များ၏ အကောင်းဆုံး အားသာချက်မှာ လူသားများ၏ အရည်အချင်းကို မြှင့်တင်ပေးနိုင်ပြီး အဆင့်မြင့် ဆေးဘက်ဆိုင်ရာ စောင့်ရှောက်မှုကို တိုးချဲ့ရန် အခွင့်အလမ်းဖြစ်ကြောင်း ဆိုနီနည်းပညာအုပ်စုမှ တာဝန်ရှိသူတစ်ဦးဖြစ်သည့် မီကာမီခဲအဲကာ ပြောသည်။ ယင်းကဲ့သို့သော စက်ရုပ်များကို ဂျပန်နည်းပညာကုမ္ပဏီ မက်ဒီကာရိုက်က ၂၀၂၀ ပြည့်နှစ်က စီးပွားဖြစ်ထုတ်လုပ်ခဲ့ပြီး နောက်ပိုင်းအတွင်းပိုင်း အနုစိတ်ခွဲစိတ်ကုသမှုပေါင်း ၅၀၀၀ ကျော်ကို ကူညီလုပ်ဆောင်ပေးခဲ့ပြီးဖြစ်သည်။ **အင်န်အိတ်ချ်ကေ**

## တရုတ်နိုင်ငံ တောင်ပိုင်းဒေသများ ရေကြီးရေလျှံမှု သတိပေးချက်ထုတ်ပြန်

ပေကျင်း ဇွန် ၁၀

လာမည့်ရက်အနည်းငယ်အတွင်း မိုးသည်းထန်စွာရွာသွန်းမှုကြောင့် နိုင်ငံတောင်ပိုင်းဒေသများရှိ အသေးစားနှင့် အလတ်စားမြစ်များမှာ သတိပေးချက်အဆင့် ကျော်လွန်နေပြီဖြစ်သည့်အတွက် ရေကြီးရေလျှံမှု ဖြစ်ပေါ်နိုင်ကြောင်း တရုတ်ရေအရင်းအမြစ်ဝန်ကြီးဌာနက တနင်္လာနေ့တွင် သတိပေးခဲ့သည်။

အဆိုပါ ဝန်ကြီးဌာနသည် မိုးသက်မုန်တိုင်းနှင့် ရေကြီးရေလျှံမှုများကို တုံ့ပြန်ဆောင်ရွက်ရန် တင်ကြိုပြင်ဆင်မှုများ လုပ်ဆောင်လျက်ရှိကြောင်း သိရသည်။ ထို့ပြင် ဒေသတွင်း ရေအရင်းအမြစ်အာဏာပိုင်များကလည်း အထူးသဖြင့် ဆောက်လုပ်ရေးလုပ်ငန်းခွင်များနှင့် ကမ္ဘာလှည့်ခရီးသွားများ ဆွဲဆောင်ရာနေရာများတွင် ကြိုတင်ကာကွယ်ရေးနှင့် တုံ့ပြန်ဆောင်ရွက်ရေး ကြိုးပမ်းအားထုတ်မှုများ အားကောင်းအောင် လုပ်ဆောင်လျက်ရှိကြောင်း သိရသည်။

ရေအရင်းအမြစ်ဝန်ကြီးဌာနနှင့် တရုတ်မိုးလေဝသဉ္စန်ကြားမှုဦးစီးဌာနတို့သည် နိုင်ငံဒေသအနှံ့အပြားတွင် တောင်ကျရေစီးဆင်းမှု ဖြစ်ပေါ်လာနိုင်သည့်အတွက် တနင်္ဂနွေနေ့ညပိုင်းတွင် အဝါရောင်သတိပေးချက် ထုတ်ပြန်ခဲ့သည်။ **ဆင်ဟွာ**

## လစ်ဗျားနိုင်ငံ၌ နေ့စဉ်ရေနံထုတ်လုပ်မှု တိုးမြှင့်မည်ဟုဆို

ထရီပိုလီ ဇွန် ၁၀

ရေနံထုတ်လုပ်မှုတိုးမြှင့်ရန် အစိုးရအဖွဲ့အစည်းအားလုံး၏ စုစည်းကြိုးပမ်းအားထုတ်မှုမှာ အရေးကြီးကြောင်း တနင်္ဂနွေနေ့တွင် လစ်ဗျား ဝန်ကြီးချုပ် အဗ္ဗဒူလ်ဟာမက်ဒဘေဘာက အလေးထားပြောသည်။

ဝန်ကြီးချုပ်သည် လစ်ဗျားအမျိုးသား ရေနံကော်ပိုရေးရှင်း (အင်န်အိုစီ) ဥက္ကဋ္ဌ ဖာရက်ဘန်ဒရာနှင့် ပြုလုပ်သည့် အစည်းအဝေးတွင် ထိုကဲ့သို့ မှတ်ချက်ပြုပြောကြားလိုက်ခြင်းဖြစ်သည်။ ရေနံထုတ်လုပ်မှု အားကောင်းစေရေးအတွက် လစ်ဗျားပုဂ္ဂလိကကဏ္ဍကို ပံ့ပိုးရန်နှင့် လစ်ဗျားအလုပ်သမားများ၏ စွမ်းဆောင်ရည်ကို မြှင့်တင်ရန် ညွှန်ကြားချက်များကိုလည်း အဗ္ဗဒူလ်ဟာမက်ဒဘေဘာက ထုတ်ပြန်ထားသည်။

အစည်းအဝေးတွင် အင်န်အိုစီအနေဖြင့် လာမည့်နှစ်မကုန်မီတွင် တစ်ရက်လျှင် ရေနံစည် နှစ်သန်းအထိ တိုးမြှင့်ထုတ်လုပ်ရန် ရည်မှန်းလုပ်ဆောင်လျက်ရှိကြောင်း ဝန်ကြီးချုပ်က အတည်ပြုပြောသည်။ တနင်္ဂနွေနေ့အထိ လစ်ဗျားနိုင်ငံ၏ နေ့စဉ်ရေနံထုတ်လုပ်မှုသည် ၁၂၅၀၇၇၅ စည်ရှိကြောင်း ကုမ္ပဏီက ပြောသည်။

ရေနံနှင့် ဓာတ်ငွေ့တင်ပို့မှုသည် လစ်ဗျားနိုင်ငံအတွက် အဓိကဝင်ငွေရင်းမြစ်များဖြစ်ကြောင်း သိရသည်။ သို့သော်လည်း ရေနံထုတ်လုပ်မှုကဏ္ဍသည် ပြည်တွင်းပဋိပက္ခများနှင့် နိုင်ငံရေးမတည်ငြိမ်မှုများကြောင့် လွန်ခဲ့သည့်နှစ်များအတွင်း အခက်အခဲများနှင့် ရင်ဆိုင်ခဲ့ရသည်။ **ဆင်ဟွာ**

## စင်ကာပူနိုင်ငံသို့ ခရီးသွားလာရောက်မှု မေလတွင် ၁ ဒသမ ၂၈ သန်းဖြင့် စံချိန်သစ်တင်

စင်ကာပူ ဇွန် ၁၀

စင်ကာပူနိုင်ငံသို့ ခရီးသွားလာရောက်မှုအနေဖြင့် မေလတွင် ခရီးသွား စုစုပေါင်း ၁ ဒသမ ၂၈ သန်း စံချိန်တင် ဝင်ရောက်မှုရှိခဲ့ပြီး တစ်နှစ်ထက် တစ်နှစ် ၁၅ ဒသမ ၃ ရာခိုင်နှုန်း မြင့်တက်လာကြောင်း စင်ကာပူ ခရီးသွားလုပ်ငန်းဘုတ်အဖွဲ့ (အက်စ်အီဘီ)က ထုတ်ပြန်သော နောက်ဆုံး ကိန်းဂဏန်းအချက်အလက်အရ သိရသည်။



ပြီးခဲ့သည့်လတွင် စင်ကာပူနိုင်ငံသို့ ခရီးသွားအများဆုံး ဝင်ရောက်သည့်နိုင်ငံမှာ တရုတ်နိုင်ငံဖြစ်ပြီး ယင်းနောက်တွင် အင်ဒိုနီးရှား၊ အိန္ဒိယ၊ မလေးရှားနှင့် ဩစတြေးလျနိုင်ငံတို့က အများဆုံးဖြစ်ကြောင်း သိရသည်။ စင်ကာပူနိုင်ငံသို့ မေလအထိ ခရီးသွားခုနစ်သန်းခန့် ဝင်ရောက်မှုရှိခဲ့သည်ဟု ဆိုသည်။ ယခုနှစ်တွင် စင်ကာပူနိုင်ငံသို့ ခရီးသွား ဝင်ရောက်မှု ၁၅ သန်းမှ ၁၆ သန်းအထိ ရှိနိုင်ကြောင်း အက်စ်အီဘီက ခန့်မှန်းထားသည်။ **ဆင်ဟွာ**

## တရုတ်နိုင်ငံသို့ ဒူးရင်းသီးတင်ပို့မှု ဒုတိယအများဆုံး ဗီယက်နမ်နိုင်ငံဖြစ်လာ

ဟနွိုင်း ဇွန် ၁၀

ဗီယက်နမ်နိုင်ငံသည် တရုတ်နိုင်ငံသို့ ဒုတိယမြောက် ဒူးရင်းသီးတင်ပို့မှု အများဆုံးနိုင်ငံဖြစ်လာကြောင်း ပြည်တွင်းမီဒီယာများ၏ ဖော်ပြချက်အရ သိရသည်။

တရုတ်နိုင်ငံသို့ ဗီယက်နမ်နိုင်ငံ၏ ဒူးရင်းသီးတင်ပို့မှုသည် ယခုနှစ် ပထမလေးလအတွင်း တစ်နှစ်ထက်တစ်နှစ် ၉၁ ရာခိုင်နှုန်း မြင့်တက်ခဲ့ကြောင်း စက်မှုနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအောက်ရှိ ပို့ကုန်သွင်းကုန်ဦးစီးဌာန၏ ထုတ်ပြန်ချက်အရ သိရသည်။

ဗီယက်နမ်နိုင်ငံသည် ဒူးရင်းသီး၊ ငှက်သိုက်၊ ကန်စွန်းဥ၊ နဂါးမောက်သီး၊ သရက်သီး၊ ပိန္နဲသီး၊ ဖရဲသီး၊ ငှက်ပျောသီး၊ မင်းကွတ်သီး၊ လိုက်ချီးသီးတို့အပါအဝင် တရုတ်နိုင်ငံသို့ စိုက်ပျိုးရေးထုတ်ကုန် ၁၄ မျိုး တင်ပို့လျက်ရှိကြောင်း သိရသည်။ **ဆင်ဟွာ**



# ပဲခူးတိုင်းဒေသကြီးအတွင်း လုံခြုံရေးတာဝန်များ ထမ်းဆောင်လျက်ရှိသော လုံခြုံရေးတပ်ဖွဲ့ဝင်များအား ဂုဏ်ပြုချီးမြှင့်



**နေပြည်တော် ဇွန် ၁၀**

ပဲခူးတိုင်းဒေသကြီးအတွင်း လုံခြုံရေးတာဝန်များ ထမ်းဆောင်လျက်ရှိသော လုံခြုံရေးတပ်ဖွဲ့ဝင်များအား ဂုဏ်ပြုချီးမြှင့်ခြင်းကို ယနေ့ နံနက်ပိုင်းက တောင်ငူလေတပ်စခန်းဌာနချုပ် အားကစားခန်းမ၌ ပြုလုပ်ရာ ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်း၊ တောင်ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် ကြည်သိုက်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ တက်ရောက်ကြသည်။

ဦးစွာ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တိုင်းမှူးတို့က ဂုဏ်ပြုအမှာစကားများ ပြောကြားကြသည်။ ထို့နောက် တောင်ငူမြို့နယ်၊ ရေတာရှည်မြို့နယ်နှင့် ဒိုက်ဦးမြို့နယ်များအတွင်း လက်နက်/ခဲယမ်းနှင့် ဆက်စပ်ပစ္စည်းများ ဖမ်းဆီးရမိမှု ဖြစ်စဉ်များတွင် တာဝန်ကျေပွန်စွာ ထမ်းဆောင်ခဲ့ကြသည့် လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များအား တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တိုင်းမှူးတို့က ဂုဏ်ပြုချီးမြှင့်ငွေများနှင့် စားသောက်ဖွယ်ရာများ ပေးအပ်ကြသည်။

ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တာဝန်ရှိသူများက ဖမ်းဆီးရမိခဲ့သည့် လက်နက်/ခဲယမ်းများနှင့် ဆက်စပ်ပစ္စည်းများကို လိုက်လံကြည့်ရှုခဲ့ကြကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# တောင်ကြီးမြို့၌ မော်တော်ဆိုင်ကယ် စက်ပြင်သင်တန်းနှင့် အခြေခံကွန်ပျူတာသင်တန်းဆင်းပွဲကျင်းပ



**တောင်ကြီး ဇွန် ၁၀**

ရှမ်းပြည်နယ် တောင်ကြီးမြို့နယ် အေးသာယာမြို့ရှိ တိုင်းရင်းသားလူမျိုးများရေးရာ ဝန်ကြီးဌာန၊ ရှမ်းပြည်နယ်တိုင်းရင်းသားရေးရာနှင့် သက်မွေးပညာသင်တန်းစင်တာ၌ ဖွင့်လှစ်ခဲ့သည့် မော်တော်ဆိုင်ကယ်စက်ပြင်သင်တန်း (၃/၂၀၂၄) နှင့် အခြေခံကွန်ပျူတာသင်တန်း (၂/၂၀၂၄) သင်တန်းဆင်းပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းက ကျင်းပသည်။

ယင်းနောက် တိုင်းရင်းသားလူမျိုးများရေးရာ ဝန်ကြီးဌာနက ထောက်ပံ့ပေးသည့် မော်တော်ဆိုက်ကယ် စက်ပြင်ပစ္စည်းများနှင့် သင်တန်းဆင်းလက်မှတ်များကို ရှမ်းပြည်နယ် တိုင်းရင်းသားရေးရာဝန်ကြီး ဦးအောင်ကြည်ဝင်းနှင့် တိုင်းရင်းသားအခွင့်အရေးများ ကာကွယ်စောင့်ရှောက်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမင်းအေးကိုတို့က ပေးအပ်ကြသည်။

ထို့နောက် အခြေခံကွန်ပျူတာသင်တန်းတွင် ပထမ၊ ဒုတိယ၊ တတိယဆုရရှိသူများကို ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ပြီး သင်တန်းသူ သင်တန်းသားကိုယ်စား သင်တန်းသူတစ်ဦးက ကျေးဇူးတင်စကားပြောကြားသည်။

အဆိုပါ သင်တန်းများကို မေ ၉ ရက်မှ ဇွန် ၉ ရက်အထိ ဖွင့်လှစ်ခဲ့ပြီး ရှမ်းပြည်နယ်အတွင်းရှိ ရှမ်း၊ ပအိုဝ်း၊ ဓနု၊ တောင်ရိုး၊ အင်းသား၊ ဗမာ၊ လားဟူ၊ ကရင်၊ ကချင် စသည့် တိုင်းရင်းသားမျိုးနွယ်စုမှ သင်တန်းသူ သင်တန်းသား ၄၀ တက်ရောက်သင်ကြားခဲ့ကြသည်။ **သတင်းစဉ်**

## PDF Game ဆော့ကစားခြင်းကြောင့် ဥပဒေအရအရေးယူခံရနိုင်သည်

အကြမ်းဖက်လုပ်ငန်းများဆောင်ရွက်နေသည့် PDF အဖွဲ့များအား တစ်ဖက်တစ်လမ်းမှ ထောက်ပံ့လှူဒါန်းစေရန်၊ လူငယ်လူရွယ်များ၏ မသိစိတ်များအတွင်း တပ်မတော်အပေါ် အထင်အမြင်လွဲမှားစေ ရန်နှင့် တော်လှန်လိုစိတ်တိုးပွားလာစေရန် စသည့်ရည်ရွယ်ချက်များဖြင့် NUG,CRPH လက်အောက်ခံ အကြမ်းဖက်အဖွဲ့အစည်းများက PDF Game Application များ တီထွင်ဖန်တီး အသုံးပြုလျက်ရှိကြောင်း စိစစ်တွေ့ရှိရသည့်အတွက် PDF Game ဆော့ကစားခြင်းသည် အကြမ်းဖက်အဖွဲ့အား ထောက်ပံ့ခြင်းဖြစ်၍ ဥပဒေအရ အရေးယူခံရနိုင်ကြောင်း အသိပေးအပ်ပါသည်။

# ကလေးမြို့ ရေကူးကန်၌ လူငယ်များကိုဖမ်းဆီးပြီး စစ်မှုထမ်းဆောင်ရန် ခံဝန်ထိုးခိုင်းကြောင်းနှင့် တချို့ကို စစ်မှုထမ်းဆောင်ရန် ဖမ်းဆီးခေါ်ဆောင်သွားကြောင်း သတင်းတု၊ သတင်းအမှားများ လုပ်ကြံရေးသားဖြန့်ဝေလျက်ရှိ




**နေပြည်တော် ဇွန် ၁၀**

စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့ မင်းကြီးဟိုတယ် ရေကူးကန်၌ ရေကူးနေသည့် လူငယ် ၂၀ ကျော်ကို လုံခြုံရေးတပ်ဖွဲ့ဝင်များက ဇွန် ၉ ရက်တွင် ဝင်ရောက်ဖမ်းဆီးခဲ့ပြီး စစ်မှုထမ်းဆောင်ရန် ခံဝန်လက်မှတ် ထိုးခိုင်းကြောင်းနှင့် တချို့ကို စစ်မှုထမ်းဆောင်ရန်အတွက် ဖမ်းဆီးခေါ်ဆောင်သွားကြောင်း ပြည်သူ့စစ်မှုထမ်းဥပဒေနှင့်ပတ်သက်ပြီး ပြည်သူများ အထင်အမြင်လွဲမှားစေရန် တရားမဝင် ပြည်ဖျက်မီဒီယာများက သတင်းတု၊ သတင်းအမှားများဖြင့် လုပ်ကြံရေးသား ဖြန့်ဝေနေသည်ကို တွေ့ရှိရသည်။

အဆိုပါ သတင်းနှင့်ပတ်သက်၍ လုံခြုံရေးတာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ ဇွန် ၉ ရက်တွင် ကလေးမြို့ မင်းကြီးဟိုတယ် ရေကူးကန်၌ လာရောက်ရေကူးသည့် လူငယ်များ ခိုက်ရန်ဖြစ်ပွားနေကြောင်း သတင်းပေးပို့ချက်အရ မြို့နယ်စီမံအုပ်ချုပ်ရေး တာဝန်ရှိသူများက ခိုက်ရန်ဖြစ်ပွားမှုမရှိစေရန်အတွက် သွားရောက်ဖြေရှင်း ဆောင်ရွက်ပေးခဲ့ကြောင်းနှင့် စစ်မှုထမ်းဆောင်ရန် ခံဝန်လက်မှတ်ထိုးခိုင်းခြင်း၊ ဖမ်းဆီးခဲ့ခြင်းမရှိကြောင်း သိရှိရသည်။

တရားမဝင်ပြည်ဖျက်မီဒီယာများနှင့် နယ်မြေတည်ငြိမ်အေးချမ်းမှုကို မလိုလားသူများက ပြည်သူ့စစ်မှုထမ်းဥပဒေ စတင်အာဏာတည်သည့်နေ့မှစပြီး ပြည်သူများကြောက်ရွံ့ ထိတ်လန့်စေရန်နှင့် အထင်အမြင် လွဲမှားစေရန်အတွက် ပြည်သူ့စစ်မှုထမ်းဥပဒေနှင့်ပတ်သက်သည့် သတင်းတု၊ သတင်းအမှားများကို ရည်ရွယ်ချက်ရှိရှိ ရေးသားဖြန့်ဝေနေခြင်းသာဖြစ်ကြောင်း သတင်းရရှိပါသည်။ **သတင်းစဉ်**

## ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၆၃ ဦး တွေ့ရှိ

(၁၀-၆-၂၀၂၄) ရက်နေ့၊ ည (၈:၀၀) နာရီ

ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းများကို စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိရာ (၂-၆-၂၀၂၄) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၉-၆-၂၀၂၄) ရက်နေ့၊ ည (၈:၀၀) နာရီအထိ ရက်သတ္တပတ်အတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၃၁,၇၆၅) ခုအား စစ်ဆေးပြီးစီးခဲ့ရာ COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၆၃) ဦး တွေ့ရှိရပါသည်။ ထို့ကြောင့် ရောဂါပိုးတွေ့ရှိမှု ရာခိုင်နှုန်းမှာ (၀.၂) ရာခိုင်နှုန်း ဖြစ်ပါသည်။ အစီရင်ခံကာလအတွင်း COVID-19 ရောဂါဖြင့် သေဆုံးသူ မရှိပါ။

ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။ **ကျန်းမာရေးဝန်ကြီးဌာန**



**လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန သန်လျင်မြို့နယ် ဦးစီးမှူးရုံးမှ မြို့နယ်ဦးစီးမှူး ဦးကိုကိုလွင်နှင့်ဝန်ထမ်းများ ဇွန် ၁၀ ရက်က ဘုရားကုန်းကျေးရွာ၌ ပန်းခင်းအဆင့်(၃)စီမံချက်ဖြင့် အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ဆောင်ရွက်ရာသို့ ခရိုင်ဦးစီးမှူး ဦးမျိုးဝင်းနှင့် တာဝန်ရှိသူများ ကွင်းဆင်းကြည့်ရှုစစ်ဆေးစဉ်။**

သန်းဝင်း (သန်လျင်)

* *ကျောဖုံးမှ*

ဆီးရီးယားအသင်းက ခုနစ်မှတ်၊ မြောက်ကိုရီးယားအသင်း က ခြောက်မှတ်၊ မြန်မာအသင်းက တစ်မှတ်ရရှိထားသည်။ အုပ်စု (B) တွင် နောက်ဆုံးပွဲ နှစ်ပွဲစလုံးမှာ နောက်တစ်ဆင့်တက်ရေး မျှော်လင့်ချက် ရှိနေသဖြင့် အဆုံးအဖြတ်ပွဲများဖြစ်နေသည်။ ကမ္ဘာ့ဖလား တတိယအဆင့်ခြေစစ်ပွဲ တက်ရောက်ခွင့် တစ်နေရာအတွက် ဆီးရီးယားအသင်းနှင့် မြောက်ကိုရီးယားအသင်းတို့ မျှော်လင့်ချက်ရှိနေပြီး ဆီးရီးယားအသင်းမှာမူ ဂျပန်အသင်းနှင့် အဝေးကွင်း ကစားရမည် ဖြစ်သောကြောင့် အခွင့်အရေးနည်းနေသော်လည်း မြန်မာအသင်းနှင့် ကစားရမည့် မြောက်ကိုရီးယား အသင်းမှာမူ အနိုင်ကစားနိုင်ရုံဖြင့် ကမ္ဘာ့ဖလား တတိယအဆင့်ခြေစစ်ပွဲ တက်ရောက်ခွင့် ရှိနေခြင်းဖြစ်သည်။ မြောက်ကိုရီးယား အသင်းသည် အိမ်ကွင်းနှစ်ပွဲကို မြောက်ကိုရီးယားနိုင်ငံ၌ လက်ခံကျင်းပနိုင်ခြင်း မရှိသဖြင့် ကြားကွင်းဖြစ်သည့် လာအိုနိုင်ငံ၌ ကျင်းပခြင်းဖြစ်ပြီး ဇွန် ၆ ရက်က ကစားသည့် ဆီးရီးယားနှင့်ပွဲကိုလည်း လာအိုနိုင်ငံ၌ ကစားခဲ့ခြင်းဖြစ်သည်။ မြောက်ကိုရီးယားအသင်းသည် မြန်မာအသင်းနှင့် တွေ့ဆုံသည့် ပထမအကျော့ အဝေးကွင်းပွဲတွင် ခြောက်ဂိုး-တစ်ဂိုးဖြင့် ဂိုးပြတ်အနိုင်ရထားသည်။

အာရှဇုန် ဒုတိယအဆင့် ခြေစစ်ပွဲ အုပ်စုနောက်ဆုံးပွဲများကို ဇွန် ၁၁ ရက်တွင် ကျင်းပမည်ဖြစ်ပြီး ကမ္ဘာ့ဖလား တတိယအဆင့် ခြေစစ်ပွဲ တက်ရောက်ခွင့်ရမည့် ငါးသင်း ထွက်ပေါ်ရန် ကျန်ရှိနေသည်။ ၂၀၂၆ ကမ္ဘာ့ဖလား အာရှဇုန် ဒုတိယအဆင့်ခြေစစ်ပွဲကျင်းပသည့်ပုံစံအရ အုပ်စုကိုးခုမှ အမှတ်အများဆုံး ထိပ်ဆုံးနှစ်သင်းစီ စုစုပေါင်း ၁၈ သင်းမှာ ကမ္ဘာ့ဖလား တတိယအဆင့်ခြေစစ်ပွဲ ဆက်လက်ကစားခွင့်ရပြီး ၂၀၂၇ အာရှဖလား ခြေစစ်ပွဲအောင်မြင်မည်ဖြစ်သည်။ အမှတ်အနည်းဆုံးနှစ်သင်းစီ စုစုပေါင်း ၁၈ သင်းမှာမူ ကမ္ဘာ့ဖလားခြေစစ်ပွဲ ဆက်လက်ကစားခွင့်ဆုံးရှုံးကာ ၂၀၂၇ အာရှဖလား တတိယအဆင့် ခြေစစ်ပွဲသာ ယှဉ်ပြိုင်ရမည်ဖြစ်သည်။

**ရဲရင့်လွင်၊ ဓာတ်ပုံ-သော်လေး**


**ဥပဒေဘောင်အတွင်း နေထိုင်ခြင်း ဘေးကင်းရန်ကွာ စိတ်ချမ်းသာ**

❑ *ကျောဖုံးမှ*

လမ်းတံတားများအား မီးရှို့ခြင်း၊ ဖောက်ခွဲဖျက်ဆီးခြင်း စသည့် အကြမ်းဖက် လုပ်ငန်းများကို နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိပါသည်။

အကြမ်းဖက်အုပ်စု အဖြစ် ကြေညာထားသော NUG လက်အောက်ခံ ရန်ကုန် UG အကြမ်းဖက်အဖွဲ့ဝင်များသည် ဇွန် ၈ ရက်တွင် **သန်လျင်တံတားအမှတ်(၃) ဖွင့်ပွဲအခမ်းအနား** ကျင်းပစဉ် အပြစ်မဲ့ပြည်သူများကို ထိခိုက်သေကျေပျက်စီးစေရန် ရည်ရွယ်ချက်ဖြင့် **၁၀၇ မမ ရှော့တိုက်ဒုံး** များဖြင့် ပစ်ခတ်တိုက်ခိုက်ရန် စီစဉ်လျက်ရှိကြောင်း အကြမ်းဖက်မှုကို မလိုလားသည့်ပြည်သူများ၏ သတင်းပေးပို့ချက်အရ အကြမ်းဖက်သမား များအား ဖမ်းဆီးရမိနိုင်ရေး နေ့/ညမပြတ် ဆောင်ရွက်ခဲ့ရာ ဇွန် ၈ ရက် နံနက်ပိုင်းတွင် ဒဂုံမြို့သစ်(ဆိပ်ကမ်း) မြို့နယ်၊ (၆၁) ရပ်ကွက်၊ သဘော်ာကျင်းဝန်ထမ်းအိမ်ရာဝင်းအတွင်းရှိ သစ်သားလိုင်းခန်းအဟောင်း၌ ရန်ကုန် UG အကြမ်းဖက်အဖွဲ့ဝင်များဖြစ်သော **စိန်ကြီး(ခ)အောင်ထွေး** (၂၆) နှစ်၊ **ချိုကြီး (ခ) ဟိန်းထက်အောင်** (၁၈) နှစ်၊ **မင်းသူ** (၃၀) နှစ်၊ **မောင်ဟိန်း** (၂၄) နှစ်၊ **အောင်သူရထွန်း** (၂၅) နှစ်၊ **ပြည့်ဖြိုးဇော်** (၁၈) နှစ်နှင့် **ထက်အာကာလင်း** (၂၆) နှစ်တို့ ၇ ဦးအား **၁၀၇ မမ ရှော့တိုက်ဒုံး ၂ လုံး၊ ဖျူး ၂ ခု၊ လက်ပစ်ဗုံး ၂ လုံး၊ ဘက်ထရီအိုး ၂ လုံး၊ ဝိုင်ယာကြိုးခွေ ၄ ခွေ၊ အခြား ဆက်စပ်ပစ္စည်းများနှင့်** အတူ ဖမ်းဆီးရမိခဲ့သည်။

### သန်လျင်တံတားအမှတ်(၃)ဖွင့်ပွဲအား ၁၀၇ မမရှော့တိုက်ဒုံးသီးဖြင့် ပစ်ခတ်မည့် အကြမ်းဖက်သမားများ ဖမ်းဆီးရမိမှုအခြေပြဇယား




ဖမ်းဆီးရမိ တရားခံများ၏ ထွက်ဆိုချက်အရ ဇွန် ၉ ရက် နံနက်ပိုင်းတွင် ရှော့တိုက်ဒုံး ပစ်ခတ်ရန် ပူးပေါင်းပါဝင်သူများဖြစ်သော **ချစ်ကေခိုင်** (၃၈) နှစ်အား ဒဂုံမြို့သစ် (တောင်ပိုင်း) မြို့နယ်၊ (၇၂)ရပ်ကွက်၊ သဇင်လမ်း၊ အမှတ်(၉၃)နေအိမ်မှ လည်းကောင်း၊ **ဇာနည်အောင်(ခ)ကိုဇာ** (၃၂) နှစ်အား ဒဂုံမြို့သစ်(တောင်ပိုင်း) မြို့နယ်၊ (၇၂) ရပ်ကွက်၊ ဗန္ဓုလလမ်း၊ အမှတ်(၁၁၁)နေအိမ်မှ ၁၀၇ မမ ရှော့တိုက်ဒုံး ၁ လုံး၊ ဖျူးတစ်ခုတို့ဖြင့် လည်းကောင်း အသီးသီးထပ်မံ ဖော်ထုတ်ဖမ်းဆီးရမိခဲ့ပြီး ဖြစ်စဉ်တွင် တရားခံ **ကျား ၈ ဦး၊ မ ၁ ဦး ပေါင်း ၉ ဦးတို့နှင့်အတူ ၁၀၇ မမ ရှော့တိုက်ဒုံး ၃ လုံး၊ ဖျူး ၃ ခု၊ လက်ပစ်ဗုံး ၂ လုံး၊ ဘက်ထရီအိုး ၂ လုံး၊ ဝိုင်ယာကြိုးခွေ ၄ ခွေနှင့် အခြားဆက်စပ် ပစ္စည်းများ**အား ဖော်ထုတ်သိမ်းဆည်းရမိခဲ့သည်။

ဖမ်းဆီးရမိ တရားခံများ၏ ထွက်ဆိုချက်အရ Brigate Drone Force PDF အကြမ်းဖက်အဖွဲ့ဝင် ဖမ်းဆီးရန်ကျန် တရားခံ **အာကာမင်း**မှ ၂၀၂၄ ခုနှစ်၊ ဧပြီလ တတိယပတ်တွင် Instagram မှတစ်ဆင့် ရှော့တိုက်ဒုံး ချိန်ရွယ်နည်းနှင့် ပစ်ခတ်နည်းများအား သင်ကြားပေးခဲ့ကြောင်း၊ သန်လျင်တံတားအမှတ် (၃) ဖွင့်ပွဲအခမ်းအနား ကျင်းပစဉ် အပြစ်မဲ့ပြည်သူများကို ထိခိုက်သေကျေ ပျက်စီးစေရန် ရည်ရွယ်၍ လုပ်ကြံပစ်ခတ်ရန် အတွက် မေ ၁၉ ရက်တွင် ရန်ကုန် UG အဖွဲ့ဝင် ဖမ်းဆီးရန်ကျန် တရားခံ **ဖြူနှင်းအေး(ခ)မီးအိမ်ရှင်**မှ **စိန်ကြီး(ခ)အောင်ထွေး** အား ဆက်သွယ်၍ ၁၀၇ မမ ရှော့တိုက်ဒုံးသီး ၃ လုံးနှင့် လက်ပစ်ဗုံး ၂လုံးတို့ကို ချိတ်ဆက်ပို့ဆောင်ပေးခဲ့သဖြင့် **စိန်ကြီး(ခ)အောင်ထွေး၊ ဇာနည်အောင် (ခ) ကိုဇာနှင့် ချစ်ကေခိုင်** တို့ ၃ ဦးမှ ပုဇွန်တောင်မြို့နယ်၊ Ocean Center အနီးရှိ ကားမှတ်တိုင်တွင် ရန်ကုန် UG အဖွဲ့ဝင် (စိစစ်ဆဲ) ကျား ၂ ဦးထံမှ သွားရောက်ယူဆောင်ခဲ့ပြီး သိုဝှက်သိမ်းဆည်းထားခဲ့ကြောင်း ဖော်ထုတ်သိရှိရသည်။

ဖမ်းဆီးရမိ တရားခံများ၏ ထွက်ဆိုချက်အရ **စိန်ကြီး (ခ) အောင်ထွေး၊ ချိုကြီး(ခ)ဟိန်းထက်အောင်၊ မောင်ဟိန်း၊ ပြည့်ဖြိုးဇော်၊ ထက်အာကာလင်း၊ ဇာနည်အောင် (ခ) ကိုဇာနှင့် ချစ်ကေခိုင်** တို့ ၇ ဦးသည် ဇွန် ၄ ရက်မှ ၈ ရက်အထိ သန်လျင်တံတား၏ အခြေအနေ၊ သန်လျင်တံတားအဆင်းတိုးဂိတ်အနီးနေရာနှင့် ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ မြနန္ဒာအိမ်ရာအနီးတစ်ဝိုက်ရှိ လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ အခြေအနေတို့အား ၅ ကြိမ် သွားရောက်ကြည့်ရှုခဲ့ကြောင်း၊ ထို့နောက် ၁၀၇ မမ ရှော့တိုက်ဒုံး ပစ်ခတ်မည့်နေရာအား ဆိပ်ကမ်းသာလမ်း အောက်ဘက် "ဘုရင်ကြီး" သဲကျောက်ရောင်းဝယ်ရေးလုပ်ငန်း၏ အရှေ့ဘက် မီတာ ၁၀၀၀ ခန့်အကွာ သဲကွင်းပြင်နေရာကို ရွေးချယ်သတ်မှတ်ခဲ့ပြီး ဇွန် ၈ ရက် တံတားဖွင့်ပွဲအခမ်းအနား ကျင်းပမည့်အချိန်တွင် ပစ်ခတ်ဖောက်ခွဲရန် စီစဉ်ခဲ့ကြကြောင်း ဖော်ထုတ်သိရှိရသည်။

သို့ဖြစ်ပါ၍ ဖမ်းဆီးရမိတရားခံများအား ဥပဒေအရ ထိရောက်စွာ အရေးယူနိုင်ရေး ဆက်လက် ဆောင်ရွက် သွားမည်ဖြစ်ပြီး အကြမ်းဖက်မှု ဆောင်ရွက်နေသူများအား ပြည်သူတစ်ရပ်လုံးက ဝိုင်းဝန်း ကာကွယ်တိုက်ဖျက်ကြရန်နှင့် ပြစ်မှုကျူးလွန်ရာတွင် ပါဝင်ပတ်သက်သူများ၊ နောက်ကွယ်မှ ထောက်ပံ့ပေးလျက်ရှိသော ဆက်စပ်တရားခံများအား အမြန်ဆုံးဖမ်းဆီးရမိရေးအတွက် ၎င်းတို့ ပုန်းခိုရာနေရာများ၊ လှုပ်ရှားသွားလာနေထိုင်မှု သတင်းများရရှိပါက သက်ဆိုင်ရာသို့ လျှို့ဝှက်စွာ သတင်းပေး တိုင်ကြားနိုင်ပါကြောင်း၊ သတင်းပေးသူနှင့် ဖမ်းဆီးပေးသူများအား ထိုက်တန်စွာ လျှို့ဝှက်၍ ဆုငွေများချီးမြှင့်ပေးလျက်ရှိကြောင်းနှင့် မြို့ရွာများ အမြန်ဆုံးအေးချမ်း တည်ငြိမ်ရေးအတွက် ပြည်သူတစ်ရပ်လုံး ပူးပေါင်းပါဝင်ကြိုးပမ်းဆောင်ရွက်နိုင်ပါရန် မေတ္တာရပ်ခံအပ်ပါကြောင်း အသိပေးသတင်းထုတ်ပြန်ထားသည်။ **သတင်းစဉ်**

**သန်လျင်တံတားအမှတ်(၃)ဖွင့်ပွဲအခမ်းအနားအား အကြမ်းဖက်သမားများမှ ၁၀၇ မမရှော့တိုက်ဒုံးသီးဖြင့် ပစ်ခတ်ရန် စီစဉ်ဆောင်ရွက်ခဲ့မှုအခြေအနေ**






၂၀၂၄ ခုနှစ် ဇွန်လ ၉ ရက်တွင် သိမ်းဆည်းရမိသည့် သန်လျင်တံတားအမှတ်(၃)ဖွင့်ပွဲအား ပစ်ခတ်မည့် ၁၀၇ မမ ရှော့တိုက်ဒုံးနှင့် ဆက်စပ်ပစ္စည်းများ။

# ရန်ကုန်တိုင်းဒေသကြီး တာမွေမြို့နယ်၌ ငွေကျပ် တစ်ဘီလီယံတန်ဖိုးရှိ အိုက်စ်(မက်သ်အဖက်တမင်း) ကီလို ၄၀ ဖမ်းဆီးရမိ

**နေပြည်တော် ဇွန် ၁၀**

ရန်ကုန်တိုင်းဒေသကြီး တာမွေမြို့နယ်၌ ငွေကျပ် တစ်ဘီလီယံတန်ဖိုးရှိ အိုက်စ် (မက်သ်အဖက်တမင်း) ကီလို ၄၀ ဖမ်းဆီးရမိခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

ဖြစ်စဉ်မှာ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဇွန် ၈ ရက် မွန်းလွဲ ၂ နာရီတွင် ရန်ကုန်တိုင်းဒေသကြီး တာမွေမြို့နယ် အရိုးကုန်းရပ်ကွက် (၁၄၆) လမ်းရှိ မစုမွန်ကျော် ငှားရမ်းနေထိုင်သည့် နေအိမ်တိုက်ခန်းအား သတင်းအရ ရှာဖွေရာ ဒေသကာလတန်ဖိုးငွေကျပ် တစ်ဘီလီယံတန်ဖိုးရှိ အိုက်စ် (မက်သ်အဖက်တမင်း) ကီလို ၄၀ သိမ်းဆည်းရမိခဲ့သဖြင့် **(ယာပုံ)** ၎င်းအား ဥပဒေအရ အရေးယူထားရှိပြီး ကွင်းဆက်ပြစ်မှု ကျူးလွန်သူများကို ဆက်လက်စစ်ဆေး ဖော်ထုတ်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**



# ခေတ်စားလာသော Online လိမ်လည်မှုများ

**ကိုကိုချွန် (FIU မော်လမြိုင်)**

**အွန်လိုင်းလိမ်လည်မှုဆိုသည်မှာ အင်တာနက်အွန်လိုင်း ဆက်သွယ်မှုကွန်ရက်ကိုအသုံးချ၍ လူပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းများထံမှ ငွေကြေး သို့မဟုတ် အချက်အလက်များ လိမ်လည်လှည့်ဖြား ရယူခြင်းပင်ဖြစ်ပါသည်။ အင်တာနက်အွန်လိုင်း အသုံးပြုကျူးလွန်မှုတွင် သိသာထင်ရှားသော မှုခင်းအမျိုးအစားများမှာ လောင်းကစားမှု၊ လိမ်လည်မှုနှင့် ဆိုက်ဘာမှုခင်းများ ဖြစ်ပါသည်။ ယင်းမှုခင်းများအနက် မြန်မာနိုင်ငံတွင် လက်ရှိကြုံတွေ့နေရပြီး နိုင်ငံသားများ၏ ပိုင်ဆိုင်မှု ငွေကြေးနှင့် လုံခြုံရေးကို တိုက်ရိုက်ခြိမ်းခြောက်နေသော မှုခင်းမှာ အွန်လိုင်းလိမ်လည်မှုပင် ဖြစ်ပါသည်။**



နည်းပညာများ လျင်မြန်စွာ ဖွံ့ဖြိုးတိုးတက်လာမှုနှင့်အတူ ကမ္ဘာ့လူသားများအတွင်း ရုပ်ဝတ္ထုများအပေါ် မှီခိုအားထားမှုများလည်း တစ်နေ့တခြား တိုးတက်လာပါသည်။ ၂၀၁၉ ခုနှစ်တွင် စတင်ဖြစ်ပွားခဲ့သော ကိုဗစ်-၁၉ ကပ်ရောဂါသည် တစ်ကမ္ဘာလုံးအတိုင်းအတာဖြင့် ပျံ့နှံ့ခဲ့ပြီး လူသားအားလုံးအပေါ် သက်ရောက်မှု ကြီးစွာဖြစ်ပေါ်လာခဲ့ပါသည်။ နိုင်ငံအလိုက်၊ ဒေသအလိုက် ရောဂါကူးစက်မှုကို ထိန်းချုပ်နိုင်ရန် ရည်ရွယ်ပြီး သွားလာမှု ကန့်သတ်ထိန်းချုပ်ခြင်းများကို ဆောင်ရွက်လာခဲ့ရပါသည်။ ကျောင်းများ၊ အလုပ်ရုံများနှင့် စီးပွားရေးလုပ်ငန်းများ ကာလကြာရှည် ရပ်နားထားရသဖြင့် နိုင်ငံအလိုက် စီးပွားရေးအပေါ် များစွာထိခိုက်စေခဲ့ပါသည်။

ထိုအခြေအနေများကို ကျော်လွှားနိုင်ရန်အတွက် အွန်လိုင်းအသုံးပြုမှုများသည် ကဏ္ဍစုံတွင် ကျယ်ပြန့်လာခဲ့ပါသည်။ ကျောင်းများ၊ အလုပ်များ ရပ်နားထားရသဖြင့် ဆိုရှယ်မီဒီယာအသုံးပြုသူနှင့် သုံးစွဲမှုများ မြင့်တက်လာခဲ့ပါသည်။ လုပ်ငန်းများကို ကာလကြာရှည်စွာ ရပ်နားထားရန် မဖြစ်နိုင်သည့်အတွက် ကျောင်းများ၊ ဝန်ဆောင်မှု လုပ်ငန်းများနှင့် စီးပွားရေးလုပ်ငန်းများတွင် အွန်လိုင်းအခြေပြု လုပ်ကိုင်သည့်ပုံစံသို့ ပြောင်းလဲကျင့်သုံးလာကြပါသည်။ အွန်လိုင်းမှ စာသင်ကြားခြင်း၊ အိမ်မှအလုပ်လုပ်ခြင်း (Work From Home)၊ အွန်လိုင်းဝန်ဆောင်မှုပေးခြင်းတို့ကို ပြည်သူများအတွင်း ကျယ်ပြန့်စွာ အသုံးပြုလာကြပါသည်။ ဆိုရှယ်မီဒီယာများ၏ ကဏ္ဍစုံ အသုံးချနိုင်မှုကလည်း အွန်လိုင်းအသုံးပြုမှုကို မြင့်တက်စေခဲ့ပါသည်။ နယ်စည်းမခြား ကျယ်ကျယ်ပြန့်ပြန့် ဆက်သွယ်နိုင်မှုနှင့် လွယ်ကူလျင်မြန်စွာ ဆောင်ရွက်နိုင်ခြင်းကလည်း အခြေခံစားသောက်ကုန်များ ပို့ဆောင်ခြင်းမှ Online Banking / Online Payment နှင့် Online Trading အထိ အသုံးပြုလာကြပါသည်။

**ဒုစရိုက်သမားများအတွက် နယ်မြေသစ်တစ်ခု ဖြစ်လာ**

ထိုသို့ နည်းပညာတွင်ကျယ်လာမှုနှင့် ပြည်သူလူထုအတွင်း အွန်လိုင်းအသုံးပြုမှုများ များပြားလာခြင်းက ဒုစရိုက်သမားများအတွက် ကျင်လည်ကျက်စားရာ နယ်မြေသစ်တစ်ခု ဖြစ်လာစေခဲ့ပါသည်။ နိုင်ငံအလိုက် အွန်လိုင်းပေါ်တွင် ပြစ်မှုကျူးလွန်မှုများလည်း တစ်နှစ်ထက်တစ်နှစ် တိုးတက်လာခဲ့ပါသည်။ နိုင်ငံအလိုက် ကျူးလွန်သည့်ပုံစံများ ကွဲပြားနေသော်လည်း အများစုမှာ အွန်လိုင်းလိမ်လည်မှုများ ဖြစ်ပါသည်။ မြန်မာနိုင်ငံတွင်လည်း အင်တာနက်အွန်လိုင်း ဆက်သွယ်ရေးပေါ် အသုံးချကာ လိမ်လည်သည့် မှုခင်းများ တိုးတက်လာခဲ့ပါသည်။ အွန်လိုင်းလိမ်လည်မှုမှ ရရှိလာသည့် ငွေကြေးများအား အွန်လိုင်း ဘဏ်လုပ်ငန်းစနစ်အပေါ် တလွဲအသုံးပြု၍ ငွေကြေးခဝါချနေခြင်းသည် နိုင်ငံတော်အတွက် ခြိမ်းခြောက်မှုတစ်ခု ဖြစ်စေပါသည်။

**နှစ်စဉ် မြန်မာကျပ်ငွေ ငါးဘီလီယံနှင့်အထက် ဆုံးရှုံးနစ်နာ**

အွန်လိုင်းလိမ်လည်မှုနှင့် ပတ်သက်၍ မှုခင်းရဲတပ်ဖွဲ့ထံ နယ်မြေရဲစခန်းများမှ ထင်မြင်ချက်တောင်းခံမှုအရ ၂၀၁၉ ခုနှစ်တွင် ၁၁၆ မှု၊ ၂၀၂၀ ပြည့်နှစ်တွင် ၁၄၂ မှု၊ ၂၀၂၁ ခုနှစ်တွင် ၇၈ မှု၊ ၂၀၂၂ ခုနှစ်တွင် ၁၂၉ မှုနှင့် ၂၀၂၃ ခုနှစ်တွင် ၁၇၆ မှု စုစုပေါင်း ၆၄၃ မှု ဖြစ်ပွားခဲ့ကြောင်း သိရှိရပါသည်။ အွန်လိုင်းလိမ်လည်မှုများ ပြည်သူလူထုအတွင်း အမှန်တကယ်ဖြစ်ပွားနေမှုများမှာ ယခုထက် ပိုမိုများပြားနေမည် ဖြစ်သော်လည်း လိမ်လည်ခံရသည့် ငွေပမာဏနည်းပါးခြင်း၊ ရဲစခန်းနှင့် တရားရုံးများအတွက် အချိန်မပေးခြင်း၊ ဥပဒေအရ နစ်နာသူမှ တရားလိုပြုလုပ်ရန် လိုအပ်ခြင်း၊ အလိမ်ခံရမှုအပေါ် ရှက်ရွံ့သဖြင့် မတိုင်ကြားလိုခြင်းတို့ကြောင့် အမှုဖွင့်တိုင်ကြားခြင်းမရှိသည့် မှုခင်းများစွာရှိနေနိုင်ပါသည်။ မြန်မာနိုင်ငံ၌ အွန်လိုင်းလိမ်လည်မှုများကြောင့် ပြည်သူလူထုအတွင်း နှစ်စဉ် မြန်မာကျပ်ငွေ ငါးဘီလီယံနှင့်အထက် ဆုံးရှုံးနစ်နာနေကြောင်း ခန့်မှန်းထားပါသည်။

အွန်လိုင်းလိမ်လည်မှုများအနက် အရိုးရှင်းဆုံးသော လိမ်လည်နည်းမှာ အွန်လိုင်းပေါ်ကြော်ငြာထားသောပစ္စည်းများအား ငွေပေးချေပြီးနောက် ပစ္စည်းပေးပို့သူမှတစ်ဆင့် ဝယ်ယူသူထံ ရောက်ရှိလာချိန်တွင် ကုန်အမှတ်တံဆိပ် မှားယွင်းခြင်း၊ အရည်အသွေး၊ အရွယ်အစား၊ အရောင်နှင့် ပုံသဏ္ဌာန်ကွဲလွဲနေခြင်းတို့သည် အခြေခံအကျဆုံးသော အွန်လိုင်းလိမ်လည်နည်းများ ဖြစ်ကြပါသည်။ လိမ်လည်မှုများသည် အသေးစားလိမ်လည်မှုများဖြစ်သဖြင့် သက်ဆိုင်ရာသို့ တိုင်ကြားခြင်းမရှိသည်ကို နေ့စဉ်နှင့်အမျှ ကြုံတွေ့နေရပါသည်။

- ❑ **မြန်မာနိုင်ငံတွင်လည်း အင်တာနက်အွန်လိုင်း ဆက်သွယ်ရေးပေါ် အသုံးချကာ လိမ်လည်သည့်မှုခင်းများ တိုးတက်လာခဲ့ပါသည်။ အွန်လိုင်းလိမ်လည်မှုမှ ရရှိလာသည့် ငွေကြေးများအား အွန်လိုင်းဘဏ်လုပ်ငန်းစနစ်အပေါ် တလွဲအသုံးပြု၍ ငွေကြေးခဝါချနေခြင်းသည် နိုင်ငံတော်အတွက် ခြိမ်းခြောက်မှုတစ်ခုဖြစ်စေ**
- ❑ **အွန်လိုင်းလိမ်လည်မှုနှင့်ပတ်သက်၍ မှုခင်းရဲတပ်ဖွဲ့ထံ နယ်မြေရဲစခန်းများမှ ထင်မြင်ချက်တောင်းခံမှုအရ ၂၀၁၉ ခုနှစ်တွင် ၁၁၆ မှု၊ ၂၀၂၀ ပြည့်နှစ်တွင် ၁၄၂ မှု၊ ၂၀၂၁ ခုနှစ်တွင် ၇၈ မှု၊ ၂၀၂၂ ခုနှစ်တွင် ၁၂၉ မှုနှင့် ၂၀၂၃ ခုနှစ်တွင် ၁၇၆ မှု စုစုပေါင်း ၆၄၃ မှု ဖြစ်ပွားခဲ့**

**အများဆုံးကျူးလွန်သည့် ပုံစံ (၅) မျိုး**

၂၀၂၃ ခုနှစ် နိုဝင်ဘာလတွင် ငွေကြေးဆိုင်ရာ အရေးယူဆောင်ရွက်ရေးအဖွဲ့က ထုတ်ပြန်ခဲ့သည့် "Illicit Financial Flows from Cyber-Enabled Fraud" အစီရင်ခံစာတွင် အွန်လိုင်းလိမ်လည်မှုမှာ Cyber-Enabled Fraud များဖြစ်ပြီး အများဆုံးကျူးလွန်သည့် ပုံစံ (၅) မျိုးအား ဖော်ပြထားပါသည်။

(၁) Application များ၊ Website အတုများ အသုံးပြု၍ သတင်းအချက်အလက်များ ရယူပြီး လိမ်လည်ခြင်း (Phishing Fraud)

(၂) ဘဏ်နှင့် ငွေရေးကြေးရေးအဖွဲ့အစည်းများ သို့မဟုတ် မိုဘိုင်းငွေကြေးဝန်ဆောင်မှု လုပ်ငန်းများ၏ ဝန်ထမ်းအယောင်ဆောင်၍ လိမ်လည်ခြင်း (Social Media and Telecommunication Fraud)

(၃) အွန်လိုင်းပေါ်တွင် ခင်မင်ရင်းနှီးအောင်ပြုလုပ်၍ လိမ်လည်ခြင်း (Online Romance Fraud)

(၄) အရောင်းအဝယ်လုပ်ငန်းများ၊ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများကို အကြောင်းပြု၍ လိမ်လည်ခြင်း (Online Trading/ Trading Platform Fraud)

(၅) အလုပ်အကိုင်အခွင့်အလမ်းများ ရရှိမည်ဟု အကြောင်းပြု၍ လိမ်လည်ခြင်း (Employment Scam)

**Application များ၊ Website အတုများ အသုံးပြု၍ လိမ်လည်ခြင်း**

လိမ်လည်သူများသည် ဘဏ်နှင့် ငွေရေးကြေးရေးအဖွဲ့အစည်းများ၏ အမှတ်တံဆိပ်များကို အသုံးပြုပြီး Facebook စာမျက်နှာတွင် **"အခက်အခဲများအား ကူညီပေးကြောင်း"** ဖော်ပြကာ Post တင်ထားပါသည်။ အကူအညီတောင်းခံလာပါက Link တစ်ခုချပေးကာ အသင့်ပြုလုပ်ထားသည့် Application အား Download ဆွဲစေပြီး ငွေစာရင်းနှင့်ပတ်သက်သည့် အချက်အလက်များ၊ User Name နှင့် Password များ ဖြည့်သွင်းစေခြင်းဖြင့် လိမ်လည်သူက ငွေစာရင်းအား ထိန်းချုပ်ရယူပါသည်။ ထို့အတူ ဝန်ဆောင်မှုလုပ်ငန်းတစ်ခုခုကို လူမှုကွန်ရက်စာမျက်နှာတွင် လွှင့်တင်ထားပြီး ၎င်း Page သို့ ဆက်သွယ်လိုက်ပါက မိမိ Viber သို့ Link ပေးပို့ကာ အသင့်ပြုလုပ်ထားသည့် Application အား Download ဆွဲစေပါသည်။ အဆိုပါ Application တွင် ငွေစာရင်းနှင့် ပတ်သက်သည့် အချက်အလက်များ၊ User Name နှင့် Password ဖြည့်သွင်းစေခြင်းဖြင့် ငွေစာရင်းအား ထိန်းချုပ်ရယူပါသည်။

ထို့ပြင် မိမိ၏ ကိုယ်ရေးအချက်အလက်များကို နည်းလမ်းမျိုးစုံဖြင့် စုံစမ်းရယူကြပြီး မိမိငွေစာရင်းဖွင့်လှစ်ထားသည့် ဘဏ် သို့မဟုတ် ငွေကြေးဝန်ဆောင်မှုလုပ်ငန်းတစ်ခု၏ အမည်နှင့် တံဆိပ်များကို အသုံးပြုကာ "သင့်ပရိုဖိုင်ဒေတာတွင် အမှားအယွင်းများကြောင့် သင့်ငွေစာရင်းသို့ ငွေအဝင်/အထွက် လွှဲပြောင်းခြင်းကို ငြင်းပယ်ခဲ့ကြောင်း၊ ဤနေရာ "Link" ကို နှိပ်၍ သင်၏ ကိုယ်ရေးအချက်အလက်များကို ဖြည့်သွင်းပါ" ဟု မိမိ၏ အီးမေးလ်သို့ ပေးပို့လာပါသည်။ အဆိုပါ Link အား ဖွင့်ကြည့်ပါက မိမိငွေစာရင်းဖွင့်လှစ်ထားသည့် ဘဏ် သို့မဟုတ် ငွေကြေးဝန်ဆောင်မှုလုပ်ငန်းတစ်ခုခု၏ အမည်၊ အမှတ်တံဆိပ်များဖြင့် အတုပြုလုပ်ထားသည့် Website သို့ ရောက်ရှိသွားမည်ဖြစ်ပါသည်။ ယင်းနောက် User Name နှင့် Password ဖြည့်သွင်းရန် တောင်းဆိုလာပြီး အချက်အလက်များ ဖြည့်သွင်းလိုက်ပါက မိမိ၏ ငွေစာရင်းကို ထိန်းချုပ်ရယူကာ ငွေကြေးလိမ်လည်ရယူသွားမည်ဖြစ်ပါသည်။

အခြားနည်းလမ်းမှာ မိမိလက်ကိုင်ဖုန်း Viber သို့ **"ငွေစာရင်းရှိ ငွေများကို Deactivate လုပ်လိုက်ကြောင်း၊ မသင်္ကာမှုဖြင့် ပိတ်သိမ်းလိုက်ကြောင်း၊ ဖြေရှင်းလိုပါက (၂၄)နာရီ အတွင်း အောက်ပါ Link သို့ ဝင်ရောက်ဖြေရှင်းပါ"** ဟု စာများ ပေးပို့လာခဲ့ရာ စိုးရိမ်စိတ်ဖြင့် ထို Link အား နှိပ်၍ ဖွင့်ကြည့်ပါက ဝန်ဆောင်မှုလုပ်ငန်းတစ်ခုခု၏ အမည်များဖြင့် User Name, Password ဖြည့်သွင်းရန် ပေါ်လာမည်ဖြစ်ပါသည်။ User Name, Password ဖြည့်သွင်းပေးလိုက်ပါက မိမိဘဏ်ငွေစာရင်းအား ထိန်းချုပ်ကာ ငွေကြေးများ လွှဲပြောင်းရယူသွားမည်ဖြစ်ပါသည်။

**ဝန်ထမ်းအယောင်ဆောင်၍ လူမှုကွန်ရက်နှင့် တယ်လီဖုန်းမှတစ်ဆင့် လိမ်လည်ခြင်း**

ဒုတိယနည်းလမ်းမှာ K-Pay၊ Wave-Pay ကဲ့သို့သော မိုဘိုင်းငွေကြေးဝန်ဆောင်မှုလုပ်ငန်းများက မိမိထံ One Time Password (OTP) Code ပေးပို့သည့် စနစ်ပေါ်တွင် အသုံးချသော နည်းလမ်းဖြစ်ပါသည်။ ၎င်းစနစ်သည် Password မေ့နေသူ သို့မဟုတ် လက်ကိုင်ဖုန်း ပြောင်းလဲအသုံးပြုသူများအတွက် Account Login ဝင်ရောက်နိုင်စေရန် မိမိ၏ လက်ကိုင်ဖုန်းသို့ OTP Code နံပါတ်ပေးပို့သော စနစ် ဖြစ်ပါသည်။

*စာမျက်နှာ ၁၇ သို့*

# မန္တလေးမြို့ ကမ်းနားလမ်းတစ်လျှောက်ရှိလမ်းလယ်ကျွန်းများ၌ သေဆုံးသွားသော အရိပ်ရအပင်များနေရာတွင် တည်ပင်များ အစားထိုးစိုက်ပျိုးမည်

**မန္တလေး ဇွန် ၁၀**

မန္တလေးဆိပ်ကမ်း သန့်ရှင်းသာယာလှပရေးနှင့် စိမ်းလမ်းစိုပြည်ရေးအတွက် ကမ်းနားလမ်းတစ်လျှောက်ရှိ လမ်းလယ်ကျွန်းများတွင် စိုက်ပျိုးထားသည့် အရိပ်ရသစ်ပင်များမှ အချို့မှာ သေဆုံးမှုများရှိခြင်းကြောင့် ထိုနေရာများတွင် အရွယ်ရှိသော အရိပ်ရအပင်ဖြစ်သည့် တည်ပင်ပေါင်း ၁၀၀ ကို အစားထိုးစိုက်ပျိုးသွားမည်ဖြစ်သည်။

ကမ်းနားလမ်းတစ်လျှောက် သန့်ရှင်းသာယာပြီး စိမ်းလမ်းစိုပြည်ရန် မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ပန်းဥယျာဉ်နှင့် ကစားကွင်းများ ဌာန (အထူးဌာနခွဲ)က အကောင်အထည်ဖော် ဆောင်ရွက်နေကြောင်း ယင်းဌာန တာဝန်ရှိသူက ပြောသည်။



**ကမ်းနားလမ်းသာယာလှပရေး**

"အပင် ၁၀၀ စိုက်မှာဆိုတော့ ဒီနေ့အထိ အပင်စိုက်ဖို့ ကျင်းပေါင်း ၅၀ တူးပြီးသွားပြီ။ လာမယ့် သုံးရက်လောက်ဆိုရင် စိုက်နိုင်မှာပါ။ ကမ်းနားလမ်း စိမ်းလန်းစိုပြည်ပြီး သာယာလှပရေးအတွက် ဌာနအနေနဲ့ ဆောင်ရွက်တာဖြစ်ပါတယ်။ လမ်းလယ်ကျွန်းတွေမှာစိုက်ထားတဲ့ အရိပ်ရအပင်တွေထဲက သေဆုံးသွားတဲ့ အပင်တွေနေရာမှာ အစားထိုးစိုက်တာပါ'ဟု ၎င်းကပြောသည်။

ကမ်းနားလမ်းတစ်လျှောက် သန့်ရှင်းသာယာလှပပြီး စိမ်းလမ်းစိုပြည်ရေးအတွက် ဇုန်ခြောက်ခုခွဲ၍ ဆောင်ရွက်နေပြီး ၂၆ လမ်းမှ ၃၅ လမ်းအတွင်း ဇုန်(၂)နှင့် ၃၅ လမ်းမှ ၄၁ လမ်းအတွင်း ဇုန်(၃)တို့မှ လမ်းလယ်ကျွန်းများတွင် ခြောက်ပေဝန်းကျင် အမြင့်ရှိသော အရွယ်ရ တည်ပင် ၁၀၀ ကို စိုက်ပျိုးမည်ဖြစ်ကြောင်း သိရသည်။

"ကမ်းနားလမ်းတစ်လျှောက်မှာ စိုက်ပျိုးထားတဲ့ သစ်ပင်တွေ ရှင်သန်အောင် ရေလောင်းပေါင်းသင်တာတွေကို ဌာနဝန်ထမ်းတွေနဲ့ လုပ်ပါတယ်။ ရာသီဥတုနဲ့ အခြားအခြေအနေတွေကြောင့် သေဆုံးသွားတာမျိုးတွေရှိတော့ စာရင်းကောက်ယူပြီး ခုလိုမိုးကျတာနဲ့ စိုက်ပျိုးတာဖြစ်ပါတယ်။ ဒါမှလည်း ရှင်သန်မှာပါ"ဟု ဆက်လက်ပြောကြားသည်။

**အစားထိုးစိုက်ပျိုး**

မန္တလေးမြို့ ဧရာဝတီမြစ် ကမ်းနားလမ်းတစ်လျှောက် သန့်ရှင်းသာယာလှပရေးနှင့် စိမ်းလန်းစိုပြည်ရေးအတွက် မြို့တော်စည်ပင်သာယာရေးကော်မတီက သက်ဆိုင်ရာဌာနများအလိုက် ဆောင်ရွက်နေသကဲ့သို့ ပန်းဥယျာဉ်နှင့် ကစားကွင်းများ ဌာနအနေဖြင့် သေဆုံးသွားသော အပင်များကို စာရင်းပြုစု၍ အစားထိုးစိုက်ပျိုးသည့်စနစ်ဖြင့် စိုက်ပျိုးခြင်းဖြစ်ကြောင်း သိရသည်။

**မောင်အေးချမ်း**

# ကျွန်းလှမြို့နယ်၌ ပဲစင်းငုံသီးနှံ ပန်းတိုင်အထွက်နှုန်းရရှိရေး စံပြကွက်စိုက်ပျိုးခြင်း ကွင်းသရုပ်ပြ

**ကျွန်းလှ ဇွန် ၁၀**

စစ်ကိုင်းတိုင်းဒေသကြီး ကျွန်းလှမြို့နယ် ရှမ်းစုကျေးရွာ၌ ပဲစင်းငုံသီးနှံ ပန်းတိုင်အထွက်နှုန်းရရှိရေး စံပြကွက်စိုက်ပျိုးခြင်း ကွင်းသရုပ်ပြပွဲကို ကွင်းအမှတ် (၄၉၆) ရှိ တောင်သူ ဦးကြည်ဝင်း၏ ယာမြေ သုံးဧက၌ ဇွန် ၉ ရက်က ပြုလုပ်သည်။

ကွင်းသရုပ်ပြပွဲတွင် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှူး ဒေါ်မြင့်မြင့်ရီက တောင်သူများအား ဒေသရာသီဥတုနှင့် ကိုက်ညီပြီး ရောဂါပိုးမွှားဒဏ် ခံနိုင်သည့် ဈေးကွက်ဝင် အထွက်နှုန်းကောင်းမျိုးများ စိုက်ပျိုးရေး၊ စိုက်နည်းစနစ်မှန်ကန်ရေး၊ သဘာဝမြေဩဇာနှင့် ဓာတ်မြေဩဇာ အချိန်ကိုက် စနစ်တကျသုံးစွဲရေးတို့ကို ရှင်းလင်းပြောကြားသည်။

ယင်းနောက် တောင်သူများအား မုံရွာရွှေဒင်္ဂါး ပဲစင်းငုံမျိုးအိတ်များနှင့် စိုက်ပျိုးရေးဆိုင်ရာ အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေပေးပြီး မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ဝန်ထမ်းများက လက်တွေ့စိုက်ပျိုးပြသကြကာ ကွင်းသရုပ်ပြပွဲသို့ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမျိုးတင့်ထူးနှင့် အဖွဲ့ဝင်များ၊ မြို့နယ်စိုက်ပျိုးရေးကြီးကြပ်မှု ကော်မတီဝင်များ၊ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှူးနှင့် ဝန်ထမ်းများ၊ အကျိုးဆောင် တောင်သူများ လာရောက်ကြည့်ရှုအားပေးကြသည်။



ကျွန်းလှမြို့နယ်၌ ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီတွင် ပဲစင်းငုံ ၁၁၅၄ ဧက စိုက်ပျိုးရန် လျာထားပြီး ဇွန်လဆန်းပိုင်းမှစ၍ စတင်စိုက်ပျိုးလျက်ရှိကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

**မျိုးဝင်းညို(ကျွန်းလှ)**

# စာပေဗိမာန်စာမူဆု (၂၀၂၃)
# ဘာသာပြန်စာမူပြိုင်ပွဲအတွက် ပြိုင်ပွဲဝင်စာမူပြဋ္ဌာန်း

**ရန်ကုန် ဇွန် ၁၀**

ပြန်ကြားရေးဝန်ကြီးဌာန၊ ပုံနှိပ်ရေးနှင့်ထုတ်ဝေရေး ဦးစီးဌာန၊ စာပေဗိမာန်သည် ဘာသာပြန်စာပေ ဖွံ့ဖြိုးရေးနှင့် ဘာသာပြန်ဝါသနာရှင်များ တိုးပွားရေးအတွက် စာပေဗိမာန်စာမူဆု ဘာသာပြန်စာမူပြိုင်ပွဲကို နှစ်စဉ်ဖိတ်ခေါ်ကျင်းပလျက်ရှိရာ ၂၀၂၃ ခုနှစ်အတွက် စာပေဗိမာန်စာမူဆု၊ ဘာသာပြန်စာမူပြိုင်ပွဲအတွက် ပြဋ္ဌာန်းစာအုပ်များကို စတင်ရောင်းချလျက်ရှိသည်။

၂၀၂၃ ခုနှစ်အတွက် ဘာသာပြန် ပြဋ္ဌာန်းစာအုပ်မှာ Bill Gates ရေးသားသည့် How To Prevent The Next Pandemic မှ အခန်း (၄) ခုကို ထုတ်နုတ်ပြဋ္ဌာန်းထားသည့် စာအုပ်ဖြစ်သည်။

ယင်းစာအုပ်ကို အမှတ် ၅၂၉-၅၃၁၊ ကုန်သည်လမ်း၊ ရန်ကုန်မြို့ရှိ စာပေဗိမာန်အရောင်းဆိုင်၊ ဖုန်း-၀၁၈-၃၈၁၄၄၈၊ သပြေကုန်း၊ နေပြည်တော်ရှိ စာပေဗိမာန်အရောင်းဆိုင် ဖုန်း-၀၆၇-၃၄၀၄၁၆၈၊ ၈၆ လမ်း၊ ၂၁ x ၂၂ ကြား၊ အောင်မြေသာစံမြို့နယ်၊ မန္တလေးမြို့ရှိ စာပေဗိမာန်အရောင်းဆိုင် ဖုန်း ၀၂-၄၀၃၀၁၈၆ တို့တွင် တန်ဖိုးငွေကျပ် ၁၈၀၀ ဖြင့် ဝယ်ယူရရှိနိုင်သည်။

ပြိုင်ပွဲဝင်စာမူတင်သွင်းရာတွင် သတ်မှတ်ထားသည့် ပြိုင်ပွဲဝင်ပုံစံဖြင့် တင်သွင်းခြင်းကိုသာ လက်ခံမည်ဖြစ်ပါသည်။ ပြိုင်ပွဲဝင်ပုံစံနှင့် စည်းကမ်းချက်များကို စာပေဗိမာန်ရုံးတွင် ငွေကျပ် ၂၀၀ ဖြင့် သော်လည်းကောင်း၊ ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန၏ Website www.moi.gov.mm/ppd တွင် အခမဲ့သော်လည်းကောင်း ရယူနိုင်ပါသည်။ နယ်မှ ပြိုင်ပွဲဝင်လိုသူများသည် စာအုပ်တန်ဖိုးနှင့် စာအုပ်ပို့ခ အပါအဝင် စုစုပေါင်းငွေကျပ် ၅၀၀၀ ကို ငွေပို့လွှာဖြင့် ဥက္ကဋ္ဌ၊ စာပေဆုများ အုပ်ချုပ်ထောက်ပံ့မှုကော်မတီ၊ စာပေဗိမာန်ရုံး၊ အမှတ် ၅၂၉-၅၃၁၊ ကုန်သည်လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန် မြို့၊ ဖုန်း- ၀၁၈-၃၈၁၄၄၉ သို့ လိပ်မူ၍ မှာယူနိုင်မည်ဖြစ်သည်။

ပြိုင်ပွဲဝင်စာမူများကို ၂၀၂၄ ခုနှစ်၊ စက်တင်ဘာလ ၁၅ ရက် နောက်ဆုံးထား၍ အထက်ဖော်ပြပါ လိပ်စာသို့ပင် လိပ်မူ၍ ပေးပို့ယှဉ်ပြိုင်နိုင်ကြောင်း သိရသည်။

**သတင်းစဉ်**

*စာမျက်နှာ ၁၆ မှ*

လိမ်လည်သူသည် ဘဏ်၊ မိုဘိုင်းငွေကြေးဝန်ဆောင်မှုလုပ်ငန်း သို့မဟုတ် ဝန်ဆောင်မှုလုပ်ငန်းတစ်ခု၏ ဝန်ထမ်းအဖြစ် ဟန်ဆောင်ပြီး မိမိထံ ဖုန်းဖြင့် ဆက်သွယ်ကာ **"ငွေသွင်း/ငွေထုတ်မှုများတွင် မသမာသည့်နည်းစနစ်များ တွေ့နေရသည့်အတွက် မေးသည့်အချက်အလက်များအား အတည်ပြုပေးရန်နှင့် အတည်မပြုပါက Account အတွင်းရှိငွေများအားလုံးကို ယာယီပိတ်ထားမည်ဖြစ်ပြီး ငွေစာရင်းအား အပြီးဖျက်သိမ်းသွားမည်။ အတည်ဖြစ်/မဖြစ်အား မိမိလက်ကိုင်ဖုန်းသို့ ပို့ပေးသည့် OTP Code အား ပြန်လည်ပေးပို့ရမည်"** စသည်ဖြင့် အကြောင်းအမျိုးမျိုးပြကာ OTP Code ပေးပို့လာစေရန် လှည့်ဖြားပြောဆိုပါသည်။ တစ်ချိန်တည်းမှာပင် မိမိ၏ K-Pay၊ Wave Pay Account အား ၎င်း၏ လက်ကိုင်ဖုန်းဖြင့် ဝင်ရောက်ပြီး forget password ရွေးချယ်လိုက်ရာ မိမိ၏ဖုန်းသို့ OTP Code ရောက်ရှိလာပါသည်။ မိမိမှ OTP Code ပေးပို့လိုက်ပါက လိမ်လည်သူသည် မိမိငွေစာရင်းအား ထိန်းချုပ်ပြီး ၎င်းတို့၏ ငွေစာရင်းများထဲသို့ ငွေကြေးလိမ်လည်ရယူသွားမည်ဖြစ်ပါသည်။

အခြားနည်းတစ်ခုမှာ မိုဘိုင်းငွေကြေးဝန်ဆောင်မှုလုပ်ငန်းများ၏ ဝန်ထမ်းဟန်ဆောင်၍ မိမိဖုန်းထံ ဆက်သွယ်ကာ ကံစမ်းမဲပေါက်ကြောင်း၊ OTP Code ပေးပို့မည်ဖြစ်ကြောင်း၊ ကံစမ်းမဲထုတ်ရန် OTP Code အားပြန်လည်ပေးပို့ရန် လိမ်လည်တောင်းခံပါသည်။ မိမိမှရရှိသော OTP Code အား ပေးပို့လိုက်ပါက မိမိငွေစာရင်းအား ထိန်းချုပ်ကာ ငွေကြေးလိမ်လည်ရယူသွားမည် ဖြစ်ပါသည်။

> ❖ **အခြားနည်းတစ်ခုမှာ မိုဘိုင်းငွေကြေးဝန်ဆောင်မှုလုပ်ငန်းများ၏ ဝန်ထမ်းဟန်ဆောင်၍ မိမိဖုန်းထံ ဆက်သွယ်ကာ ကံစမ်းမဲပေါက်ကြောင်း၊ OTP Code ပေးပို့မည်ဖြစ်ကြောင်း၊ ကံစမ်းမဲထုတ်ရန် OTP Code အား ပြန်လည်ပေးပို့ရန် လိမ်လည်တောင်းခံပါသည်။ မိမိမှရရှိသော OTP Code အား ပေးပို့လိုက်ပါက မိမိငွေစာရင်းအား ထိန်းချုပ်ကာ ငွေကြေးလိမ်လည်ရယူသွားမည်ဖြစ်**

**လိမ်လည်ခြင်း**

တတိယနည်းလမ်းမှာ အွန်လိုင်းပေါ်တွင် ခင်မင်ရင်းနှီးအောင်ပြုလုပ်၍ လိမ်လည်ခြင်း (Online Romance Fraud) ဖြစ်ပါသည်။ ဤနည်းလမ်းသည် လူမှုကွန်ရက်အသုံးပြုသူများကို ပစ်မှတ်ထား ကျူးလွန်လေ့ရှိသော နည်းလမ်းဖြစ်ပါသည်။ လိမ်လည်သူသည် Facebook Account များတွင် နိုင်ငံခြားသား/သူ ပုံများဖြင့် Profile တင်ပြီး မိမိနှင့် မိတ်ဆွေဖြစ်သွားပါက Messengers၊ Viber ဖြင့် အပြန်အလှန်ဆက်သွယ်ကာ အကြောင်းအရာအမျိုးမျိုး၊ ပုံစံအမျိုးမျိုး ဇာတ်လမ်းဆင်ပြောဆိုပြီး ရင်းနှီးအောင် ပြုလုပ်ကြပါသည်။ ရင်းနှီးမှုရှိလာပါက အကြောင်းအမျိုးမျိုးပြကာ မက်မောလောက်သည့် ငွေကြေးအား (ဒေါ်လာ - ပမာဏဖော်ပြ၍) လက်ဆောင်အဖြစ် ပေးပို့လိုက်သည်ဟု ပြောဆိုပါသည်။ ယင်းနောက် အခြားသူတစ်ဦးက လက်ဆောင်များရောက်ရှိနေပြီး ထုတ်ယူရန် အခွန်ပေးဆောင်ရမည်ဟု လိမ်လည်တောင်းခံပါသည်။

အချို့ဖြစ်စဉ်များတွင် လက်ဆောင်အဖြစ် တန်ဖိုးကြီးပစ္စည်းများကို Delivery ကုမ္ပဏီဖြင့် ပေးပို့လိုက်ကြောင်း၊ အခြားသူတစ်ဦးမှ Delivery ကုမ္ပဏီ၏အမည်ဖြင့် မိမိဖုန်းထံဆက်သွယ်ကာ **"ပစ္စည်းရောက်ရှိကြောင်း၊ ပစ္စည်းရွေးရန်အတွက် ငွေလွှဲပေးရမည်ဖြစ်ကြောင်း၊ တန်ဖိုးကြီးပစ္စည်းအတွက် အခွန်ဌာနတွင် အကောက်ခွန်ငွေပေးဆောင်ရမည်ဖြစ်ကြောင်း၊ ပစ္စည်းမှာ ဥပဒေနှင့်မညီညွတ်သဖြင့် ဌာနဆိုင်ရာများသို့ ငွေကြေးပေးရမည်ဖြစ်ကြောင်း"** စသည်ဖြင့် အကြောင်းအမျိုးမျိုးပြကာ ငွေကြေးများ လိမ်လည်ရယူကြပါသည်။

*(ဆက်လက်ဖော်ပြပါမည်)*

# ကန့်ဘလူမြို့နယ်ထွက် ပဲတီစိမ်း ဈေးကွက်၌ အရောင်းအဝယ်ဖြစ်

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူခရိုင်သည် စိုက်ပျိုးရေးလုပ်ငန်းများကို အဓိကထားလုပ်ကိုင်သောဒေသတစ်ခုဖြစ်ရာ ကန့်ဘလူမြို့နယ်အတွင်းရှိ ကျေးရွာများဖြစ်သော ထန်းကုန်းကျေးရွာ၊ မိုးကောင်းကျေးရွာ၊ ကံရိုးကျေးရွာနှင့် အခြားသောကျေးရွာများတွင် ပဲတီစိမ်းသီးနှံကို စိုက်ပျိုးကြသည်။



ယခုအခါ ပဲတီစိမ်းသီးနှံများဈေးကွက်အတွင်း ဝင်ရောက်လျက်ရှိပြီး ဇွန်လပထမပတ်အတွင်း ပဲတီစိမ်းရိုးရိုး(52)နှင့် ပဲတီစိမ်းထွက်တိုး (55)တို့အရောင်းအဝယ် ဖြစ်လျက်ရှိကြောင်း၊ ပဲတီစိမ်းသီးနှံမှာ အလုံးလှပြီး အကွဲအနာကင်းလျှင် ဈေးနှုန်းပိုမိုရရှိကြောင်းနှင့် ဈေးကွက်အနေဖြင့် ကန့်ဘလူခရိုင်မှထွက်ရှိသော ပဲတီစိမ်းများကို မန္တလေးမြို့ရှိ ပွဲရုံများသို့ တင်ပို့ရောင်းချလျက်ရှိသည်။

ယခုနှစ်တွင် အရောင်းအဝယ်ဖြစ်လျက်ရှိသော ပဲတီစိမ်းဈေးနှုန်းများသည် ယခင်နှစ်ကာလတူဈေးနှုန်းများထက် ပိုမိုရရှိလျက်ရှိသောကြောင့် စိုက်ပျိုးသူများအနေဖြင့် ထိုက်သင့်သည့် အကျိုးအမြတ်များရရှိကာ အဆင်ပြေလျက်ရှိကြောင်း သိရသည်။

DOCA (စစ်ကိုင်း)

# ဆိပ်ဖြူ နွေကြက်သွန် ကုန်ဝင်များ၍ အနည်းငယ်ဈေးကျဆင်း

မကွေးတိုင်းဒေသကြီး ပခုက္ကူခရိုင် ဆိပ်ဖြူမြို့ ဈေးကွက်နှင့် ပွဲရုံများသို့ မေလအတွင်း နွေကြက်သွန်နီများ နေ့စဉ်ဝင်ရောက်၍ အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း၊ ဒေသတွင်း ကြက်သွန်နီ အများဆုံးစိုက်ပျိုးသော ဆိပ်ဖြူမြို့ပေါ်ရှိ ရွာသစ်ရပ်ကွက်၊ အနောက်ပိုင်း ရပ်ကွက်များနှင့် ဆိပ်ဖြူမြို့နယ်အတွင်းရှိ ကျေးရွာများဖြစ်သော ကိုးတောင့်အုပ်နှင့် လိပ်ခြံ၊ ရွာသစ်ကြီး၊ ကပိုင်၊ ကံတွင်း၊ ချင်တောင်၊ အောက်ဆိပ်၊ ကျောင်းရွာ၊ ကုန်းရွာ၊ အလယ်စုရွာများအပြင် ပခုက္ကူမြို့နယ်အတွင်းရှိ ကျေးရွာများနှင့် ပွင့်ဖြူ၊ စလင်း၊ တညောင်မြို့များမှ အများဆုံး ဝင်ရောက်လျက်ရှိကြောင်း၊ ကုန်စည် ဝင်ရောက်မှုအနေဖြင့် တစ်ရက်လျှင် ပျမ်းမျှပိဿာချိန် နှစ်သောင်းမှ ငါးသောင်းခန့်အထိ ဝင်ရောက်လျက်ရှိပြီး တစ်လအတွင်း စုစုပေါင်းပိဿာချိန် ၁၅ သိန်းခန့် ဝင်ရောက်လျက်ရှိကြောင်းနှင့် မေလနောက်ဆုံးပတ်တွင် ကြက်သွန်နီဈေးနှုန်း အနည်းငယ်ကျဆင်း၍ အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း ဈေးကွက်မှ သိရသည်။



ကြက်သွန်နီဈေးကွက် အနေဖြင့် ပြည်ပသို့ အနည်းငယ်တင်ပို့ပြီး ပြည်တွင်း တင်ပို့မှုအနေဖြင့် ရန်ကုန်ဘုရင့်နောင်ပွဲရုံ၊ ပြည်နှင့် ပုသိမ်မြို့များသို့ အဓိကထားတင်ပို့လျက်ရှိကြောင်း၊ မေလအတွင်း ကြက်သွန်နီတင်ပို့သည့် စုစုပေါင်း ကုန်ချိန်အနေဖြင့် ပိဿာချိန် ၁၅ သိန်းခန့်၊ တန်ချိန်အားဖြင့် ၂၄၅၀ ခန့် တင်ပို့ခဲ့ကြောင်း ဈေးကွက်မှ သိရသည်။

DOCA (မကွေး)

# မုံရွာကွမ်းအထွက်တိုး၍ ဈေးအနည်းငယ်ကျ

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့နယ်၌ ကွမ်းကို မိမိတို့အိမ်ခြံဝင်းအတွင်း တစ်နိုင်တစ်ပိုင်အနေဖြင့်လည်းကောင်း၊ အပိုဝင်ငွေရရှိရန်အတွက်လည်းကောင်း စိုက်ပျိုးကြကြောင်း၊ ကွမ်းကို ဆောင်းစိုက်နှင့် မိုးစိုက်ဟူ၍ နှစ်မျိုးခွဲ၍စိုက်ပျိုးကြရာ မိုးစိုက်သည် ပိုးကျလွယ်သည့်အတွက် အနည်းငယ်သာစိုက်ပျိုးကြပြီး ဆောင်းစိုက်ကိုသာ ပိုမိုစိုက်ပျိုးကြကြောင်း သိရသည်။

မုံရွာမြို့နယ်၌ ဖြစ်ပေါ်နေသော ကွမ်းဈေးနှုန်းများအနေဖြင့် အရည်အသွေးအပေါ်မူတည်၍ ရောင်းချလျက်ရှိကြောင်း၊ မိုးဦးရာသီတွင် ကွမ်းအထွက်နှုန်းတိုးကာ ဈေးကွက်အတွင်း ကုန်ဝင်ရောက်မှုများခြင်းကြောင့် ကွမ်းဈေးနှုန်းများကျဆင်း၍ အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း ကွမ်းစိုက်တောင်သူများထံမှ သိရသည်။

DOCA (စစ်ကိုင်း)

# ရွှေတောင်မြို့နယ်မှ ကျောက်ဖရုံသီး ရန်ကုန်အထိတင်ပို့

ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် ရွှေတောင်မြို့နယ် မီးလောင်အုပ်စုတွင် ကျောက်ဖရုံသီးပင်များစိုက်ပျိုးပြီး ဝင်ငွေများရရှိလျက်ရှိကြောင်း၊ ကျောက်ဖရုံသီးပင်စိုက်ပျိုးရာတွင် စင်တင်စနစ်ဖြင့် စိုက်ပျိုးခြင်းဖြစ်ပြီး အထွက်နှုန်းအနေဖြင့် ကျောက်ဖရုံစင်တစ်စင်ကို ခူးဆွတ်ရာတွင် တစ်ကြိမ်လျှင် အလုံးပေါင်း ၅၀ ခန့်ရရှိပြီး တစ်လလျှင် လေးကြိမ်နှုန်းဖြင့် အနည်းဆုံး သုံးလအထိ ခူးဆွတ်ရပြီး ဈေးကွက်အနေဖြင့် ရွှေတောင်မြို့နယ်မှ ထွက်ရှိသော ကျောက်ဖရုံသီးများကို ဒေသတွင်းအပြင် အခြားမြို့နယ်များရှိ ကျောက်ဖရုံယိုထုတ်လုပ်သည့် လုပ်ငန်းများနှင့် ရန်ကုန်မြို့သို့ တင်ပို့ရောင်းချလျက်ရှိကြောင်း သိရသည်။

DOCA (ပဲခူး)

## ၁၀.၆.၂၀၂၄ ရက်နေ့ တိုင်းဒေသကြီးနှင့် ပြည်နယ် မြို့နယ်အလိုက် ဆန်၊ ဆီ၊ မီးဖိုချောင်သုံးပစ္စည်းများ၊ သားငါးဈေးနှုန်းများ

ရေတွက်ပုံ(ကျပ်)

| စဉ် | မြို့အမည် | ဆန်(တစ်ပြည်) | | | ဆီ(တစ်ပိဿာ) | | စားဖိုဆောင်သုံး (တစ်ပိဿာ) | | | | | | | | | | | | အသား၊ ငါး(တစ်ပိဿာ) | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | ညှို့မထ | ငစိန် | ပေါ်ဆန်း | ပဲဆီ | စားအုန်းဆီ | ငရုတ်ခြောက် | ကြက်သွန်နီ | ကြက်သွန်ဖြူ(ရှမ်းစ) | ကြက်သွန်ဖြူ (ကြူကုတ်) | နနွင်းတက် | ချင်း | ဆား | မြေပဲ | ကုလားပဲဝါ | မန်ကျည်းသီး | အာလူး | သကြား | ကြက် | ဝက် | အမဲ | ဆိတ် | ငါးမြစ်ချင်း |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ | ၁၃ | ၁၄ | ၁၅ | ၁၆ | ၁၇ | ၁၈ | ၁၉ | ၂၀ | ၂၁ | ၂၂ | ၂၃ | ၂၄ |
| ၁ | မြစ်ကြီးနား | ၃၃၀၀ | | ၇၀၀၀ | ၁၇၀၀၀ | ၆၂၅၀ | ၁၅၀၀၀ | ၃၅၀၀ | ၁၈၀၀၀ | ၁၁၀၀၀ | ၇၅၀၀ | ၁၁၀၀၀ | ၁၀၀၀ | ၉၀၀၀ | ၈၀၀၀ | ၆၀၀၀ | ၂၅၀၀ | ၅၅၀၀ | ၁၆၀၀၀ | ၂၂၀၀၀ | ၂၀၀၀၀ | ၂၆၀၀၀ | ၁၅၀၀၀ |
| ၂ | လားရှိုး | ၃၈၀၀ | | ၈၀၀၀ | ၁၇၀၀၀ | ၆၃၅၀ | ၁၆၀၀၀ | ၃၅၀၀ | ၁၄၀၀၀ | ၁၃၀၀၀ | ၈၀၀၀ | ၁၂၀၀၀ | ၁၀၀၀ | ၈၀၀၀ | ၇၅၀၀ | ၅၀၀၀ | ၃၀၀၀ | ၅၀၀၀ | ၁၅၀၀၀ | ၂၈၀၀၀ | ၂၄၀၀၀ | ၃၀၀၀၀ | ၂၀၀၀၀ |
| ၃ | ကျိုင်းတုံ | ၄၅၀၀ | | ၇၅၀၀ | ၁၇၀၀၀ | ၇၈၀၀ | ၁၇၅၀၀ | ၄၀၀၀ | ၁၁၀၀၀ | ၁၂၀၀၀ | ၆၅၀၀ | ၁၀၀၀၀ | ၁၄၀၀ | ၁၀၀၀၀ | ၈၀၀၀ | ၉၀၀၀ | ၄၀၀၀ | ၅၅၀၀ | ၁၅၀၀၀ | ၂၄၀၀၀ | ၂၄၀၀၀ | | ၁၆၀၀၀ |
| ၄ | တောင်ကြီး | ၃၄၀၀ | ၃၄၀၀ | ၇၅၀၀ | ၁၆၅၀၀ | ၅၉၅၀ | ၁၈၀၀၀ | ၃၀၀၀ | ၁၁၀၀၀ | ၁၃၀၀၀ | ၇၅၀၀ | ၁၀၀၀၀ | ၆၀၀ | ၁၀၀၀၀ | ၆၅၀၀ | ၅၅၀၀ | ၃၀၀၀ | ၅၃၀၀ | ၁၅၀၀၀ | ၂၆၀၀၀ | ၁၈၀၀၀ | ၃၀၀၀၀ | ၁၆၀၀၀ |
| ၅ | ဘားအံ | ၄၀၀၀ | | ၆၀၀၀ | ၁၅၅၀၀ | ၆၁၀၀ | ၁၀၀၀၀ | ၃၀၀၀ | ၁၃၀၀၀ | ၁၆၀၀၀ | ၈၀၀၀ | ၁၂၀၀၀ | ၁၀၀၀ | ၈၅၀၀ | ၆၅၀၀ | ၅၅၀၀ | ၃၅၀၀ | ၅၅၀၀ | ၁၄၀၀၀ | ၁၆၀၀၀ | ၁၈၀၀၀ | ၁၈၀၀၀ | ၈၀၀၀ |
| ၆ | မော်လမြိုင် | ၃၅၀၀ | | ၅၃၀၀ | ၁၆၀၀၀ | ၅၉၅၀ | ၉၀၀၀ | ၃၀၀၀ | ၁၂၀၀၀ | ၁၅၀၀၀ | ၈၀၀၀ | ၁၂၀၀၀ | ၈၀၀ | ၁၀၀၀၀ | ၇၀၀၀ | ၆၀၀၀ | ၃၅၀၀ | ၅၄၀၀ | ၁၅၀၀၀ | ၁၈၀၀၀ | ၁၈၀၀၀ | ၃၀၀၀၀ | ၁၂၀၀၀ |
| ၇ | ထားဝယ် | ၄၁၀၀ | | ၇၂၀၀ | ၁၇၀၀၀ | ၆၀၅၀ | ၁၂၀၀၀ | ၃၂၀၀ | ၁၅၀၀၀ | ၁၆၀၀၀ | | ၅၀၀၀ | ၆၀၀ | ၉၀၀၀ | ၇၀၀၀ | ၃၅၀၀ | ၃၅၀၀ | ၄၅၀၀ | ၁၃၀၀၀ | ၁၇၀၀၀ | ၁၈၀၀၀ | ၂၄၀၀၀ | |
| ၈ | မြိတ် | ၄၀၀၀ | | ၆၁၀၀ | ၁၆၅၀၀ | ၆၀၅၀ | ၁၄၀၀၀ | ၃၅၀၀ | ၁၃၅၀၀ | ၁၄၀၀၀ | ၉၃၀၀ | ၁၅၀၀၀ | ၉၅၀ | ၉၃၀၀ | ၇၀၀၀ | ၅၃၀၀ | ၄၅၀၀ | ၅၃၀၀ | ၁၂၅၀၀ | ၁၅၀၀၀ | ၁၉၀၀၀ | ၂၃၅၀၀ | |
| ၉ | ရန်ကုန် | ၄၀၀၀ | | ၅၈၀၀ | ၁၇၀၀၀ | ၅၇၅၀ | ၉၀၀၀ | ၃၃၀၀ | ၁၅၀၀၀ | ၁၅၀၀၀ | ၁၀၀၀၀ | ၁၃၀၀၀ | ၈၀၀ | ၇၅၀၀ | ၆၅၀၀ | ၆၀၀၀ | ၃၅၀၀ | ၅၇၀၀ | ၁၅၀၀၀ | ၂၀၀၀၀ | ၂၀၀၀၀ | ၃၀၀၀၀ | ၁၂၀၀၀ |
| ၁၀ | ပုသိမ် | ၃၈၅၀ | | ၅၈၀၀ | ၁၆၀၀၀ | ၆၀၀၀ | ၆၀၀၀ | ၂၇၀၀ | ၁၅၀၀၀ | ၁၄၀၀၀ | ၆၀၀၀ | ၁၂၀၀၀ | ၃၀၀ | ၈၀၀၀ | ၆၀၀၀ | ၆၀၀၀ | ၃၀၀၀ | ၅၅၀၀ | ၁၅၀၀၀ | ၁၈၀၀၀ | ၁၇၀၀၀ | ၂၅၀၀၀ | ၉၀၀၀ |
| ၁၁ | ဟားခါး | ၇၅၀၀ | | ၈၅၀၀ | ၁၉၅၀၀ | - | ၄၅၀၀၀ | ၆၀၀၀ | ၂၅၀၀၀ | | | ၄၀၀၀ | ၁၂၀၀ | | ၁၁၅၀၀ | | ၆၀၀၀ | ၆၀၀၀ | ၂၀၀၀၀ | ၂၇၀၀၀ | ၂၅၀၀၀ | | ၂၂၀၀၀ |
| ၁၂ | မုံရွာ | ၃၇၀၀ | ၃၁၅၀ | ၆၄၀၀ | ၁၄၀၀၀ | ၆၄၅၀ | ၁၂၀၀၀ | ၂၂၀၀ | ၁၃၅၀၀ | ၁၂၀၀၀ | ၁၀၅၀၀ | ၄၀၀၀ | ၈၀၀ | ၇၂၀၀ | ၇၂၀၀ | ၅၀၀၀ | ၂၄၀၀ | ၄၅၀၀ | ၁၂၀၀၀ | ၁၇၀၀၀ | ၁၆၀၀၀ | ၂၀၀၀၀ | ၁၀၀၀၀ |
| ၁၃ | မန္တလေး | ၄၇၀၀ | | ၇၂၀၀ | ၁၄၅၀၀ | ၆၂၀၀ | ၁၁၀၀၀ | ၂၈၀၀ | ၁၄၀၀၀ | ၁၂၀၀၀ | ၈၀၀၀ | ၁၀၀၀၀ | ၈၀၀ | ၆၉၀၀ | ၆၅၀၀ | ၆၀၀၀ | ၃၅၀၀ | ၆၀၀၀ | ၁၆၀၀၀ | ၂၂၀၀၀ | ၂၀၀၀၀ | ၂၆၀၀၀ | ၁၄၀၀၀ |
| ၁၄ | ပခုက္ကူ | ၄၂၀၀ | | ၆၃၀၀ | ၁၃၀၀၀ | ၆၀၀၀ | ၁၂၀၀၀ | ၂၃၀၀ | ၁၃၀၀၀ | ၁၃၀၀၀ | ၈၀၀၀ | ၉၅၀၀ | ၇၀၀ | ၇၅၀၀ | ၇၅၀၀ | ၆၀၀၀ | ၂၅၀၀ | ၅၀၀၀ | ၁၄၀၀၀ | ၂၀၀၀၀ | ၁၉၀၀၀ | ၂၀၀၀၀ | ၁၀၀၀၀ |
| ၁၅ | မကွေး | ၃၈၅၀ | | ၇၅၅၀ | ၁၅၀၀၀ | ၆၀၀၀ | ၁၀၀၀၀ | ၂၅၀၀ | ၁၁၅၀၀ | ၁၃၀၀၀ | ၁၀၀၀၀ | ၇၀၀၀ | ၇၀၀ | ၆၅၀၀ | ၆၅၀၀ | ၃၇၀၀ | ၃၄၀၀ | ၅၀၀၀ | ၁၃၅၀၀ | ၁၄၀၀၀ | ၁၄၀၀၀ | ၁၆၀၀၀ | ၁၂၀၀၀ |
| ၁၆ | ပြည် | ၃၄၀၀ | | ၆၀၀၀ | ၁၅၀၀၀ | ၅၈၅၀ | ၁၂၀၀၀ | ၃၀၀၀ | ၁၃၀၀၀ | ၁၅၀၀၀ | | ၁၀၀၀၀ | ၆၀၀ | ၇၀၀၀ | ၆၅၀၀ | ၃၀၀၀ | ၃၅၀၀ | ၅၀၀၀ | ၁၅၀၀၀ | ၂၀၀၀၀ | ၁၆၀၀၀ | ၂၅၀၀၀ | ၁၃၀၀၀ |
| ၁၇ | ပဲခူး | ၃၃၀၀ | | ၅၈၀၀ | ၁၄၀၀၀ | ၅၈၀၀ | ၈၀၀၀ | ၂၈၀၀ | ၁၂၀၀၀ | ၁၄၀၀၀ | ၆၀၀၀ | ၁၀၀၀၀ | ၄၅၀ | ၇၄၀၀ | ၆၄၀၀ | ၄၀၀၀ | ၂၆၀၀ | ၅၅၀၀ | ၁၂၀၀၀ | ၁၆၀၀၀ | ၁၅၀၀၀ | ၂၅၀၀၀ | ၇၀၀၀ |
| ၁၈ | ပျဉ်းမနား | ၃၈၅၀ | | ၆၈၅၀ | ၁၅၀၀၀ | ၅၇၀၀ | ၁၁၈၀၀ | ၂၅၀၀ | ၁၂၀၀၀ | ၁၃၀၀၀ | ၇၀၀၀ | ၈၂၀၀ | ၅၀၀ | ၇၅၀၀ | ၆၀၀၀ | ၆၀၀၀ | ၃၀၀၀ | ၅၀၀၀ | ၁၅၂၀၀ | ၁၇၅၀၀ | ၁၈၅၀၀ | ၂၆၅၀၀ | ၁၁၀၀၀ |
| ၁၉ | နေပြည်တော် | ၃၈၅၀ | | ၆၈၅၀ | ၁၅၂၀၀ | ၅၇၀၀ | ၁၁၂၀၀ | ၂၆၀၀ | ၁၂၆၀၀ | ၁၃၂၀၀ | ၇၂၀၀ | ၉၀၀၀ | ၅၀၀ | ၇၅၀၀ | ၆၀၀၀ | ၆၂၀၀ | ၃၂၀၀ | ၅၂၀၀ | ၁၆၀၀၀ | ၁၈၀၀၀ | ၁၈၅၀၀ | ၂၆၅၀၀ | ၁၁၀၀၀ |
| ၂၀ | ကလေး | ၃၆၀၀ | ၃၀၀၀ | | ၁၅၀၀၀ | ၉၇၀၀ | ၂၅၀၀၀ | ၃၅၀၀ | ၁၁၀၀၀ | ၁၂၀၀၀ | ၆၀၀၀ | ၁၀၀၀၀ | ၁၂၀၀ | ၉၀၀၀ | ၈၀၀၀ | ၄၀၀၀ | ၄၀၀၀ | ၄၅၀၀ | ၂၁၀၀၀ | ၂၄၀၀၀ | ၂၄၀၀၀ | | ၁၅၀၀၀ |

သတင်းအရင်းအမြစ် – စီးပွား/ကူးသန်း

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများ အပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကို သတ်ဖြတ်၊ လုယက်ခြင်းကို CRPH ၊ NUG၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH ၊ NUG ၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှု မပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

### အမှတ်(၂)အကြီးစားစက်မှုလုပ်ငန်း မီးခံအုတ်ထုတ်လုပ်ရေးဌာန(စော်ဘွားကြီးကုန်း)အား ပုဂ္ဂလိကကုမ္ပဏီနှင့် အကျိုးတူပူးပေါင်းဆောင်ရွက်နိုင်ရေးအတွက် တင်ဒါခေါ်ယူခြင်း

စက်မှုဝန်ကြီးဌာန၊ အမှတ်(၂)အကြီးစားစက်မှုလုပ်ငန်းကြီးကြပ်မှုအောက်ရှိ မီးခံအုတ်ထုတ်လုပ်ရေးဌာန (စော်ဘွားကြီးကုန်း)သည် ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ စော်ဘွားကြီးကုန်းရပ်ကွက်၊ ရန်ကုန်-အင်းစိန်လမ်းမကြီးအနီးတွင် တည်ရှိပါသည်။ ရန်ကုန်မြို့၏ အချက်အချာကျသောနေရာတွင် တည်ရှိသောစက်ရုံဖြစ်ပြီး ပြည်တွင်းပြည်ပ ပုဂ္ဂလိကလုပ်ငန်းရှင်များနှင့် အကျိုးတူ ပူးပေါင်းဆောင်ရွက်သွားရန် အစီအစဉ်ရှိပါသည်။

တင်ဒါတင်သွင်းလိုသည့် ကုမ္ပဏီများသည် တင်ဒါအဆိုပြုလွှာပုံစံအား စက်မှုဝန်ကြီးဌာန၊ အမှတ်(၂)အကြီးစားစက်မှုလုပ်ငန်း၊ နည်းပညာဖွံ့ဖြိုးရေးဌာန၊ ရုံးအမှတ်(၄၁)၊ နေပြည်တော်သို့ လိပ်မူ လျက် ၂၀၂၄ ခုနှစ်၊ ဇွန်လ ၂၅ ရက် ၁၅:၀၀ နာရီ အရောက်ပေးပို့ရမည်ဖြစ်ပါသည်။ တင်ဒါအဆိုပြုလွှာပုံစံ၊ တင်ဒါစည်းကမ်းချက်များနှင့် အခြားသက်ဆိုင်သည့် စာရွက်စာတမ်းများအား မိမိတို့၏ ကုမ္ပဏီဆိုင်ရာအထောက်အထားများ ယူဆောင်ပြသလျက် အထက်ပါ လိပ်စာတွင် ၂၄-၅-၂၀၂၄ ရက်မှစ၍ လာရောက်ထုတ်ယူနိုင်ပါသည်။ အသေးစိတ်သိရှိလိုပါက ဖုန်း-၀၆၇-၃၄၀၈၆၇၈၊ ၀၆၇-၃၄၀၈၆၇၉ တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

### ပြည်သူ့ကြားက ပြည်သူ့စကား အစီအစဉ်ထုတ်လွှင့်မည်

**နေပြည်တော် ဇွန် ၁၀**

မျက်မှောက်ကာလတွင် ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်မှု တားဆီးရေးဆိုင်ရာကိစ္စရပ်များနှင့် ပတ်သက်၍ ပရိသတ်များ၏ ရင်တွင်းခံစားချက်စကားသံများအား သဇင် FM ၏ "ပြည်သူ့ကြားက ပြည်သူ့စကား" အစီအစဉ်မှ **"ဦးနှောက်အာဟာရပြည့်ဝဖို့ စာပေကဏ္ဍမြှင့်တင်စို့"** ခေါင်းစဉ်ဖြင့် ဇွန် ၁၂ ရက် မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့်တင်ဆက်ပေးသွားမည်ဖြစ်သည်။

လာမည့်အပတ် ဗုဒ္ဓဟူးနေ့ မွန်းလွဲ ၁ နာရီတွင် **"ထားဝယ်မြို့အဝင်ရှိ အိမ်ရှေ့ပြင် စာသင်ကျောင်းကို PDF စစ်သွေးကြွတွေ ဖုံးဖောက်ခဲ့မှုကြောင့် ကလေးငယ် ၃ ဦး သေဆုံးကာ ၂၀ ကျော် ဒဏ်ရာရရှိခဲ့မှု"** ခေါင်းစဉ်ဖြင့် ဆွေးနွေးတင်ဆက်မည် ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူ ပရိသတ်များအနေဖြင့် အပတ်စဉ် ကြာသပတေးနေ့ နံနက် ၁၀ နာရီမှ ၁၁ နာရီအတွင်း ဖုန်းနံပါတ် ၀၉-၈၉၉၀၉၉၅၈၅ သို့ အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့် ဖုန်းနံပါတ်တို့ကို Message ပေးပို့ပါဝင်နိုင်ပြီဖြစ်ကြောင်းနှင့် ပါဝင်လာသည့် ပရိသတ်များ၏ ဖုန်းနံပါတ်များနှင့် ကိုယ်ရေးအချက်အလက်များကို လျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

### ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ်၊ ကန်ထရိုက်တိုက်ရငွေများဖြင့်ခရိုင်(၄)ခရိုင်အတွင်းရှိ မြို့နယ်များအတွက် ထရန်စဖော်မာဆက်စပ်ပစ္စည်းများ ၊ ၁၁ နှင့် ၀.၄ ကေဗွီ ကောင်းကင်ဓာတ်အားလိုင်းနှင့်ဆက်စပ်ပစ္စည်းများ၊ကန်ထရိုက်တိုက် သို့ Service Wire ဆွဲသားခြင်းနှင့် Meter အဝင် Connection ပြုလုပ်ရန်လိုအပ်သောပစ္စည်းများအားမြန်မာကျပ်ငွေဖြင့် အိတ်ဖွင့်တင်ဒါခေါ်ယူလိုပါသည်။

၂။ တင်ဒါပုံစံ နှင့် အချက်အလက်များကို ဌာနမှ သတ်မှတ်နှုန်းထားအတိုင်း (၁၂.၆.၂၀၂၄)ရက်နေ့မှစတင်ဝယ်ယူ၍ သတ်မှတ်ရက်အတွင်းလျှောက်ထားရမည်။

၃။ တင်ဒါပိတ်ရက်မှာ(၂၆.၆.၂၀၂၄)ရက်နေ့၊(၁၄:၀၀)နာရီဖြစ်ပြီးအသေးစိတ်အချက်အလက်များသိရှိလိုပါကဖုန်း၊၀၁-၂၂၀၈၁၆ဖုန်းနံပါတ်သို့ဆက်သွယ်စုံစမ်းနိုင်ပါသည်။

တင်ဒါကော်မတီ

### စာပေမြင့်မှ လူမျိုးတင့်မည်

### ခိုလမ်မြို့တွင် ၂၀၂၄ ခုနှစ် (မိုးရာသီ) စုပေါင်းသစ်ပင်စိုက်ပျိုး

**ခိုလမ် ဇွန် ၁၀**

ရှမ်းပြည်နယ် (တောင်ပိုင်း) ခိုလမ်မြို့တွင် ၂၀၂၄ ခုနှစ် (မိုးရာသီ)စုပေါင်းသစ်ပင်စိုက်ပျိုးပွဲကို ဇွန် ၇ရက်က ရွှေစည်းခုံ ကောင်းမှုလျှံဘုရားအနီးတွင် ကျင်းပရာ အခမ်းအနားသို့ အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့် အရာရှိကြီးများ၊ ဌာနဆိုင်ရာများ၊ စစ်သည်/ရဲမေများ၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူ စုစုပေါင်း ၆၃၀ တက်ရောက်သည်။

ရှေးဦးစွာ တိုင်းမှူး ဗိုလ်ချုပ်မျိုးမင်းထွန်းက ၂၀၂၄ ခုနှစ် (မိုးရာသီ) စုပေါင်းသစ်ပင်စိုက်ပျိုးခြင်းဖြင့် ပတ်ဝန်းကျင်စိမ်းလန်းစိုပြည်စေရန်၊ သစ်တောသယံဇာတ ရေရှည်တည်တံ့စေရန်နှင့် သစ်တောသစ်ပင်ပြုန်းတီးမှု ထိန်းသိမ်းရေးလုပ်ငန်းများတွင် ပြည်သူများ တက်ကြွစွာ ပါဝင်လာစေရန်ရည်ရွယ်၍ ကျင်းပရခြင်းဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် တိုင်းမှူးနှင့် အရာရှိကြီးများ၊ ဌာနဆိုင်ရာများ၊ စစ်သည်/ရဲမေများ၊ ဆရာ ဆရာမ များနှင့် ကျောင်းသား ကျောင်းသူများက ကျွန်းပင် ၅၀၀၊ ခါတော်မီပင် ၅၀၀၊ မျောက်ငိုပင် ၅၀၀၊ စုစုပေါင်းပျိုးပင် ၁၅၀၀ တို့ကို စုပေါင်း စိုက်ပျိုးခဲ့ကြောင်း သိရသည်။

**နေလင်းထွန်း(ပြန်/ဆက်)**




မြန်မာ့အလင်း

စာတည်းမှူးချုပ် - အောင်နိုင်ဦး
စာတည်းမှူး - မြင့်စိုး
သတင်းထောက်မှူး - ခင်ရတနာ
စာတည်းများ - ကြည်ဝင်း၊ ဝင်းကျော်
ဘာသာပြန်စာတည်း - ခြူးစန္ဒီနွေး၊ တင်လင်းအောင်
အကြီးတန်းသတင်းထောက်များ - ကျော်သူဝင်း၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်၊ နေဝင်းထွန်း(၂)
အငယ်တန်းသတင်းထောက်များ - ဇော်ဝိုင်းအောင်၊ ဝေသူနွယ်၊ ခင်ဖြူထွေး
ဓာတ်ပုံသတင်းထောက် - တင်စိုး
သုတေသန - အိအိခင်နှင့် အဖွဲ့
စာပြင် - အေးအေးမိုးလှိုင်နှင့် အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - သန်းထွန်းအောင်နှင့် အဖွဲ့
အီးမေးနှင့် အွန်လိုင်း - သက်လွင်ဦးနှင့် အဖွဲ့
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၃၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

MYANMAR Digital News Presented by NPE www.mdn.gov.mm


### ယနေ့ဈေးကွက်ပေါက်ဈေးများ

၁၀ - ၆ - ၂၀၂၄

စက်သုံးဆီ(လက်လီဈေးနှုန်းများ)

| စက်သုံးဆီ | (ရန်ကုန်) | (မန္တလေး) |
|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၂၃၃၀ ကျပ် | ၂၄၁၀ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၂၃၈၀ ကျပ် | ၂၄၅၅ ကျပ် |
| အောက်တိန်း ၉၂ | ၂၅၆၅ ကျပ် | ၂၆၄၅ ကျပ် |
| အောက်တိန်း ၉၅ | ၂၆၆၅ ကျပ် | ၂၇၄၀ ကျပ် |

(Moon Sun စက်သုံးဆီအရောင်းဆိုင်မှ ရယူပါသည်)


■ အင်တာနက်ပေါ်တွင် သတင်းတု၊ သတင်းမှားများ လွှင့်တင်ခြင်း၊ မြန်မာ့ရိုးရာယဉ်ကျေးမှုနှင့် ကိုက်ညီမှုမရှိသည့် မဖွယ်မရာမှတ်တမ်းပုံများ၊ ဗီဒီယိုများအား ဖြန့်ဝေခြင်း၊ အခကြေးငွေဖြင့် ရောင်းချခြင်းများသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။

■ အွန်လိုင်းလောင်းကစားကြော်ငြာများ လက်ခံကြော်ငြာပေးခြင်းသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။


### ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

ညီညီ - စုစည်းသည်

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၉၁၀၀ | ၉၁၀၀ | ၈၉ | ၈၀၉၉၀၀ |
| MTSH | ၃၂၅၀ | ၃၂၅၀ | ၂၈၀ | ၉၁၀၀၀၀ |
| MCB | ၈၄၀၀ | ၈၄၀၀ | ၁၃ | ၁၀၉၂၀၀ |
| FPB | ၁၇၅၀ | ၁၇၅၀ | ၁၅၂ | ၂၆၆၀၀၀ |
| TMH | ၂၈၅၀ | ၂၈၅၀ | ၂ | ၅၇၀၀ |
| EFR | ၁၈၀၀ | ၁၈၅၀ | ၈၅၆ | ၁၅၅၀၆၀၀ |
| AHPC | ၄၈၀၀ | ၄၈၀၀ | ၁ | ၄၈၀၀ |
| MAEPC | ၃၁၀၀ | ၃၄၀၀ | ၂၂၃၄ | ၇၃၇၃၃၅၀ |

## စွမ်းအင်ဝန်ကြီးဌာန
## မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း (၇/၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ်)

၁။ မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်းမှ ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ်အတွက် အောက်ဖော်ပြပါပစ္စည်းများအား မြန်မာကျပ်ငွေဖြင့် တင်ဒါခေါ်ယူမည်ဖြစ်ပါသည်-

| စဉ် | တင်ဒါအမှတ် | ဝယ်ယူမည့်ပစ္စည်း | အရေအတွက် |
|---|---|---|---|
| ၁။ | 68(LPT)/MPE-KZ | Spare Parts for Synthesis Gas Compressor | 1 Lot |
| ၂။ | 69(LPT)/MPE-HQ | Stationery | 3 Items |
| ၃။ | 11R(LPT)/MPE-F5 | Boiler Feed Water Pump Complete Set without Motor | 1 Set |
| ၄။ | 17R(LPT)/MPE-MBU | AC/DC Converter(AC/DC Power Supply)for Power Distribution Panel | 1 No. |
| ၅။ | 32R(LPT)/MPE-F4 | Standard Gas Cylinder for Gas Chromatography | 6 Nos. |
| ၆။ | 38R(LPT)/MPE-TLN | CFR Engineering (Fuel Research Unit) Top Overhaul | 1 Lot |
| ၇။ | 40R(LPT)/MPE-KZ | Starting Transformer | 1 No. |
| ၈။ | 41R(LPT)/MPE-KZ | Floor Stand Type Sewing Machine | 2 Nos. |
| ၉။ | 42R(LPT)/MPE-KZ | Elevator | 1 No. |

၂။ အိတ်ဖွင့်တင်ဒါပုံစံကို ၁၂-၆-၂၀၂၄ ရက်နေ့မှစ၍ စွမ်းအင်ဝန်ကြီးဌာန၊ မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း၊ ရုံးအမှတ်(၄၄)၊ ဘဏ္ဍာရေးဌာန(နေပြည်တော်)နှင့် အမှတ်(၁)ရေနံချက်စက်ရုံ(သန်လျင်)တို့တွင် လာရောက်ဝယ်ယူနိုင်ပြီး တင်ဒါကြော်ငြာအား ဝန်ကြီးဌာန Website (energy.gov.mm) တွင်လည်း ကြော်ငြာထားမည်ဖြစ်ပါသည်။

၃။ အဆိုပါအိတ်ဖွင့်တင်ဒါများကို အောက်ပါ တင်ဒါပိတ်မည့်နေ့များတွင် (၁၁ : ၀၀)နာရီ မှ(၁၂ : ၀၀) နာရီအတွင်း စီမံရေးဌာန၊ မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း၊ ရုံးအမှတ်(၄၄)၊ (နေပြည်တော်)သို့ လူကိုယ်တိုင်လာရောက်ပေးသွင်းရန် ဖြစ်ပါသည်-

(က) အမှတ်စဉ် (၁)အိတ်ဖွင့်တင်ဒါ ၃-၇-၂၀၂၄

(ခ) အမှတ်စဉ် (၂ မှ ၉ ထိ)အိတ်ဖွင့်တင်ဒါများ ၂၆-၆-၂၀၂၄

**မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း**
**ဖုန်း-၀၆၇-၃၄၁၁၁၂၃၊ ၀၆၇-၃၄၁၁၁၉၃၊ ၀၆၇-၃၄၁၁၁၇၅**

## ကန့်ကွက်နိုင်ပါကြောင်း

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်ခရိုင်၊ ပြင်ဦးလွင်မြို့နယ်၊ ရပ်ကွက်ကြီး(၁၇)၊ အနီးစခန်း၊ စျေးကုန်းရပ်၊ အမှတ်(၉၆)၊ အကျယ်အဝန်းအရှေ့( ၆၃)ပေ၊ အနောက်(၆၃)ပေ၊ တောင်(၈၀)ပေ၊မြောက်(၁၀၀)ပေ၊ (လက်ရှိမြေပေါ်ရှိအတိုင်းအတာ)မြေနှင့်နေအိမ် လျှပ်စစ်မီတာ အပါအဝင် မြေပေါ်မြေအောက် အကျိုးခံစားခွင့် အရပ်ရပ်အားလုံးအား ဒေါ်ကေသီအောင် ၈/ပခက(နိုင်)၁၄၂၀၁၅ ထံမှ ဒေါ်မြသန်း ၉/မကန(နိုင်)၀၁၂၇၂၂က (အရပ်ကတိစာချုပ်)ဖြင့် စရန်ငွေ တစ်စိတ်တစ်ဒေသအား ပေးချေခဲ့ပြီး ဝယ်ယူခဲ့ပါသည်။ အဆိုပါမြေကွက်နှင့် ပတ်သက်၍ ကန့်ကွက်ရန်ရှိပါက ပိုင်ဆိုင်မှု စာရွက်စာတမ်း အထောက်အထား ခိုင်လုံစွာဖြင့် ကျွန်ုပ်ထံသို့ ဤကြေညာသည့်ရက်မှစ၍ ၁၄ရက်အတွင်း လာရောက် ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားသူ** — **ဒေါ်မြသန်း** — **၉/မကန(နိုင်) ၀၁၂၇၂၂**
**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးနေမျိုးဇော်(LL.B,D.B.L)**
**တရားလွှတ်တော်ရှေ့နေ**
**ရပ်ကွက်ကြီး(၁)၊ ယူဂိုစလပ်၊ ပြင်ဦးလွင်မြို့**

## Passport ပျောက်ဆုံးကြောင်း

ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ နောင်ချိုမြို့နယ်၊ စျေးရပ်ကွက်နေ (ဘ)ဦးဝင်းနိုင်၏သားဖြစ်သူ အောင်ညီထက် ၁၃/နခတ(နိုင်)၁၁၄၇၇၀၏ နိုင်ငံကူးလက်မှတ်အမှတ် ME-532658 သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက ဖုန်း- ၀၉-၆၈၈၉၉၂၄၀ သို့ ဆက်သွယ်အကြောင်းကြားပေးပါရန်။

## တစ်ဦးတည်းဖြစ်ပါကြောင်း

ရခိုင်ပြည်နယ်၊ ကျောက်ဖြူမြို့၊ ကညင်တောနေ မဆုမြတ်နှင်း၊ မောင်ထက်ဝေယံစိုး၊ မဆုမြတ်ထွေးတို့၏ ဖခင်ဦးမျိုးနိုင်(ခ) မောင်ဘခက် ၆/တသရ(နိုင်)၀၉၃၂၄၈ မှာ တစ်ဦးတည်းဖြစ်ပြီး၊ မိခင် ဒေါ်ရွှေရွှေဝါ (ခ) ချိုချိုဝါ ၁၁/ကဖန(နိုင်)၁၅၇၁၃၂ မှာလည်း တစ်ဦးတည်းဖြစ်ပါကြောင်း။

## အမည်ပြောင်း

သရက်ခရိုင်၊ ကံမမြို့နယ်၊ အမက (ရွာသာယာ)Grade-3တွင် ပညာသင်ကြားနေသော (ဘ)ဦးအေးမင်းသူ ၈/ကမန(နိုင်) ၀၆၀၆၇၈ ၏သား မောင်ကျော်ကိုကိုဇော် အား မောင်ကောင်းထက်မော်ကွန်း ဟု ပြောင်းလဲခေါ်ဆိုပါရန်။

**မောင်ကောင်းထက်မော်ကွန်း**

## စာအုပ်စာပေ လူ့မိတ်ဆွေ

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 6M/3909 ယာဉ်လက်ဝယ်ရှိသူ ဒေါ်ခင်ငွေးသူ ၇/ပခန(နိုင်)၃၀၇၅၃၆ က(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။ **ကညန၊ တိုင်းဒေသကြီးဦးစီးမှူးရုံး(ပဲခူး)**

## မော်တော်ဆိုင်ကယ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 54W/51292 Kenbo-110, M/C လက်ဝယ်ရှိသူ ဒေါ်ကြိုင်ကြိုင်သင်း ၈/ပခက(နိုင်)၂၆၀၂၅၃ က(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(ပခုက္ကူ)**

## ပတ်စ်ပို့ပျောက်

ဦးသန်းဆွေ ၁၂/ဥကတ(နိုင်)၀၀၂၆၂၂၏ ပတ်စ်ပို့နံပါတ် 403892 မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း- ၀၉-၄၃၁၁၆၂၉၈**

## အမည်မှန်

ဦးမိုးမင်းစိုး၏သား ထားဝယ်မြို့၊ မဟာရွှေဂုဏ်ထူးကိုယ်ပိုင် အထက်တန်းကျောင်း Grade-7မှ မောင်စောမင်းနိုင်၏အမည်မှန်မှာ မောင်ဈာန်မင်းထက် ဖြစ်ပါကြောင်း။

**မောင်ဈာန်မင်းထက်**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 3P/9197 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(မြိတ်)**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 3P/9206 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(မြိတ်)**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
### (တရားမကျင့်ထုံး ကိုဥပဒေအမိန့် ၅၊ နည်းဥပဒေ ၂၀)
### တောင်ကြီးခရိုင်တရားရုံး
### ၂၀၂၄ ခုနှစ်၊ တရားမကြီးမှုအမှတ် - ၄၆

ဒေါ်နော်အေးမူသွယ် **နှင့်** ဒေါ်နန်းမေသူအောင်
၎င်း၏အခွင့်ရကိုယ်စားလှယ်
ဒေါ်လွင်လွင်ဇော်
**(တရားလို)** **(တရားပြိုင်)**

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ တောင်ကြီးခရိုင်၊ တောင်ကြီးမြို့နယ်၊ ဘုရားဖြူရပ်ကွက်၊ နယ်မြေ(၁၂) ၊ ကျောက်စိမ်းလမ်း၊ အမှတ်(၉၀/၁၂)နေ ဒေါ်နန်းမေသူအောင် (ယခုနေရပ်လိပ်စာမသိသူ)အား သိစေရမည်။

သင့်အပေါ်၌ တရားလိုက လုပ်ငန်းအတွက် အကြိမ်ကြိမ်လွှဲပေးငွေ (၁၀၈၆၅၀၀၀၀၀) (တစ်သောင်းရှစ်ရာခြောက်ဆယ့်ငါးသိန်းကျပ်)ရလိုမှုနှင့် လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံးအခွင့် အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက်၊ ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၂၄ ခုနှစ်၊ ဇွန်လ (၂၀)ရက် (၁၃၈၆ ခုနှစ်၊ နယုန်လဆန်း ၁၄ရက်) မွန်းမတည့်မီ(၁၀)နာရီအချိန်တွင် အထက်က အမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင်သင့်ကွယ်ရာတွင်ငြင်းချက်များကိုထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်က ထုချေတင်ပြ အမှီပြုလိုသည့် စာချုပ်စာတမ်းအစ ရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်၊ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်ပို့ လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်၊

၂၀၂၄ခုနှစ်၊ ဇွန်လ(၇)ရက်နေ့တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ် လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(မြအောင်)**
**တွဲဖက်ခရိုင်တရားသူကြီး(၂)**
**တောင်ကြီးခရိုင်တရားရုံး**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာချက်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၉)၊ မြေကွက်အမှတ်(၇၉)၊ အိမ်အမှတ်(၇၉)၊ သံလွင်လမ်း၊ (၉)ရပ်ကွက်၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ အကျယ်အဝန်း(၀.၀၆၁)ဧကရှိ နှစ်(၆၀)ဂရန်မြေ အမျိုးအစားမြေကွက်နှင့် ယင်းမြေကွက်ပေါ်၌ ဆောက်လုပ်ထားသည့် အဆောက်အအုံမှာ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနတွင် မြေငှားဂရန် အမည်ပေါက် ဒေါ်မြသိုက် ၁၂/မဂတ(နိုင်)၀၆၇၉၆၄ ကိုယ်တိုင် အမည်ပေါက်၍ တရားဝင်ပိုင်ဆိုင် အကျိုးခံစားလျက်ရှိပြီး ယင်းမြေနှင့် မြေပေါ်ရှိအဆောက်အအုံကို သမီးအရင်းဖြစ်သူ ဒေါ်ဆွေဇင်ဝင်း ၁၂/မဂတ(နိုင်)၀၀၈၇၇၀ အား မိခင်၏ချစ်ခြင်းမေတ္တာစေတနာသက်သက်ဖြင့် အပြီးအပိုင်ပေးကမ်း လိုက်ပြီဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ထိုသို့ မေတ္တာဖြင့် အပိုင်ပေးကမ်းခြင်းအပေါ် ကန့်ကွက်လိုသူရှိပါက ခိုင်လုံသော အကြောင်းပြချက် အထောက်အထား စာချုပ်စာတမ်းမူရင်းများနှင့် တကွ ကျွန်ုပ်ထံသို့ ဤသတင်းစာ ကြေညာချက်ပါသည့်ရက်မှစ၍ (၇)ရက် အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက သက်ဆိုင်ရာဌာနတွင် ပေးကမ်းခြင်းခံရသူ၏အမည်ဖြင့် တရားဝင်အမည် ပြောင်း ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းကို ကျွန်ုပ်မိတ်ဆွေ၏ လွှဲအပ်ညွှန်ကြားချက်အရ အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားသူ** — **ဒေါ်မြသိုက်** — **(၁၂/မဂတ(နိုင်)၀၆၇၉၆၄)**
**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်ဝင့်စန္ဒီအောင်(စဉ်-၃၁၁၄၆)**
**အထက်တန်းရှေ့နေ**
**အမှတ်(၇၈၉/က)၊ ဟန်လင်းလမ်း၊ (၁၃၃)ရပ်ကွက်၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ ဖုန်း-၀၉-၇၉၅၆၈၂၉၅၄**

## အထွေထွေကိုယ်စားလှယ်လွှဲစာရုပ်သိမ်းကြောင်း အများသိစေရန်ကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ ၁၀-မိုင်ကုန်းအိမ်ရာ၊ ဗိုလ်တေဇလမ်း၊ အခန်း(၆)၊ အမှတ် (၇၇၂/စီ)နေ ဦးချိုဝင်းအောင်(ဘ)ဦးအောင်မြင့် ၉/မထလ(နိုင်)၀၁၅၇၄၆ (အမ်တီအယ်လ်အေ-၀၅၁၄၄၉မှ မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာမြို့၊ မဟာစည်တိုးချဲ့နေ ဒေါ်သွယ်သွယ်လှိုင် (ဘ) ဦးကျော်သန်း ၁၂/တမန(နိုင်)၀၉၇၀၈၃အား ရန်ကုန်မြို့စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၌(၁၇-၇-၂၀၂၃)ရက်တွင် လွှဲအပ်ပေးခဲ့သော အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ်(၁၃၈၆၂/၂၀၂၃)ကို ပြန်လည်ရုပ်သိမ်းကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးချိုဝင်းအောင် ၉/မထလ(နိုင်)၀၁၅၇၄၆**
**(အမ်တီအယ်လ်အေ-၀၅၁၄၄၉)**
**ဖုန်း-၀၉-၇၉၉၃၀၆၀၃၆**

## အများသိစေရန် ကြေညာခြင်း

တောင်ကြီးခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ မြေငှားဂရန်အမှတ် ၂၃/၂၀၁၀ အရ ဦးသိန်းနိုင်ဦး အမည်ပေါက်ပိုင်ဆိုင်သည့် တောင်ကြီးမြို့နယ်၊ အေးသာယာမြို့၊ ကွင်း/အကွက်အမှတ်နှင့်အမည်( ၄၉/မူလတန်းကျောင်းအရှေ့)၊ ဦးပိုင်အမှတ်(၁၃၇)၊ ဧရိယာ(၀ဒသမ၁၁၆)ဧကရှိမြေကွက်ကို ၎င်းထံမှ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူ ဦးအုန်းမြင့် ၈/မကန(နိုင်)၁၁၅၃၈၅ က ဝယ်ယူပိုင်ဆိုင် လက်ဝယ်ထားခဲ့ပါသည်။ အဆိုပါ မြေကွက်ဥပစာအားတည်ဆဲဥပဒေများနှင့် အညီ မှတ်ပုံတင် စာချုပ်ပြုလုပ်ချုပ်ဆိုခြင်း၊ မြေငှားဂရန် အမည်ပြောင်းလဲခြင်း၊ မြေကွက်နှင့်ပတ်သက်သည့် ကိစ္စအဝဝတို့ကို ပြုလုပ်ဆောင်ရွက်မည်ဖြစ်၍ အဆိုပါ မြေကွက်နှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ခိုင်လုံသော တရားဝင်စာရွက်စာတမ်း အထောက်အထားဖြင့် သတင်းစာကြော်ငြာစာပါသည့် ရက်မှစ၍ ခုနစ်ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်နေ့ရက် ကျော်လွန်ပါက မြေကွက် နှင့်ပတ်သက်သည့် ကိစ္စအရပ်ရပ်ကို ဥပဒေ ပြဋ္ဌာန်းချက်များနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ဦးအုန်းမြင့်၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်နန်းဖစ်မွန်း(LL.B,LL.M)** — **တရားလွှတ်တော်ရှေ့နေ** — **(စဉ်-၈၆၂၅/၂၀-၁၂-၂၀၁၂)**
**ဒေါ်နန်းဟွမ်ခမ်းလှိုင်း(LL.B)** — **အထက်တန်းရှေ့နေ** — **(စဉ်-၅၄၅၂၁/၂၅-၁၁-၂၀၂၁)**
**အခန်း(၃၅)၊ အလက(၁၁)တိုက်တန်း၊ ဘုရင့်နောင်လမ်း၊ ကန်ရှေ့ရပ်ကွက်၊ တောင်ကြီးမြို့**

## အမည်ပြောင်း

ထားဝယ်ခရိုင်၊ လောင်းလုံးမြို့နယ်၊ မောင်းမကန်ရွာနေ ဦးအောင် ကြည်၏သား အထက (၁) ထားဝယ် Grade-6 မှ မောင်ဇော်ဇော်စိုးအား မောင်ဖွဲ့အောင်လင်း ဟု ပြောင်းလဲခေါ်ဆိုပါရန်။

**မောင်ဖွဲ့အောင်လင်း**

## ပြင်ဆင်မှုလျှောက်လွှာကို ကြားနာစစ်ဆေးရန် ချိန်းဆိုသည့်နေ့ရက်ကို လျှောက်ထားခံရသူထံသို့ အကြောင်းကြားစာ
### (တရားမကျင့်ထုံးဥပဒေပုဒ်မ ၁၁၅
### ရှမ်းပြည်နယ်တရားလွှတ်တော်
### ၂၀၂၄ခုနှစ်၊ တရားမပြင်ဆင်မှုအမှတ်-၄၈

ဒေါ်နော်လီလီ(ခ)ဒေါ်နော်ဖောလီ **နှင့်** ၁။ဒေါ်နော်ခီးလာဖော
၂။ ဦးဝင်းဦး
**လျှောက်ထားသူ** **လျှောက်ထားခံရသူများ**

၂၀၂၄ခုနှစ်၊ ဖေဖော်ဝါရီလ ၂၀ရက် နေ့စွဲပါ တောင်ကြီးခရိုင် တရားရုံး ၂၀၂၂ခုနှစ်၊ တရားမကြီးမှုအမှတ် ၇၆ ၏ စီရင်ချက်နှင့်ထုံးပုံကျအပြီးသတ်အမိန့်မှ ပြင်ဆင်မှုလျှောက်လွှာနှင့် ပတ်သက်၍ လျှောက်ထားခံရသူအမှတ်(၂) ဦးဝင်းဦး၊ တောင်ကြီးမြို့၊ ဘုရားဖြူရပ်ကွက်၊ အေးမေတ္တာလမ်း၊ နယ်မြေ(၂)၊ အမှတ် (၂၃၉)(ယခင်လိပ်စာ) (ယခုလိပ်စာမသိ)နေ သိစေရမည်။

ဤအမှုတွင် တောင်ကြီးခရိုင် တရားရုံး၏ စီရင်ချက်နှင့် ထုံးပုံကျအပြီးသတ်အမိန့်မှ ပြင်ဆင်မှုလျှောက်လွှာတစ်စောင်ကို တရားလွှတ်တော်ရှေ့နေ ဒေါ်ခင်သန္တာထွန်းက တင်သွင်း၍ ဤရုံး၌ မှတ်ပုံတင်ခဲ့ပြီးကြောင်းနှင့် ထိုပြင်ဆင်မှုလျှောက်လွှာကို ၂၀၂၄ခုနှစ်၊ ဇွန်လ ၁၄ရက်(၁၃၈၆ခုနှစ်၊ နယုန်လဆန်း ၈ ရက်) နံနက် ၁၀နာရီတွင် ဆိုင်ဆိုရန် ဤရုံးတော်က ချိန်းဆိုလိုက်သည်။

သင်ကိုယ်တိုင်ဖြစ်စေ၊ သင့်ရှေ့နေဖြစ်စေ၊ဤပြင်ဆင်မှုတွင် သင့်အတွက်ဆောင်ရွက်ရန် ဥပဒေအရ ခွင့်ပြုထားသူ ကိုယ်စားလှယ်ဖြစ်စေ၊ မလာရောက်ခဲ့လျှင် ၎င်းပြင်ဆင်မှုကို သင်မရှိသည့်အခါတွင် တစ်ဖက်သတ်စီရင်ဆုံးဖြတ်လိမ့်မည်။

၂၀၂၄ခုနှစ်၊ ဇွန်လ ၇ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ် လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(အေးစန္ဒီအောင်)**
**လက်ထောက်ညွှန်ကြားရေးမှူး**
**ရှမ်းပြည်နယ်တရားလွှတ်တော်**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့နယ်၊ စိုးမိုးအိုင်အုပ်စု၊ ရွှေ ကျားရွာမလမ်းတွင် (YMTသောက်ရေသန့်၊ ရွှေရည်မွန် သောက်ရေသန့်၊ ရည်မွန်သောက်ရေသန့်) အမည်ဖြင့် ထုတ်လုပ်ရောင်းချရန် စီစဉ်ထားပါသည်။ သို့ဖြစ်ပါ၍ မြန်မာနိုင်ငံလုံးရှိ သောက်ရေသန့် စက်ရုံများမှ အမည်တူရှိနေပါက ဤကြေညာပါသည့်ရက်မှ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမပြုပါက သောက်ရေသန့် ထုတ်လုပ်ရောင်းချရန်အတွက် အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနတွင် လိုင်စင်တင်ရန် ဆက်လက်လုပ်ဆောင်သွားမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

**ဦးမင်းသန်း ၅/မမန(နိုင်) ၀၆၆၇၃၂**
**ဖုန်း-၀၉-၄၀၀၅၃၉၈၁၁**

## ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၂)ရပ်ကွက်၊ မာဃ(၄)လမ်း၊ တိုက်အမှတ်-၇၃၁၊ ၃လွှာ/ဒုတိယထပ်၊ (ခြေရင်းဘက်ခြမ်း)၊ (၁၇ပေ x ၅၂ပေ)ရှိ ကန်ထရိုက်တာ ဦးပေါ်မင်း ပိုင်ဆိုင်သည့်တိုက်ခန်း အကျိုးခံစားခွင့်တို့နှင့် ပတ်သက်၍ အများသိစေရန် အသိပေးကြေညာခြင်း

ကျွန်ုပ်တို့၏ မိတ်ဆွေဖြစ်သူသည် အထက်ဖော်ပြပါ တိုက်ခန်းအား ပိုင်ဆိုင်ထားသည့် ကန်ထရိုက်တာ ဦးပေါ်မင်း ၁၂/စခန(နိုင်)၀၆၄၂၈၀ထံမှ ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ဖော်ပြပါ တိုက်ခန်းနှင့်ပတ်သက်၍ အကျိုးခံစားခွင့်ရှိသူများ ကန့်ကွက်မည့်သူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၄ရက်အတွင်း ခိုင်လုံသော ပိုင်ဆိုင်မှု အထောက်အထား(မူရင်း)များနှင့်တကွ ကျွန်ုပ်တို့ထံသို့ လာရောက် ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက ဖော်ပြပါတိုက်ခန်းအား ဝယ်ယူခြင်းကို ဥပဒေနှင့်အညီ ပြီးပြတ်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေး ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးခိုင်ငွေး(LL.B,D.B.L,D.I.L)** — **တရားလွှတ်တော်ရှေ့နေ(စဉ်-၈၈၅၉)**
**ဒေါ်ခိုင်ဦးသူ(LL.B,D.B.L,D.I.L)** — **အထက်တန်းရှေ့နေ(စဉ်-၃၇၉၅၄)**
**အမှတ်-၈၇၊စျေးကြီးလမ်း၊ မကျည်းတန်းတောင်/ရှေ့ရပ်ကွက်၊ ကြည့်မြင်တိုင်မြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉-၅၀၂၅၈၈၁**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၅)၊ ယုဇနလမ်း၊ မြေကွက်အမှတ်(၈၆၇) ဟု ခေါ်တွင်သော ဦးအောင်ဇော် အမည်ပေါက် ဂရန်မြေအနက် တရားဝင်မခွဲစိတ်ရသေးသော အကျယ်အဝန်း ဧရိယာ (၁၂၀၀) စတုရန်းပေရှိ မြေကွက်နှင့် အကျိုးခံစားခွင့် အရပ်ရပ်အား ရောင်းချပိုင်ခွင့်ရှိသူ ဒေါ်လှလှမျိုး ၈/ပခက(နိုင်)၁၆၁၀၂၁ထံမှ ကျွန်ုပ်၏ မိတ်ဆွေ ဦးသီဟမင်း ၁၂/တမန(နိုင်)၁၀၈၃၇၅မှ ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါ သည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်ုပ်ထံသို့ ခိုင်လုံသော အထောက်အထားများဖြင့် ယနေ့မှစ၍(၇)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မည့်သူ မရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးကျော်ငွေးလွင်**
**တရားလွှတ်တော်ရှေ့နေ (စဉ်- ၁၃၇၇၅)**
**အမှတ် (၁၆)၊ ပထမထပ်၊ သမာဓိလမ်း၊ တာမွေမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊**
**ဖုန်း - ၀၉-၄၂၀၁၆၃၃၂၃**

## မိခင်အမည်မှန်

ရေဝတီတိုင်းဒေသကြီး၊ အိမ်မဲမြို့နယ်၊ အထက(၁) အိမ်မဲ၊ Grade-9 တွင် ပညာသင်ကြားနေသော မနှင်းစုခင်၏ မိခင်အမည်မှန်မှာ ဒေါ်နန်းနု ၁၄/ပတန(နိုင်)၁၆၁၁၂၉ ဖြစ်ပါကြောင်း။

**ဒေါ်နန်းနု**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 2J/3054,SUSUKI CARRY ယာဉ်လက်ဝယ်ရှိသူ ဦးဆန်းလျံဟရဲ ၅/ကလထ(နိုင်) ၁၃၀၃၁၃ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး**
**(ကလေးမြို့)**

## ပြင်ဆင်ဖတ်ရှုပါရန်

၈-၆-၂၀၂၄ရက်ထုတ် ဤသတင်းစာ၏ စာမျက်နှာ(၂၂) ကလေးမြို့နယ်တရား ရုံးတော်၊ ဒီကရီအတည်ပြုရန် အမိန့် မထုတ်သင့်ကြောင်း ထုချေစေရန် ကြော်ငြာတွင် (အေးလဲ့စန္ဒီမြင့်) မြို့နယ်တရားသူကြီး၊ ကလေးမြို့နယ် တရားရုံး အစား

**(အေးလဲ့စန္ဒီမြင့်)**
**မြို့နယ်တရားသူကြီး**
**ကလေးမြို့နယ်တရားရုံး**
**ဟုပြင်ဆင်ဖတ်ရှုပါရန်။**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

မုံရွာမြို့၊ စက်မှုဇုန်ရပ်ကွက်၊ အကွက်အမှတ်နှင့်အမည် (စ-၃-နန္ဒဝန်(စက်မှုဇုန်)၊ ဦးပိုင်အမှတ် (၃၈လမ်း-၇၀)၊ ရေိယာ (၀ဒသမ ၁၁၀) ဧကရှိ မြေအား မြို့မြေအမှုတွဲအမှတ် ၁၇၁V ၂၀၁၀အရ (၁၈-၅-၁၉၉၄)မှ (၁၇-၅-၂၀၂၄)ထိ ဦးဝင်းထွဋ်အောင် အမည်ဖြင့် နှစ်(၃၀)မြေငှားစာချုပ်ရရှိထားသော မြေအား ဦးဝင်းထွဋ်အောင်မှ မြေငှားစာချုပ်စက်မှုစီးပွား (သက်တမ်းတိုး) လျှောက်ထားရာ ကျိုးကြောင်းဖော်ပြချက်ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြနိုင်သူမည်သူမဆို ယခု လျှောက်ထားခြင်းကို ဆောင်ရွက်မပေးသင့်ကြောင်း အထောက်အထားခိုင်လုံစွာဖြင့် ကန့်ကွက်လွှာများကို ဤရုံးသို့ကြော်ငြာသည့်ရက်မှစ၍ ရက်ပေါင်း ၁၅ရက်အတွင်း ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လျှောက်ထားသူအား အထက် မြန်မာပြည်မြေနှင့် အခွန်စည်းမျဉ်းဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ မြေငှားစာချုပ်စက်မှုစီးပွား (သက်တမ်းတိုး) ခွင့်ပြုမည်ဖြစ်ကြောင်း အသိပေး ကြေညာအပ်ပါသည်။ **ကော်လိတ္တော်အရာရှိ**

**မုံရွာခရိုင်အထွေထွေအုပ်ချုပ်ရေး**
**ဦးစီးဌာန**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

မုံရွာမြို့၊ စက်မှုဇုန်ရပ်ကွက်၊ အကွက်အမှတ်နှင့်အမည် (စ-၃-နန္ဒဝန် (စက်မှုဇုန်)၊ ဦးပိုင်အမှတ် (၃၉လမ်း-၆၉)၊ ရေိယာ (၀ဒသမ ၁၁၀) ဧကရှိ မြေအား မြို့မြေအမှုတွဲအမှတ် ၁၇၀V ၂၀၁၀အရ (၁၈-၅-၁၉၉၄)မှ (၁၇-၅-၂၀၂၄)ထိ ဦးဝင်းထွဋ်အောင် အမည်ဖြင့် နှစ်(၃၀)မြေငှားစာချုပ်ရရှိထားသော မြေအား ဦးဝင်းထွဋ်အောင်မှ မြေငှားစာချုပ်စက်မှုစီးပွား (သက်တမ်းတိုး) လျှောက်ထားရာ ကျိုးကြောင်းဖော်ပြချက် ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြနိုင်သူ မည်သူမဆို ယခု လျှောက်ထားခြင်းကို ဆောင်ရွက်မပေးသင့်ကြောင်း အထောက်အထားခိုင်လုံစွာဖြင့် ကန့်ကွက်လွှာများကို ဤရုံးသို့ကြော်ငြာသည့်ရက်မှစ၍ ရက်ပေါင်း ၁၅ရက်အတွင်း ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လျှောက်ထားသူအား အထက် မြန်မာပြည်မြေနှင့် အခွန်စည်းမျဉ်းဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ မြေငှားစာချုပ်စက်မှုစီးပွား (သက်တမ်းတိုး) ခွင့်ပြုမည်ဖြစ်ကြောင်း အသိပေး ကြေညာအပ်ပါသည်။ **ကော်လိတ္တော်အရာရှိ**

**မုံရွာခရိုင် အထွေထွေအုပ်ချုပ်ရေး**
**ဦးစီးဌာန**

## အကြောင်းပြရန်ပေးသည့်အကြောင်းကြားစာ
## (တရားမကျင့်ထုံးဥပဒေအမိန့်- ၅၊ နည်းဥပဒေ-၂၀)
## နတ်တလင်းခရိုင်တရားရုံးတော်
## ၂၀၂၄ ခုနှစ်၊ တရားမကြီးမှုအမှတ်-၁၀

မြန်မာနိုင်ငံသားများဘဏ်လီမိတက် (၎င်းဘဏ်၏ ကိုယ်စား ပြည်ဘဏ်ခွဲ ချေးငွေဌာနတာဝန်ခံ ဦးကျော်ဇင်အောင်) **နှင့်** ၁။ ဦးစိုးနိုင် ၂။ ဒေါ်ခင်စန်းဝေ

(တရားလို) (တရားပြိုင်များ)

ပဲခူးတိုင်းဒေသကြီး၊ နတ်တလင်းခရိုင်၊ နတ်တလင်းမြို့နယ်၊ ရွာမရပ်ကွက်၊ တာပွန်လမ်း၊ အမှတ် (၅၉)နေ တရားပြိုင်များဖြစ်သည့် ဦးစိုးနိုင်နှင့် ဒေါ်ခင်စန်းဝေ (ယခုနေရပ်လိပ်စာမသိသူများ)တို့ သိစေရမည်။

အထက်အမည်ပါ မြန်မာနိုင်ငံသားများဘဏ်လီမိတက် (၎င်းဘဏ်၏ ကိုယ်စား ပြည်ဘဏ်ခွဲ ချေးငွေဌာနတာဝန်ခံ ဦးကျော်ဇင်အောင်)က ဤရုံးသို့ သာယာဝတီခရိုင် တရားရုံး၏ ၂၀၁၄ ခုနှစ်၊ တရားမကြီးမှု အမှတ်-၁၁၊ အပေါင်ဒီကရီရလိုမှုတွင် ချမှတ်သည့် ဒီကရီကျငွေမှ ရရန်ကျန်ရှိသည့် မပြေကျန်ငွေ ၈၇၂၁၀၉၄၄.၉၅ ကျပ်အတွက် ပုဂ္ဂလိကဒီကရီရလိုသည့် အကြောင်းနှင့် လျှောက်ထားသည်ဖြစ်၍ သင်က ဤလျှောက်လွှာအတိုင်း အမိန့်မချသင့်ကြောင်း အကြောင်းပြရန် ၂၀၂၄ ခုနှစ်၊ ဇွန်လ ၁၉ ရက် (၁၃၈၆ ခုနှစ်၊ နယုန်လဆန်း ၁၃ ရက်) မွန်းမတည့်မီ ၁၀ နာရီအချိန်တွင် သင်ကိုယ်တိုင်ဖြစ်စေ၊ သင့်ရှေ့နေဖြစ်စေ ဤရုံးသို့ လာရောက်ရမည်။ မလာရောက်ခဲ့လျှင် အဆိုပါ လျှောက်ထားချက်ကို သင့်မျက်ကွယ်တွင် တစ်ဖက်သတ် ကြားနာ စစ်ဆေးဆုံးဖြတ်လိမ့်မည်။

၂၀၂၄ ခုနှစ်၊ ဇွန်လ ၅ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ် လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(စန်းသိင်္ဂီ)**
**ခရိုင်တရားသူကြီး**
**နတ်တလင်းခရိုင်တရားရုံး**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
## (တရားမကျင့်ထုံးဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
## တောင်ကြီးမြို့နယ်တရားရုံးတော်၌
## ၂၀၂၄ ခုနှစ်၊ တရားမကြီးမှုအမှတ်-၂၄

ဒေါ်သင်းသင်းအေး **နှင့်** ၁။ ဦးညိုတုတ် ၂။ ဦးကျော်ကျော်လင်း

**တရားလို** **တရားပြိုင်များ**

တောင်ကြီးမြို့နယ်၊ အေးသာယာမြို့၊ အမှတ်(၂)ရပ်ကွက်၊ အမှတ်(၄၆/၈၁)နေ (၁) တရားပြိုင် ဦးညိုတုတ်နှင့် တောင်ကြီးမြို့၊ ညောင်ဖြူစခန်းရပ်ကွက်၊ ဗိုလ်ချုပ်အောင်ဆန်းလမ်းနေ (၂) တရားပြိုင် ဦးကျော်ကျော်လင်း (ယခုနေရပ်လိပ်စာ မသိသူတို့) သိစေရမည်။

သင့်အပေါ် တရားလို ဒေါ်သင်းသင်းအေးက အိမ်မြေအရောင်းအဝယ်မှတ်ပုံတင်ပေးစေလိုမှု လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်တို့ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်တို့ကိုယ်စားလှယ်ရုံး အခွင့်အမိန့် အရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်လိုက်ပါ၍ ဖြစ်စေ ၂၀၂၄ ခုနှစ်၊ ဇွန်လ ၂၁ ရက် (၁၃၈၆ ခုနှစ်၊ နယုန်လပြည့်) မွန်းမတည့်မီ (၁၀း၀၀)နာရီတွင် အထက်အမည် ရေးသားပါရှိသူတို့က တရားလိုစွဲဆိုချက်ကိုထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းအပြင် သင်တို့သိစေရမည်မှာ အထက်ကဆိုခဲ့သည့်ရက်တွင် သင်မလာမရောက်ပျက်ကွက်ခဲ့လျှင် သင်တို့၏ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုကကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်တို့က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်တို့နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင်တို့ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်တို့က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၄ ခုနှစ်၊ ဇွန်လ ၇ ရက်နေ့တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ် လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(နန်းအေးမြသီရိ)**
**တွဲဖက်မြို့ နယ်တရားသူကြီး(၁)**
**တောင်ကြီးမြို့နယ်တရားရုံး**

## အမည်မှန်ဖြစ်ပါကြောင်း

ဟိုပင်မြို့၊ မြဇေယျာရပ်ကွက်၊ နယ်မြေ(၅)၊ ချောင်းသာယာရပ်နေ ဦးရဲရင့်ဇော် ၁/မညန(နိုင်) ၂၀၅၀၁၅ ၏ သား အထက(ဟိုပင်) Grade-2 မှ မောင်ချစ်စန်းဇော်၏ အမည်မှန်မှာ မောင်ကောင်းခန့်ဇော် ဖြစ်ပါကြောင်း။

**မောင်ကောင်းခန့်ဇော်**

## မွေးသက္ကရာဇ်အမှန်

မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာမြို့ Scholar ကိုယ်ပိုင်အထက်တန်းကျောင်း Grade12တွင် ပညာသင်ကြားနေသော(ဘ)ဦးဇော်အောင်လေး၏သားဖြစ်သူ မောင်သူရထက်အောင်၏ မွေးသက္ကရာဇ်အမှန်မှာ မွေးစာရင်းအရ ၂၅-၁၁-၂၀၀၅ ဖြစ်ပါကြောင်း။

## သားအဖြစ်မှ အမွေပြတ် စွန့်လွှတ်ကြောင်း

မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာမြို့၊ကျီတော်ကုန်းရပ်ကွက်၊ နယ်မြေ(၅)၊ စည်သူလမ်းနေ ကျွန်မဒေါ်ခင်ပို၏ သားဖြစ်သူ မောင်ဇော်လှိုင်ထူး ၉/မထလ (နိုင်)၂၅၃၂၂၄သည် မိခင်ဖြစ်သူ၏ ဆိုဆုံးမမှုကို နာယူခြင်းမရှိဘဲ မိမိ သဘောဆန္ဒအတိုင်း ပြုမူနေထိုင်ပြီး မိခင်ဖြစ်သူအား စိတ်ဆင်းရဲ အောင်အကြိမ်ကြိမ်ပြုလုပ် လျက်ရှိသောကြောင့် ၎င်းအား ယနေ့မှစ၍ သားအဖြစ်မှ အမွေ ပြတ်စွန့်လွှတ်ကြောင်းနှင့် နောင်တွင် ၎င်းနှင့်ပတ်သက်သော ကိစ္စအဝဝကို တာဝန်ယူဖြေရှင်း ပေးမည်မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**(စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)**

**မိခင်- ဒေါ်ခင်ပို**

## ဒီကရီကိုအတည်ပြုရန် အမိန့်မထုတ်သင့်ကြောင်းထုချေစေရန် အကြောင်းကြားစာ
## (တရားမကျင့်ထုံးဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၂၂)
## သဃ်န်းကျွန်းခရိုင်တရားရုံး
## ၂၀၂၂ ခုနှစ်၊ တရားမကြီးမှုအမှတ်-၁၂၆ နှင့်ဆက်နွှယ်သည့်
## ၂၀၂၄ ခုနှစ်၊ တရားမဇာရီမှုအမှတ်-၅၀

မြန်မာနိုင်ငံသားများဘဏ်လီမိတက် (၎င်းဘဏ်၏ကိုယ်စား ဦးအောင်မိုး မန်နေဂျာ) **နှင့်** ၁။ ဒေါ်မာလာမြင့် ၂။ ဒေါ်ရီရီမြင့် (၎င်း၏အခွင့်ရကိုယ်စားလှယ် ဦးခင်ဦးမောင်)

**ဒီကရီအနိုင်ရသူ** **တရားရှုံးများ**

ရန်ကုန်တိုင်းဒေသကြီး၊ သဃ်န်းကျွန်းမြို့နယ်၊ (၂၉)ရပ်ကွက်၊ ခနအောင်လမ်းသွယ်၊ အမှတ်(၁၂၄)နေ (၁)တရားရှုံး ဒေါ်မာလာမြင့်(ယခုနေရပ်လိပ် စာမသိ) သိစေရမည်။

၂၀၂၂ ခုနှစ်၊ တရားမကြီးမှုအမှတ် ၁၂၆ တွင်ကျရှိသည့် ဒီကရီကို အတည်ပြုလုပ်ရန် ဤရုံးတော်တွင် တရားနိုင်က လျှောက်ထားသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် အတည်ပြုလုပ်စေရန် အမိန့်ကိုမထုတ်သင့်ကြောင်း အကြောင်းတစ်ခုခုရှိလျှင် ချေဆိုရန် သင်ကိုယ်တိုင်ဖြစ်စေ၊ ရှေ့နေ သို့မဟုတ် အခွင့်ရကိုယ်စားလှယ်ဖြင့်ဖြစ်စေ ၂၀၂၄ ခုနှစ်၊ ဇွန်လ ၂၇ရက် (၁၃၈၆ ခုနှစ်၊ နယုန်လဆုတ် ၆ ရက်) မွန်း မတည့်မီ ၁၀နာရီတွင် ဤရုံးတော်ရှေ့လာရောက်ရမည်။

၂၀၂၄ ခုနှစ်၊ ဇွန်လ ၇ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ် လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(မိုးကြည်မောင်)**
**တွဲဖက်ခရိုင်တရားသူကြီး(၁)**
**သဃ်န်းကျွန်းခရိုင်တရားရုံး**

## အမည်ပြောင်း

ထားဝယ်မြို့၊ ဆန်းချီမြို့သစ်(၂) လမ်း၊ ရေသာလမ်းနေ ဦးအောင်ကျော်လတ် - ဒေါ်ကေသီဖြူ တို့၏ သမီး အမက(မူလွန်) ဆန်းချီ၊ Grade-4မှ မသဥ္ဇာဝင့်အောင်အား မသဥ္ဇာလင်းထက်ဟုပြောင်းလဲခေါ်ဆိုပါရန်။

**မသဥ္ဇာလင်းထက်**

## ဖခင်အမည်မှန်

ထားဝယ်မြို့၊ မြို့သစ် (၈)လမ်းနေ အထက(၁) ထားဝယ် Grade-7 မှ မသက်နှင်းဖြူနှင့် Grade-2မှ မောင်ရှိန်းထက်နိုင်တို့၏ ဖခင် ဦးမောင်ဖြူအေး ၏ အမည်မှန်မှာ ဦးဖြူအေး ၆/လလန(နိုင်)၀၉၉၉၃၅ ဖြစ်ပါကြောင်း။

**ဦးဖြူအေး**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၂၁ယ/၃၇၆၅၅, Honda Dream ND 125 M/C ယာဉ်လက်ဝယ်ရှိသူ ဦးထွန်းမြင့် ၆/လလန(နိုင်) ၀၂၅၀၀၅က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက် နိုင်ပါသည်။

**ကညန၊ တိုင်းဒေသကြီးဦးစီးမှူးရုံး**
**(ထားဝယ်)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၈၀ယ/၇၅၀၉, Honda Dream 125 M/C ယာဉ်လက်ဝယ်ရှိသူ ဦးတင်မြတ်အောင် ၆/ထဝန(နိုင်) ၀၀၁၈၅၈ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀အတွင်း အောက်ဖော်ပြပါ ရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တိုင်းဒေသကြီးဦးစီးမှူးရုံး**
**(ထားဝယ်)**

## အများသိစေရန် နှင့် ကန့်ကွက်နိုင်ကြောင်းကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ ဒလမြို့နယ်၊ မြေတိုင်းရပ်ကွက်(၁)၊ လူနေရပ်ကွက်အမှတ် တပင်ရွှေထီး၊ မြေကွက်အမှတ် ၅၇၃(ခ)၊ မြေကွက်လိပ်စာ ဗိုလ်တေဇ(၁၁)လမ်း၊ အမှတ် ၅၇၃(ခ) ဟုခေါ်တွင်သော အကျယ်အဝန်း အလျား (၂၀)ပေ x အနံ(၆၀)ပေ မြေကွက်သည် ဦးတင်ရွှေလေး အမည်ပေါက် ဂရန်မြေကွက်ဖြစ်ပြီး အဆိုပါမြေကွက်ကြီးအနက်မှ အလျား(၁၀)ပေ x အနံ (၆၀)ပေ ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိနေအိမ်မီးအပါအဝင် အိမ်ခြံမြေနှင့် ပတ်သက်သော အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ဆက်စပ်စာချုပ်များဖြင့် ဝယ်ယူပိုင်ဆိုင်ထားသော ဦးရဲရင့်အောင် ၁၂/ဒလန(နိုင်)၀၆၆၀၅၂ က လက်ရှိ ပိုင်ဆိုင်ပြီး အရှုပ်အရှင်းကင်းရှင်းကြောင်း ဝန်ခံကတိပြုလျက် အပြီးအပိုင် လွှဲပြောင်းရောင်းချရန် ကမ်းလှမ်းသဖြင့် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်နှင်းမြတ်စိုး ၁၂/ဥကမ(နိုင်) ၀၁၆၄၉၆ မှ အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီးဖြစ်၍ ကန့်ကွက်ရန်ရှိပါက (၁၇-၆-၂၀၂၄)ရက် နောက်ဆုံးထားပြီး ကျွန်ုပ်ထံသို့ ပိုင်ဆိုင်မှုစာရွက်စာတမ်းမူရင်း အပြည့်အစုံဖြင့် လာရောက် ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်ရန်မရှိပါက အထက်ဖော်ပြပါ နှစ်ဦးသဘောတူ အိမ်ခြံမြေအပြီးအပိုင် အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးမြောက်အောင်ဆောင်ရွက်သွားမည် ဖြစ်ကြောင်းအများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်နှင်းမြတ်စိုး (၁၂/ဥကမ(နိုင်)၀၁၆၄၉၆) ၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ဆုပြည့်ကျော် (LL.B)**
**အထက်တန်းရှေ့နေ (စဥ်-၄၅၉၅၂)**
**အမှတ်(၁၀၄)မင်းရဲကျော်စွာလမ်း၊ (၁)ရပ်ကွက်၊**
**ဝေဘာဂီမြို့သစ်၊ မြောက်ဥက္ကလာပမြို့နယ်၊**

## အိမ်အရောင်း
## (၆၀ ပတ်လည်(ဒေါင့်)

ဒဂုံမြို့သစ် (အရှေ့ပိုင်း-၁) တိုးချဲ့၊ မ/ဒဂုံ ၅၀ ကွေ့ ရာဇသင်္ကြန်လမ်းအနီး။

**ဖုန်း-၀၉-၂၅၃၃၀၆၄၈၁၊**
**၀၉-၅၁၅၂၇၅၉**

## ပတ်စ်ပို့ပျောက်ဆုံးကြောင်း

ရခိုင်ပြည်နယ်၊ ကျောက်ဖြူမြို့နေ ဦးဖိုးဝင်း၏သမီး မအိအိထွန်း ၇/လပတ(နိုင်)၁၁၄၂၂၉၏ နိုင်ငံကူးလက်မှတ် နံပါတ် M -993894 မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၇၇၂၅၁၀၀၇**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာခြင်း

